နိုင်ငံတော် ကမ္မဋ္ဌာနာ စရိယ

**ဉာဏစာရီမဟာထေရ်၏**

စီရင် ရေးသားအပ်သော

အရိယာ့လက်စွဲ ခေါ်

# ဗုဒ္ဓဗျာဒိတ်တော်ကျမ်း

အဝိဇ္ဇာတစုကို ဝိဇ္ဇာတခုက ပြာချခဏ်း

၂၅၀၀–ပေါ်သည့်စာ

(ဝိပဿနာပက္ခိကနှင့်ပိဋကတ်ရုံပုံငွေအတွက်)

ဓမ္မဒါနအဖွဲ့မှ ပုံနှိပ်ထုတ်ဝေသည်



ဗုဒ္ဓာသယ ပိဋကတ် ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၂၄-လမ်း၊
ရန်ကုန်မြို့။

၂၁၅၈၄

ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏

နာယကနှင့်

မော်လမြိုင်မြို့ ပဋိပတ္တိဝိပဿနာ သာသနာပြုအသင်းကြီး၏

ဩဝါဒါစရိယ–မဟာနာယက ဆရာတော်

ဖြစ်တော်မူသော

**ဉာဏာစာရီမဟာထေရ်**

စီရင် ရေးသားအပ်သော

အရိယာလင်္ကာ ခေါ်

# ဗုဒ္ဓဗျာဒိတ်တော်ကျမ်း

—— ◆ ——

အဝိဇ္ဇာတစုကို ဝိဇ္ဇာတခုက ပြာချခြင်း

၂၅၀၀–ပေါ်သည့်စာ

(ဝိပဿနာပက္ခိကနှင့်ပိဋကတ်ရုံပုံငွေအတွက်)


**ဓမ္မဒါနအဖွဲ့မှ ပုံနှိပ်ထုတ်ဝေသည်။**

ကုဏ္ဍာသယ ပိဋကတ် ပုံနှိပ်တိုက်

အမှတ် ၁၁၃၊ ၂၄-လမ်း၊

ရန်ကုန်မြို့။

၁၃၁၈-ဝါခေါင်လ (အုပ်ရေ ၃၀၀၀)



ဉာဏစာဂီ မဟာထေရ်ပုံ

# နိဒါန်း

## ဥပမာ ငွေ (၁၀) ထဲနှင့် တသံသရာလုံး ဖြေ-ဆင့် ရသွားပါမည်။ ဝိပဿနာ အားထုတ်တော့လဲ ဤအတိုင်းပါဘဲ။

(အက္ခရာ ကေမေကဋ္ဌ၊ ဗုဒ္ဓရူပ သမံ သိယာ) ဟူသော ဂါထာအရ စာတလုံး ဘုရားတဆူ အက္ခရာတလုံး ဘုရားတဆူဖြစ်သောကြောင့်ရင်း (ယောခေါ အာနန္ဒ မယာဓမ္မော စဝိနယောစ၊ ဒေသိတော၊ ပညတ္တော၊ သောဝေါ မမစ္စယေန သတ္ထာကံသတ္တာ) ဟူသော မဟာ ပရိနိဗ္ဗာနသုတ် ပါဠိတော် အရဖြင့်၎င်း ဓမ္မက္ခန္ဓာ (၈၄၀၀၀)သည် ဘုရားပေါင်း (၈၄၀၀၀)ဘဲဟု ကိုးကွယ်ပြီး ထားရတာမို့ ငွေ(၁၀)နှင့် တသံသရာလုံး ဒွေးတော့မည်။

### ငွေ(၁၀)ထဲနှင့် တသံသရာလုံး (ဖြေ)ဆင့် ရသွား ရမည်မှာ

အသင်ချေယျ အနန္တမျှ မကသော သူဌေး ကြီးတို့ ဘဝများ၊ ထိုအတူ သူကြွယ်တို့ ဘဝများ၊ ပဒေသရာဇ် ဘဝများ၊ ဧကရာဇ် စကြာဝတေး၊ မန္ဓာတ်မင်း၊ စာတု

မဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာ၊ ဝသဝတ္တိ၊ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ၊ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ၊ ပရိတ္တ သုဘာ၊ အပ္ပမာဏာသုဘာ၊ သုဘ ကိဏှာ၊ ဝေဟပ္ဖိုလ်၊ အသညသတ်၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌာ၊ အာကာသာနဉ္စာယတန၊ ဝိညာနဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတန၊ ဝိဇ္ဇာရ၊ အဘိညာဉ်ရ၊ သမာပတ်ရ၊ ဈာန်ကိုးဈာန်ရ၊ ပဋိသမ္ဘိဒါ၊ မဂ်၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်၊ အပါယ်တံခါးပိတ်၊ ဆင်းရဲသံသရာပြတ်၊ ဘုံစဉ်စုံ၊ သိဒ္ဓိကြီးကိုးတန်ရ၊ လှချင်တိုင်းလှ၊ ချောချင်တိုင်းချော၊ ပေါချင်တိုင်းပေါ၊ ဌေးချင်တိုင်းဌေး၊ ဧချင်တိုင်းဧ၊ တိုးချင်တိုင်းတိုး၊ တက်ချင်တိုင်းတက်၊ မြင့်ချင်တိုင်း မြင့်၊ ကြွယ်ချင်တိုင်း ကြွယ်၊ ကမ္ဘာ့သခင်၊ ကမ္ဘာ့ဘုရင်၊ ကမ္ဘာ့အရှင်၊ ထာဝစဉ်ဖြစ်၊ ရွှေမိုးငွေမိုးရွာ၊ ရွှေအိုးငွေအိုးပေါ်၊ ရွှေတောင်ငွေတောင်ပေါက်၊ ရွှေပဒေသာ ငွေပဒေသာရောက်၊ အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပရိမာဏ၊ အပရိစ္ဆိန္န၊ မဟာနုဘာဝ၊ အကျိုးကြီးပေါင်း (၆၇)မျိုး ဘဝတိုင်းရ၍ သံသရာ တလျှောက်လုံး ပြီးရခွင့်ရပျော်ရ ပါတော့မည်။ အစဉ်သာကေမျိုးကား ၃၃-ဆင့် ဒုတိယတွဲ၌ ပါရှိ၏။ အဲဒါ ငွေ(၁၀)ထဲနှင့် တသံသရာလုံး သွမ်းမိုးနိုင်သော ၆၇-ဆင့် ရသွားပုံတည်း။

## ငါတို့သွား၍ နေသော လမ်း* သဲလုံးအမျှ မြတ်ဗုဒ္ဓတို့၏ မျှာဒိတ်တော်

**ပရမတ္ထ သစ္စာ၊ ဒိဋ္ဌိပဋိပက္ခာ၊ မူလဋီကာကြီး မဟာဋီကာကြီးပါ၌။**

[ပရမတ္ထ သစ္စာ၊ ပရမတ်တရားလဲဖြစ် သစ္စာတရားလဲ ဖြစ်၍ နေသော ခတ်ကြီးခြောက်ပါး ရုပ်,နာမ်, ၂-ပါး သည်။ ဒိဋ္ဌိပဋိပက္ခာ၊ သက္ကာယဒိဋ္ဌိ-၂၀။ အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါး။ နိယတမိစ္ဆာဒိဋ္ဌိ ၃-ပါး။ မဟာ မိစ္ဆာဒိဋ္ဌိ ၆၂-ပါး။ ပါသဏ္ဍဒိဋ္ဌိ ၉၆-ပါးတို့၏ ဆန့်ကျင်ဘက် ပေတည်း။ဝါ၊ ဒိဋ္ဌိအားလုံးကို ပယ်နိုင် သတ်နိုင်ပြာချနိုင်ပါ ပေ၏။ ဇဝံ၊ ဤသို့ ဒိဋ္ဌိကို ပယ်သတ်နိုင်သည့် ရှိသော်။ အပါယာ၊ အပါယ်လေးဘုံမှ။ ဝိမုတ္တာ၊ ကျွတ်လွတ် ရကုန် တော့၏။ ပရမတ္ထဆိုတာ ခတ်ခြောက်ပါးပါဘဲ။ ဝါ၊ ရုပ်, နာမ် ၂-ပါးပါဘဲ မြဲမြဲမှတ်ပါ။သစ္စာဆိုတာခတ်ခြောက် ပါးပါဘဲ။ ဝါ၊ ရုပ်,နာမ် ၂-ပါးပါဘဲ စွဲစွဲမှတ်ပါ။ **အဲဒီ** အကြောင်းတရားကို ရ၍ထားတော့၊ **အဘယ်အကျိုးများ ပေးနိုင်ပါသလဲဆိုလျှင်** ဒိဋ္ဌိအားလုံး ကွာရခြင်း။ အပါယ် လေးဘုံမှ လွတ်မြောက်ရခြင်း။ ဘုံစဉ်စံ၍ တသန်ထဲတက် သွားရခြင်း။ သိဒ္ဓိကြီးကိုးတန်နှင့် နိဗ္ဗာန်အထိ ချမ်းသာ ရခြင်း။ ၆၇-ဆင့်ရ၍မြင့်ချင်တိုင်း အမြင့်ဆုံးကနေရခြင်း။ အဲဒါတွေကိုရ၍ **ဆင်းရဲ သံသရာပြတ်ရခြင်း အကျိုးကို ရလေသည်**]။

ဉာဏစာရီ-မဟာထေရ်၏ တပည့်မှန်သမျှ တို့သည် အာဂုံနှုတ်တက်အရကျက်၍ ဖျားနာသောအခါ၊ သေခါနီး

အခါ၊ ပရိသတ်ပွဲသဘင်၌ ၂၃ဆင် ဆွေးနွေးသော အခါ များတွင်၊ တည်ရာမှီရာ၊ ပိုးအောင်းရာ၊ လည်းလျောင်းရာ၊ အားကိုးရာ၊ အားထားရာ ဖြစ်ပါစေလိမ့်မည်။

(အထက်ပါ ကွင်းပိတ်အတွင်းမှ စာများကို ကျက်မှတ်ပါလေ)

(ဓမ္မသင်္ဂဏီပတ္တိ၊ မဟာတောစ၊ အဋ္ဌသာ၊ သိဒ္ဓိဟောတိ၊ မူလဋီကာကြီးပါ၌။ တရားကျင့်နေသူများဟာ မဟာအဋ္ဌ သိဒ္ဓိကြီး ပြီးစီးသွားပုံတည်း၊) (ဓမ္မသင်္ဂဏီပတ္တိ ရုပ်,နာမ် တရားနှင့် ပြည့်စုံ နေသူသည်။ မဟာတော၊ ကြီးမား လှစွာသော။ အဋ္ဌသိဒ္ဓိ၊ အကျိုး၏ ပြီးစီးခြင်းသည်၊ ဟောတိ၊ဖြစ်၏၊ အနက်တည်း)။

ပရမာနံ ဘာဝေါ ပါရမီ။ ပရမာနံ ကမ္မံ ပါရမီ။ ရူပ သိဒ္ဓိဋီကာပါ၌။ ပရမာနံ၊ မြတ်ကုန်သော ယောဂီတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ ပါရမီ၊မြတ်ကုန်ယောယောဂီတို့၏ အဖြစ်။ ပရမာနံ၊ မြတ်ကုန်သော ယောဂီ တို့၏။ ကမ္မံ၊ အားထုတ်မှုပင်တည်း။ ပါရမီ၊မြတ်ကုန်သောယောဂီတို့၏ အားထုတ်မှု။ ဝိပဿနာ အားထုတ်မှုဟာ ပညာပါရမီ အမြင့်ဆုံးပင်တည်း။ပါရံ နိဗ္ဗာနံ ယန္တိ ဧတာယာတိ ပါရမီ။ ဧတာယ၊ ဤပါရမီ ၁၀-ပါးဖြင့်။ ပါရံ နိဗ္ဗာနံ၊ နိဗ္ဗာန်တဘက် ကမ်းသို့။ ယန္တိ၊ ရောက်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ နိဗ္ဗာန် တဘက်ကမ်းသို့ ရောက်ကြောင်း ဖြစ်ပါ သောကြောင့်။ပါရမီ၊ပါရမီမည်၏။ဝါ၊နိဗ္ဗာန်သို့ရောက်စေ သော တရားမည်၏။

အရိယာ လက်ခွဲခေါ်

ဝိပဿနာ

# မုခ္ခဗျာဒိတ်တော်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

## ၁။ သာသနာတော်မြတ်ကြီးသည် နိယျာနိက အစစ်ဖြစ်ပုံ

မမ နိယျာနိကေ သာသနေ
ပဗ္ဗဇိတွာ ကဿာ ဝိရိယံ ဩသဇ္ဇိ။

၅၅၀ ဇာတ် အဋ္ဌကထာများ၌ ပါရှိပုံ။

မမ၊ ငါဘုရားကြီး၏။ နိယျာနိကေ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော။ သာသနေ၊ အဆုံးမဩဝါဒ၊ သာသနာတော်မြတ်ကြီး၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပါလျက်။ ကဿာ၊ အဘယ့်ကြောင့်။ ဝိရိယံ၊ ဝိရိယကို။ ဩသဇ္ဇိ၊ စွန့်လွှတ်ဘိသနည်း။

မြတ်စွာဘုရား၏ သာသနာတော်ကြီးဟာ ၂၄-သချေ ကုဋေ (၆၀) မိုလ်ခြေတာသိန်းတို့ကို ပုထုဇဉ် အဖြစ်မှ

အရိယာ အဖြစ်သို့ ရောက်စေ ပါတယ်။ ဝိပဿနာ တက္ကသိုလ်ကျောင်းကြီး၏အစဥ် အဘိုးတန်လူများ၊နတ်များ၊ ဗြဟ္မာများတောင် သာသနာတော်ကြီး၌ ခိုမှီးကျွတ်လွတ် ရပုံက သက်သေပြထားပါသည်။ ဉာဏ်ရှိသလို ချဲ၍ ပြောပြကြပါကုန်။

## ၂။ ဘုရားရှင်ကြီးက သာသနာ-၅၀၀၀ ထားတာ ကျွတ်ဘို့တဲ့

သာသနာ ၅၀၀၀ ထားခဲ့တဲ့အတိုင်း ဘုရားမရှိသည့် နောက်မှာ ၅၀၀၀-အတွင်း ကျွတ်ကြတာများ သာသနာ သင်္ကြာရာဇ် (၂၁၈) ကစ၍ သီရိဓမ္မာသောကမင်းတရား ကြီး၏ လက်ထက်၌ ရဟန္တာချည်း ကုဋေနှစ်ရာကျော်ဟု တွေ့ရပါသည်။ (၅၀၀) အတွင်း၌ အရှင်နာဂသိန်တို့ လက်ထက် ရဟန္တာ ကုဋေတရာကျော်ရှိကြောင်းလာ၍ သာသနာတော်(၅၀၀၀)၏ တန်ဘိုးကို သိရပါသည်။

## ၃။ သာသနာတော်-၅၀၀၀၌အဆင့် အတန်းနှင့်ထားခဲ့ပုံ

| | | |
|---|---|---|
| ပဋိသမ္ဘိဒါပတ္တ | ရဟန္တာခေတ် (၁၀၀၀) တဲ့ | တိကျပုံ, |
| ဆဠဘိညာ | ရဟန္တာခေတ် (၁၀၀၀) တဲ့ | ခြားနားပုံ, |
| တေဝိဇ္ဇ | ရဟန္တာခေတ် (၁၀၀၀) တဲ့ | ပြတ်သားပုံ, |
| သုက္ခဝိပဿက | ရဟန္တာခေတ် (၁၀၀၀) တဲ့ | ထူးခြားပုံ, |
| အနာဂါမ် | အရိယာခေတ် (၁၀၀၀) တဲ့ | သီးသန့်ပုံ, |

အရိယာခေတ်ကြီးငါးရပ်၌ အရိယာဖြစ်ပုံ မတူကြဘဲ ပုံစံအတိုင်း သီးသန့်၍ ထူးခြား၍ ခြားနား၍ ပြတ်သားစွာ ထားခဲ့ပါသည်။

### ၄။ ကျွတ်လွတ်မည့် ပုဂ္ဂိုလ်များလဲ အရေအတွက်နှင့်ပင်

ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ကြီးအတွင်း၌ ကျွတ်လွတ်ရမည်ကို ဂဏန်းနှင့် အရေအတွက်နှင့် တိမတ်စွာ ပြတ်သားစွာ ခြားနားလျက် ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေ တသိန်း ကျွတ်မည်ဟု ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီး ဟောပေါ် ပြသ ထားခဲ့ပါပေသည်။

### ၅။ ချွတ်မည့် တရားတော်များ ဘုရားကိုယ်တော်စား

ဝိဒုကတ်ကသုံးပုံ၊ နိကာယ်ကငါးဖြာ၊ အင်္ဂါကကိုးတန်၊ ဓမ္မက္ခန္ဓာက ၈၄၀၀၀၊ ဆဲဒီတရားတော်တွေဟာ ဘုရား၏ ကိုယ်တော်အစား သတ္တဝါတို့၏ အနုသယ ကိလေသာ ရောဂါကို ပယ်နှုတ်၍ သံသရာထောင်ချုပ် မှ ကယ်နှုတ်မည့် ဘုရားကြီးတွေ ပါဘဲ၊ စာတလုံး ဘုရားတဆူ၊ အက္ခရာတလုံး ဘုရားတဆူ ဤအကြောင်းကို ဝိပဿနာ (၃၃)ဆင့် ကျမ်း၌ ချဲ့ထွင် ရေးသားခဲ့ပြီး၍ အကျဉ်းမျှ ပေါ်ပြရပါသည်။

### ၆။ ကုန်ခန်းမည့် ရောဂါတွေကတော့

သက္ကာယဒိဋ္ဌိ ရောဂါများ, ဝိစိကိစ္ဆာ ရောဂါများ, အဝိဇ္ဇာရောဂါများ, တဏှာရောဂါများ, မာနရောဂါများ ပါဘဲ။ ချဲ့လျှင် အာသဝ-၄, ဩဃ-၄, ယောဂ-၄, ဥပါဒါန်-၄, ဂန္ထ-၄, နီဝရဏ-၆, အနုသယ-၇, သုတ္တန်

သံယောဇဉ် ၁၀, အဘိဓမ္မာသံယောဇဉ် ၁၀,ကိလေသာ ၃, ကိလေသာ-၁၀, ကိလေသာ-၁၅၀၀ မှ စ၍ ကဘေး ခဘေး, ဂဘေး, ဃဘေး, စသော ၃၁-ဘုံ၌ ဖြစ်ရမည့် ဘေးတွေအားလုံး ပြောကျုံရမည်တဲ့။

### ၇။ ဘုရားကိုယ်စား ကယ်ချွတ်မည့် ဗုဒ္ဓ သုံးမျိုး

ဘုရားကြီး ပရိနိဗ္ဗာန် ပြုပြီးသည့် နောက်၌ သာသနာ (၅၀၀၀) အတွင်းဝယ် တာဝန်ယူ၍ ကယ်ချွတ်မည့် ကိုယ်စားတော် ဗုဒ္ဓတွေ သည်ကား- ပကတိ သာဝက, မဟာသာဝက, အဂ္ဂသာဝက ဟူကုန်သော သာဝက ဗုဒ္ဓ တွေကတစ၊ ခန္ဓာ့ဗြာရော ကျွန်မကဲ့သို့ သာတာဂိရ,ဟေမဝ တာရကဲ့သို့ မဟာဗုဒ္ဓဃောသ ကဲ့သို့ အရိယာဖြစ်အောင် နည်းပေး လမ်းပြ နိုင်သော အနု ဗုဒ္ဓတွေ, ယခုကာလ သာသနာပိုင်၊ ဂိုဏ်းချုပ်, ဂိုဏ်းအုပ် စာချ ဆရာတော် များကဲ့သို့ သုတဗုဒ္ဓတွေ၊ ဤ၃-စုက သတ္တဝါတွေ ကျွတ် လွတ်ကြအောင် လမ်းမှန် နည်းပြ၍ ပုထုဇဉ် ဘဝမှ အရိယာဘဝ ရောက်အောင် ဟောပြကြ ပါလိမ့်မည်။

### ၈။ နိယျာနိကသာသနံဆိုတာ တရားတော်ဂုဏ် ၆-ပါးနှင့် ပြည့်စုံမှ

**သွာက္ခာတ—** ဟော တိုင်းတွေ့ တွေ့တိုင်း ဟော အဟော အတွေ့ ညီမျှ။

**သံဒိဋ္ဌိက—** ခန္ဓာ၌ ဌာနစသော၇-ပါးနှင့် တွေ့မြင် နေရမည်။

**အကာလိက—** ခန္ဓာ၌ ရှုတိုင်းရှုတိုင်း ရ၍ နေရမည်။

**ပေါ်ပသီကာ**— ခန္ဓာ၌ ပေါ်သဖြင့် နာမ်က သိသိ နေရမည်။

**ဩပနေယျိကာ**—တစ တစ ညက် ၁၀-ပါးသို့ ကပ် ကပ် ဆောင်ရမည်။

**ပစ္စတ္တံဝေဒိတဗ္ဗ**-မိမိ တဦး ထဲသာတွေ့၍ ကျေနပ် နေရမည်။

ဤလို ဂုဏ် ၆-ပါးရှိသော တရားမျိုးမှ နိယျာနိကပါ, သာသနာပါ, သဒ္ဓမ္မပါ, ဝိပဿနာပါ, အဘိ ဓမ္မာပါ, အလယ်က ရတနာ အစစ်ပါဘဲ။

### ၉။ ချောက်ကျ မျှောက်လှ ကယ်ဆယ်ပုံ နမူနာ

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းနန်းစံတော့ ဘုရား အလောင်းက မျှောက်မျိုး၌ ဖြစ်ပါရော။ ပုဏ္ဏား တဦး ဟာလဲ အတောင် ၆၀-ရှိသောချောက်ထဲ၌ ကျပါရောတဲ့။ ငိုသံကြားတော့ သွားရောက်ကာ အားပေးပြီး ပုဏ္ဏား လောက်လေးသော ကျောက်ကိုထမ်းပြီး ချောက်နခမ်းသို့ ချန်တက်၍ ကြည့်တယ်။ ရောက်မှန်းသိတော့ ပုဏ္ဏားကို ထမ်းပြီး ချောက်နခမ်းသို့ ပို့တယ်။ ချောက်မှ လွတ်လျှင် ပင်ပန်းလှ သဖြင့် ပုဏ္ဏား၏ ပေါင်ပေါ်၌ ခေါင်းချ၍ မျှောက်မင်း အိပ်တယ်။ မျှောက်မင်း၏ ဥကွောင်း ကို ပုဏ္ဏားက ကျောက်နှင့်ထုသတ်တယ်။ ပုဏ္ဏားကို မျှောက် မင်းက သွေးစက်ပြ၍ လူ့နယ်သို့ ပို့တယ်။ လူ့နယ်သို့ ရောက်၍ ပုဏ္ဏားကိုလွှတ်ပြီး မျှောက်မင်းပြန်တော့ ပုဏ္ဏား မှာ မြေမျို၍ အဝီစိငရဲ၌ အကျခံရတယ်။ ဥပမေယျမှာ

ဒါ-သီ-ထ-ကယ်လို့ လူ့ပြည်ရောက် သာသနာနှင့် တွေ့ရတယ်။ဒါ-သီ-ထ-မပြုဘဲ ပျော်ပါး,မေ့ကြွားနေတာဟာ ကျောက်နှင့် ထုတာပါဘဲ။ ဒါ-သီ-ထ-က ဘဝအဆုံး ကံကုန်သည်အထိ သွေးစက်ချ၍ အကျိုး ပေးစေပါတယ်။ ကံလဲကုန်ရော ဒါ-သီ-ထ-အကျိုးပေးလဲပြန်ရော။ သတ္တဝါလဲ အပါယ်ကျပါရောတဲ့။ ချွဲ၍သိကြတော့။ ဒါန-သီလ-သမထ-ကြောင့် လူ့ဘဝရ သာသနာကြုံတုန်း၌ ကျေးဇူးရှင်ဒါန-သီလ-သမထ-ကိုကျေးဇူးဆပ်သောအားဖြင့်ပိုမို၍ ပြုကြပါကုန်။ ပျော်လား, ပါးလား, မေ့လား, ကြွားလား နှင့် စော်ကား၍ ဒါ-သီ-ထ-ကို ကျောက်ဖြင့် မထုပါနှင့်။ ဒါ-သီ-ထ- မျောက်မင်းကို ဝိပဿနာ ထမင်း ကျွေး၍ ကျေးဇူးဆပ်ပါလျှင် ဒါ-သီ-ထ-မျောက်မင်းဟာ ဝိပဿနာ ထမင်းဝ၍ ချိမပြီး လူ့နယ်မကဘဲ နိဗ္ဗာန်ဆိုတဲ့ ဇိမ်ဂေဟာသို့ အရောက် ပို့ပါလိမ့်မည်။ ဇိမ်သို့ရောက်၍ ဒါ-သီ ထ-မျောက်မင်း ပြန်၍ကွဲပေမဲ့ မြေမမျို အဝီစိသို့ မကျရတော့ဘဲ နိဗ္ဗာနသုခနှင့် နေရတော့မည်။ မသိသူကျော်သွား သိသူသာ ဖေါ် ၍ စားကြပါတော့။

### ၁၀။ ဝိပဿနာကြောင့် အပါယ်မကျနိုင် ဝဋ်ဒုက္ခမကျနိုင်ပုံ

အတ္တာနံ ခေရေနွေ စတုသု အပါယေသု ဝဋ္ဋ ဒုက္ခေသု စ အပတမာနေ ကတွာ ခေရေတီ တိခမ္မော။ သတံ ဓမ္မော သဒ္ဓမ္မော။

ဋီကာကျော် နံပါတ် ၅၆၊ ကြောင်းရေ ၅၊ ဇံ-မူ

အတ္တာနံ၊ မိမိဆိုတဲ့ ဝိပဿနာစသည်တို့ကို။ ဓာရေန္တော၊ ဆောင်ထား သူတို့ကို။ စတူသု အပါယေသု၊ အပါယ် ၄-ပါးတို့၌၄င်း။ ဝဋ္ဋဒုက္ခေသု၊ ဝဋ်ဆင်းရဲ တို့၌၄င်း။ အပတမာနေ၊ မကျစေသည်တို့ကို။ ကတ္တာ၊ ပြု၍။ ဓာရေတိ၊ ဆောင်ပို့တတ်ပေ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။ သတံ၊ အရိယာတို့၏။ ဓမ္မော၊ တရား။ သဒ္ဓမ္မော၊ အရိယာတို့၏တရား။

### ၁၁။ အကုသိုလ်ကိလေသာ ဝိပဿနာမှ ပြာချနိုင်ပုံ

ဈာယေထ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အဂ္ဂိနာ။

ဈာန သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ အကုသိုလ် ကိလေသာ တို့ကို။ ဝိပဿနာ-အဂ္ဂိနာ၊ ဝိပဿနာဆိုတဲ့ မီးဖြင့်။ ဈာယေထ၊ ပြာကျအောင်ရှို့လိုက်ကြပါကုန်လော့။

### ၁၂။ ဝိပဿနာသည် အကုသိုလ်ကို ကုန်ခန်းစေ၏

ဣဒံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။

မဂ္ဂသံယုတ် ပါဠိတော်။

ဣဒံ ကမ္မံ၊ ဤဝိပဿနာ ကံသည်။ ကမ္မက္ခယာယ၊ အကုသိုလ်ကံများ ကုန်ခန်းစေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

### ၁၃။ ဝိပဿနာမှ အနုသယ ကိလေသာချုပ်စေ၏

အနုသယ ပဋိပက္ခတ္တာ ပညာယ။

ပါရာဇိကဏ် အဋ္ဌကထာ နံပါတ် ၁၄ ကြောင်းရေ ၁၄ ဟံ-မူ။

ပညာယ၊ ဝိပဿနာ ပညာသည်။ အနုသယ ပဋိပက္ခတ္တာ၊ အနုသယ ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်စေ၏။

## ၁၄။ ဝိပဿနာမှ ဒိဋ္ဌိကို ပယ်နိုင်သည်

ပရမတ္ထ သစ္စံ ဒိဋ္ဌိ ပဋိပက္ခံ။

ပဋ္ဌပကြိုက် အဋ္ဌကထာ။

ပရမတ္ထသစ္စံ၊ ပရမတ္ထသစ္စာ ဝိပဿနာသည်။ ဒိဋ္ဌိပဋိပက္ခံ၊ ဒိဋ္ဌိ၏ ဆန့်ကျင်ဘက်တည်း။ တသ္မာ၊ ထို့ကြောင့်၊ ခေပေတိ၊ ကုန်စေ၏။

## ၁၅။ ဝိပဿနာမှ သံသရာဝဋ်က ထွက်မြောက်စေသည်

နိယျာတိ တက္ကရဿ။

ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

တက္ကရဿ၊ ထိုဝိပဿနာကို ကျင့်သော သူအား။ နိယျာတိ၊ ထွက်မြောက်စေ၏။

## ၁၆။ ဝိပဿနာသည် အဝိဇ္ဇာကို ပယ်ခွါနိုင်၏

စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် နံ့ပါတ် ၃၅၊ ကြောင်းရေ-၂၊ဟံ-မူ။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုဓာတ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဇာနတော၊ သိသော။ ပဿတော၊

မြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာတော့၏။

### ၁၇။ ဝိပဿနာသည် အပါယ်တံခါး ပိတ်နိုင်၏

စတုန္နံ ခေတ္တနံ အညတ္ထတ္ထံ ပထဝိ ခေတ္တယာ အာပေါ ခေတ္တယာ တေဇော ခေတ္တယာ ဝါယော ခေတ္တယာ နတ္တေဝ ဓမ္မေ အဝတ္တ ပသာဒေန သမန္နာဂတော အရိယ သာဝကော နိရယံဝါ တိရစ္ဆာန ယောနိယံဝါ ပေတ္တိ ဝိသယံဝါ ဥပ ပဇ္ဇိဿတိ။

တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊နံပါတ် ၁၁၈-ကြောင်းရေ-၁၊ဟံ-မူ။

စတုန္နံ ခေတ္တနံ၊ ခေတ်ကြီးလေးပါးတို့၏။ အညတ္ထတ္ထံ၊ တပါးစီနေပုံကိုရင်း။ ပထဝိခေတ္တယာ၊ပထဝီခေတ်ကိုရင်း။ အာပေါ ခေတ္တယာ၊ အာပေါ ခေတ်ကိုရင်း။ တေဇော ခေတ္တယာ၊ တေဇောခေတ်ကိုရင်း။ ဝါယော ခေတ္တယာ၊ ဝါယော ခေတ်ကိုရင်း။ ဓမ္မေ၊ ခေတ်ကြီး လေးပါး တရားတော်၌။ အဝတ္တပသာဒေန၊ မတုန်မလှုပ် သက်ဝင် ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ သော။ အရိယသာဝကော၊ အရိယာ တပည့်သားသည်။ နိရယံဝါ၊ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိယံဝါ၊တိရစ္ဆာန် ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာနှင့် အသုရကာယ်ဘုံ သို့ရင်း။ နတ္တေဝ ဥပပဇ္ဇိဿတိ၊မရောက်နိုင်သတည်း။

### ၁၈။ ဝိပဿနာကျင့် အမြိုက်နိဗ္ဗာန် သုံးစားရ၏

အမတ န္တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယ
ဂတာ သတိံ ပရိဘုဉ္ဇန္တိ။

ကေ အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယေ၊ အကြင် သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာ သတိကို။ ပရိဘုဉ္ဇန္တိ၊ သုံးစားကြကုန်၏။ တေ၊ ထိုသူ တို့သည်။ အမတံ၊ အမြိုက် နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးစားကြကုန်၏။

### ၁၉။ ဝိပဿနာကြောင့် အကျိုးကြီးမား အစီးအပွါးကြီးမားပုံ

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီ
ကတော မဟတော အတ္ထာယ မဟတော ဟိတာ
ယ မဟတော သုခါယ သံဝတ္တတိ။

ကေ အင်္ဂုတ္တိုရ် ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကောဓမ္မော၊ တခုသော ဓါတ်တရားကို။ ဘာဝိတော၊ ပွါးများခဲ့သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုခဲ့သည်ရှိသော်။ မဟတော၊ ကြီးကျယ်စွာသော။ အတ္ထာယ၊ အကျိုးငှါ။ မဟတော၊ ကြီးမားစွာသော။ ဟိတာယ၊ အစီး အပွါး အလို့ငှါ။ မဟတော၊ ကြီးကျယ်လှသော။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်ရတော့၏။

## ၂၀။ ဝိပဿနာ အဝိဇ္ဇာ, ကိလေသာ သတ် နိဗ္ဗာန်ရှိပုံ

တသ္မာ ဝေါယဲ ပုဗ္ဗဘာဂေ ဝိပဿနာဉာဏသင်္ခါ
တာယ သမ္မာဒိဋ္ဌိယာ အဝိဇ္ဇန္ဓ ကာရံ ဝိနိုဝေတွာ
ကိလေသ စောရေ ဃာတေန္တော ခေမေန ယောဂါ
ဝစရော နိဗ္ဗာနံ ပါပုဏာတိ။

ဧကေအင်္ဂုတ္တိုရ်အဋ္ဌကထာ၊ နံပါတ်-၄၁၄ ကြောင်းရေ-၁၂၊ ကဝိ-မူ။

တသ္မာ၊ ထို့ကြောင့်။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေ့အဘို့၌။ ဝိပဿနာဉာဏသင်္ခါတာယ၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်သော။ ဝေါယ သမ္မာဒိဋ္ဌိယာ၊ ဤသမ္မာဒိဋ္ဌိဖြင့်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာ တည်းဟူသော အမိုက် တိုက်ကြီးကို။ ဝိနိုဝေတွာ၊ ဖျက်ဆီး၍။ ကိလေသစောရေ၊ ကိလေသာ တည်းဟူသော ခိုးသူတို့ကို။ ဃာတေန္တော၊ သတ်ဖြတ်လျက်။ ခေမေန၊ ဘေးရန်မရှိသဖြင့်။ ယောဂါဝစရော၊ ကျင့်သော ယောဂီသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်တော့၏။

## ၂၁။ ဝိပဿနာကျင့်၍ သာဝကတို့ နိဗ္ဗာန်ရောက်ကြပုံ

သာဝကာနံ ဟိ စတုန္နံ ခေတ္တနံ ဧက ဒေသ မေဝ
သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။

မူလပဏ္ဏာသ-အဋ္ဌကထာ။

ဟိ၊ ဝိပဿနာ အကျိုးကား။ သာဝကာနံ၊ သာဝကတို့အား။ စတုန္နံ-ခေတ္တနံ ၊ခေတ်ကြီး လေးပါးတို့ကို။ ဧက

ဒေသမေဝ၊ တစိတ် တဒေသကို သာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာန္တိ၊ ရောက်ကြလေကုန်၏။

၂၂။ ဝိပဿနာကြောင့် အဆင့်ဆင့် နိဗ္ဗာန်ရပုံ

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဧကအင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကော ဓမ္မော၊ တခုသော ခတ်တရားကို။ ဘာဝိတော၊ ပွါးများ အပ်သည် ရှိသော်။ ဗဟုလီကတော၊ အကြိမ် များစွာ ပြုအပ်သည် ရှိသော်။ အဘိညာယ၊ သစ္စာလေးတန် ရုပ်နှင့်နာမ်ကို ကေန်တိတိ ပိုင်းခြား၍ သိရခြင်း အကျိုးငှါ။ သမ္ဗောဓာယ၊ သောတနှင့် သကဒါ အနာ ရဟာန် မဂ်လေးတန်ဖြင့် ကေန်တိတိ ပိုင်းခြား၍သိရခြင်း အကျိုးငှါ။နိဗ္ဗာနာယ၊ ခန္ဓာဉပါဒိ မိတ်မရှိသဖြင့် အနုပါဒိသေသ နိဗ္ဗာန် အလို့ငှါ။ သံဝတ္တတိ၊ ဆင့်ကာ ဆင့်ကာ ကျင့်ကျင့် လာသော် မြင့်ကာမသွေ ရောက်ရှိပါပေသတည်း။

၂၃။ ဝိပဿနာ တကြောင်းတည်းသော နိဗ္ဗာန်လမ်းပါ

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။

သတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံမဂ္ဂေါ၊ ဤဝိပဿနာလမ်းစဉ်သည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာ တို့မှ စင်ကြယ် ခြင်းငှါ။ ဧကာယနော၊ တကြောင်းတည်းသော လမ်းမှန်လမ်းဖြောင့်ကြီး အစစ်ပါပေတည်း။

### ၂၄။ ဝိပဿနာကြောင့် ခုနစ်ဘဝနှင့် ရဟန္တာတဲ့

သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ(လ) သတ္တ ဘဝေ ဒေတိ။

ဧက အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ဘာဝိတာ၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်သည်ရှိသော်။ (လ) သတ္တဘဝေ၊ခုနစ်ဘဝ၌။ဒေတိ၊ ရဟန္တာအဖြစ်ကို ပေးစွမ်းနိုင်ပါပေ၏။

### ၂၅။ ဒါ-သီ-ထ-၃၅-ပါး တိုကားဝိပဿနာ၏ အခြေအရံတည်း

အဝသေသာ တဿာ ပရိဝါရာ ဟောန္တိ။

သုတ္တနိပါတ် အဋ္ဌကထာ။

အဝသေသာ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်ကုန်သော ဒါန, သီလ, သမထ စသော ၃၅-ပါးကုန်သော ကုသိုလ်ကြီးတို့သည်။ တဿာ၊ထိုဝိပဿနာ၏။ ပရိဝါ-ရာဝ၊ အခြံအရံတို့သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကြကုန်၏။

## ၂၆။ ဝိပဿနာကြောင့် နတ်-မဂ်-ဖိုလ်-နိဗ္ဗာန်ရပုံ

တသ္မိ တဏ္ဍ သုခိနော ဇမ္ဗုပဒါနိ ပလာဝန္တိ၊ ဒနွော
ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သောသတ္တော
ခိပ္ပမေဝ ဝိသေသဘာဂီ အသာ။

စတုက အင်္ဂုတ္တိုရ်ပါဠိတော်။

တသ္မိ၊ ထိုလူ့ပြည်က ဝိပဿနာပွါးခဲ့သော ယောဂီအား။ တဏ္ဍ၊ ထိုနတ်ပြည်၌။ ဇမ္ဗုပဒါနိ၊ တရားအစုတို့သည်။ ပလာဝန္တိ၊ ပေါ်၍လာရကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သတုပ္ပါဒေါ၊ ငါနတ်ပြည်၌ ဖြစ်ပြီဟု သတိရခြင်းသည်။ ဒနွော၊ နှန့်နှေး နောက်ကျသေးပေ၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုယောဂီသည်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်-ဖိုလ်-နိဗ္ဗာန်ရခြင်းအဘို့ရှိသည်။ အသာ၊ ဖြစ်ရာ၏။

## ၂၇။ ရုဋ္ဌ-မဏ္ဍိမ-မဟာသောတာပန် ဝိပဿနာကြောင့်

သောတာပတ္တိ ဖလသစ္ဆိကိရိယတော ဟိ ပဋ္ဌာယ
ဟိနုကုလေ ဥပပဇ္ဇတိနာမ နတ္ထိ၊ မဟာဘောဂ
ကုလေသု ယေဝ ဥပ္ပဇ္ဇတိ။

သာရသင်္ဂဟ အဋ္ဌကထာ။

ဟိ၊ ဝိပဿနာ၏အကျိုးကား။ သောတာပတ္တိဖလသစ္ဆိကိရိယတော၊ ရုဋ္ဌသောတာပန်, မဏ္ဍိမသောတာပန်, မဟာသောတာပန် ဖြစ်သည်မှ။ ပဋ္ဌာယ၊ စ၍။ ဟိနုကုလေ၊

ယုတ်ညံ့သော အမျိုး၌။ ဥပပဇ္ဇတိနာမ၊ ဖြစ်ရသည် မည်သည်။ နတ္ထိ၊ မရှိတော့ပါ။ မဟာဘောဂကုလေသု ယေဝ၊ ခေါတိက, ဇိဋ္ဋိလ, မေဏ္ဍက, စသော အမျိုးတို့၌ သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရတော့၏။

## ၂၈။ ဝိပဿနာကြောင့် မနစ်မြုပ်တော့ပြီ

အပတိဋ္ဌေ အနာလမ္ဗေ သေခေါ ဂမ္ဘီရေနသီဒတိ။
သံယုတ်ပါဠိတော်။

အပတိဋ္ဌေ၊ ထောက်ရာ တည်ရာ မရှိထသော။ အနာလမ္ဗေ၊ ကိုင်ဆွဲစရာလည်း မရှိထသော။ ဂမ္ဘီရေ နက်နဲစွာသော သံသရာရေယဉ်ကြော၌၊ သေခေါ၊ ရုပ် နာမ် တွေ့ထားသော ယောဂီသည်။ နသီဒတိ၊ မနစ်မြုပ်တော့ပြီ။

## ၂၉။ ဝိပဿနာကြောင့် သြဃလေးပါး လွန်နိုင်ပုံ

အပတိဋ္ဌံ အနာယူဟံ၊ ဩဃံ အတာရိ ဂမ္ဘီရံ။
သံယုတ်ပါဠိတော်။

အပတိဋ္ဌံ၊ ထောက်ရာ တည်ရာလည်း မရှိထသော။ အနာယူဟံ၊ အားထုတ်ခြင်းလည်း မရှိထသော။ ဂမ္ဘီရံ၊ နက်နဲထသော။ ဩဃံ၊ သြဃလေးဖြာ သံသရာကြီးကို။ အတရိ ကူးခတ် လွှတ်မြောက်ခဲ့လေပြီ။

## ၃၀။ ဝိပဿနာကြောင့် အကျိုးငါးပါး
## မြဲမြဲကြီး ရနေပုံ

ဇဝံ သဒ္ဓါရေ သလ္လကွေတွာ ဋ္ဌာဘသ ပန ဘိက္ခု-
နော ဒသဗလဿ သာသနေ မူလံ ဩဘိတ္တံ

နာမ ဟောတိ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော
နိယတဂတိကော ရုဋ္ဌသောတာပန္နော နာမ။

ဝိဘင်းအဋ္ဌကထာ။

ဧဝံ၊ ဤသို့။ သန္တိရေ၊ သန္တိရတို့ကို။ သလ္လက္ခေတွာ၊ ပေါ်တိုင်းရှုပွါး၍။ ဋ္ဌိတဿ၊ တည်သော။ ဘိက္ခုနောပန၊ ရဟန်းအားကား။ ဒသဗလဿ၊ မြတ်စွာ ဘုရား၏။ သာသနေ၊သာသနာတော်၌။ မူလံ၊ ရေသောက်မြစ်သည်။ ဩတိဏ္ဏံနာမ၊ သက်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ လဒ္ဓဿာသော၊ သက်သာရာကို ရလျက် နေတော့၏။ လဒ္ဓပတိဋ္ဌော၊ ထောက်ရာတည်ရာ ရလျက် နေတော့၏။ နိယတ ဂတိကော၊ ဂတိအလား မြဲ၍ နေတော့၏။ ရုဋ္ဌ သောတာပန္နောနာမ၊ ရုဋ္ဌသောတာပန်မည်၏။

**၃၁။ ဝိပဿနာကြောင့် ၇-နာရီနှင့် ရဟန္တာဖြစ်နိုင်ပုံ**

သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂ
မိဿတိ၊ ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ
အဓိဂမိဿတိ။

သုတ်မဟာဝါ ဋ္ဌကထာ။

သာယံ၊ညချမ်း အချိန်၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည် ရှိသော်။ ပါတော၊ နံနက်အချိန်၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂမိဿတိ၊ရလတ့်။ ပါတော၊နံနက်ချိန်၌။ အနုသိဋ္ဌော၊ ဆုံးမ အပ်သည် ရှိသော်။ သာယံ၊ ညချမ်း အချိန်၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂမိဿတိ၊ ရလတ့်။

## ၃၂။ ဝိပဿနာကြောင့် ၇-ရက်နှင့် ရဟန္တာဖြစ်နိုင်ပုံ

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။

မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အမှတ်မရှိတစုံတယောက်သောသူသည်။ စတ္တာရောသတိပဋ္ဌာနေ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝေယျ၊ ပွါးများ၍ နေငြားအံ့။ သတ္တာဟံ၊ ခုနစ်ရက် အတွင်း၌။ တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ ၂-ပါးကုန်သော အနာဂါမိဖိုလ်, အရဟတ္တ ဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

## ၃၃။ ဝိပဿနာကြောင့် ၇-လနှင့် ရဟန္တာဖြစ်နိုင်ပုံ

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တမာသံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။

မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ ယောဟိကောစိ၊ အမှတ်မရှိတစုံတယောက်သောသူသည်။ စတ္တာရောသတိပဋ္ဌာနေ၊ ၄-ပါးကုန်သော ပတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝေယျ၊ ပွါးစေငြားအံ့။ သတ္တမာသံ၊ ၇-လအတွင်း၌။ တဿ၊ ထို

သူအား။ ဣန္ဒြိယလာနံ၊ ၂-ပါးကုန်သော၊အနာဂါမိဖိုလ်,အရဟတ္တဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

၃၄။ ဝိပဿနာကြောင့် ၇-နှစ်နှင့် ရဟန္တာဖြစ်နိုင်ပုံ

ယော ဟိ ကောစိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။

မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊အမှတ်မရှိ တစုံတယောက်သော သူသည်။ စတ္တာရော သတိပဋ္ဌာနေ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ဧဝံ၊ဤသို့။ဘာဝေယျ၊ ပွါး၍နေငြားအံ့။ သတ္တဝဿာနိ၊ ၇-နှစ်အတွင်း၌။တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ ၂-ပါးကုန်သော အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

၃၅။ ဝိပဿနာကြောင့် ၇-ဘဝနှင့် ရဟန္တာဖြစ်နိုင်ပုံ

ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ (လ) သတ္တဘဝေ ဒေတိ။

ကေနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၊

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဖြစ်, ပျက်ကို ရှုနေသော သမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတာ၊

အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ (လ)။ သတ္တာဘဝေ၊ အညံ့ဆုံးပုဂ္ဂိုလ်မှာ ချန်စ်ဘဝ၌။ ဒေတိ၊ အရဟတ္တဖိုလ်ကို ပေးနိုင်တော့၏။

**၃၆။ ဝိပဿနာဆိုတာ အနောမသတ္တတို့၏ ပရိဘောဂတဲ့**

အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

သုတ်မဟာဝါ ဠိအဋ္ဌကထာ။

အယံဝိပဿနာ၊ ဤဝိပဿနာသည်။ အနောမသတ္တပရိဘောဂံ၊ ဘုန်းရှင်, ကံရှင်, သဗ္ဗညုရှင်နှင့် မဟာဘုရင်တို့၏ အသုံးအဆောင်တည်း။ တေန၊ ထိုဘုန်းရှင်, ကံရှင်, သဗ္ဗညုရှင်နှင့် မဟာဘုရင်တို့၏ အသုံး အဆောင် ဖြစ်ပါသောကြောင့်။ ရတနံ၊ သောနှင့်-သကဒါ, အနာ-ရဟန်, အဘိုးတန်တို့ ဖြိုးလျှံဘဝင်လုံး တခွင်ခွင်နှင့် ပြီးစေနိုင်သောကြောင့် တကဲ့ရတနာတုံးကြီးဟူ၍။ ဝုစ္စတိ၊ မိန့်ဆိုအပ်ပေ၏။

**၃၇။ သာသနာအံ့ဘွယ်ရှစ်ပါး ဝိပဿနာပါဝင်ပုံ**

အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံ့ဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း၊ မရွှင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားတူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာ၊ သာသနာအစစ်တည်း။

လက်ာအရ-

ဝိပဿနာ ဆိုတာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်က စ၍ အစဉ်အတိုင်း မဂ်ဉာဏ် ၄-ပါး,ဖိုလ်ဉာဏ် ၄-ပါးအထိ နက်နက်သွားပါသဖြင့် **အစဉ်နက်ဝှမ်း** အင်္ဂါလဲရှိခဲ့သည်။

ဝိပဿနာဆိုတာ၌ ရုပ်နာမ် ၂-ပါးသာ ရှုဘွယ်ရှိ၍ ပညတ် ကမ်း, ဓမ္မတာ ကမ်းကို မလွန်တော့ ပါသဖြင့် **ကမ်းကိုမလွန်** ဆိုတဲ့ အင်္ဂါလဲ ရှိခဲ့ပါသည်။

ဝိပဿနာဆိုတာ၌ ဖြစ်,ပျက်ကို ရှု၍နေတုန်း ရွံ့စရာ ကောင်းလှသော အကုသိုလ်, ကိလေသာ, ဒုစရိုက်-ဒုရာ ဇိဝတို့ မဝင်ရပါ၊ ဆယ်ပစ်၍ တွန်းထုတ်၍သာ နေပါ သဖြင့် **ရွံ့ဘွယ်ဆယ်ပစ်** ဆိုတဲ့ အင်္ဂါလဲပါရှိခဲ့လေသည်။

ဝိပဿနာ ဆိုတာ၌ ဉာဏ်စဉ် တက်၍ ဘယ်မျှဘဲ ရောက်ရောက် ပရမတ်အမည်ပင်။ ပရိညာ ၃-ဆင့်ရောက် လဲ ပရမတ်အမည်ပင်။ ဝိသုဒ္ဓိ ၇-ပါးဆုံးလဲပရမတ်အမည်။ မဂ် ၄, ဖိုလ် ၄, နိဗ္ဗာန်အထိ ရောက်သော်လဲ ပရမတ် အမည်, အရိယာအမည်, လောကုတ္တရာအမည်မှ **တမည် ဖြစ်ခြင်း** အင်္ဂါလဲရှိ၍ နေပါသည်။

ဝိပဿနာဆိုတာ၌ လူအကုန်, နတ်အကုန်, ဗြဟ္မာ အကုန်တို့ ကုဋေ-ကုဋာ အသင်္ချေ အသင်္ချာနှင့် စု၍ ရှုပွါး ကာ နေသော်လဲ လူမှာ များပြား တိုးပွါးကာ နေပေမဲ့ ပရမတ်အာရုံ, အရိယာအာရုံမှာ ပေါ်သိ ပေါ်သိမှ အာရုံ နှင့် အာရမ္မဏိက တစုံထဲမှ ရှင်းခြင်းလဲမရှိပါ။ တိုးခြင်းလဲ မရှိပါ။ ထို့ကြောင့် **မရှင်းမတိုး**-အင်္ဂါလဲရှိ၍ နေပါသည်။

ဝိပဿနာ ဆိုတာ၌ ဉာဏ် ဆယ်ပါးဆိုတဲ့ ရတနာ ဆယ်မျိုးရှိပါသဖြင့် **ဆယ်မျိုးရတနာ** ဆိုတဲ့ အင်္ဂါလဲရှိ၍ နေပါသည်။

ဝိပဿနာဆိုတာ၌ ဝိမုတ္တိရသ တရကိုရတဲ့ သာဖြစ်၍ **ရသာဆားတူ**-အင်္ဂါလဲ ရှိ၍ နေပါသည်။

ဝိပဿနာ ဆိုတာ၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့၏ နေရာ ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေက, သမ္မာ သမ္ဗုဒ္ဓ ကြီးတို့၏ နေရာမို့ **ကြီးသူ နေရာ**ဆိုတဲ့ အင်္ဂါလဲရှိ၍ နေပါသည်။ ဤကား အံ့ရှစ်ဖြာ ပင်တည်း။

### ၃၀။ ဝိပဿနာသည် ဝိပလ္လာသ ၁၂-ပါးနှင့် မရောနှော

ဝိပလ္လာသေန အသံသဋ္ဌာ [ဓုဋ္ဌနိဒ္ဒေသ အဋ္ဌကထာ]

ဝိပဿနာ၊ပရမတ်အမှန်, ဓာတ်အမှန်, ကလာပ်အမှန် သစ္စာ အမှန်ကို ရှု၍ နေသော သူ၏ ဝိပဿနာ သည်။ ဝိပလ္လာသေန၊ ဝိပလ္လာသ တဆဲ့ နှစ်ပါးနှင့်။ အသံသဋ္ဌာ၊ မရောနှောပေ။

### ဝိပလ္လာသ (၁၂)ပါး ရှင်းလင်း ချက်ကား

သညာဝိပလ္လာသ- နိစ္စ, သုခ, အတ္တ, သုဘ, ၄-ပါးတည်း ဖေါက်ပြန်နေပုံ။

စိတ္တ ဝိပလ္လာသ– နိစ္စ, သုခ, အတ္တ, သုဘ, ၄–ပါးတည်း ဖေါက်ပြန်နေပုံ။

ဒိဋ္ဌိ ဝိပလ္လာ သ– နိစ္စ, သုခ, အတ္တ, သုဘ, ၄–ပါးတည်း ဖေါက်ပြန်နေပုံ။

ဝိပဿနာ လမ်းစရ၍ ရုပ်,နာမ် အဖြစ်အပျက်ကိုတွေ့ရသော ယောဂီသည် ယင်း ဝိပလ္လာသ ၁၂-ပါးကို ခွါဆဲ ခွါပြီး ခွါလတံ့။ အထက်သို့ တက်ရောက်သော ယောဂီ၌ ခွါပြီးသာ များတော့သည်။ ဖလ သမာပတ္တိ ဝီထိကိုလဲ ရှုကြပါကုန်။

### ၃၉။ ဗုဒ္ဓဓမ္မာ အသင်္ချေယျာ ဝိပဿနာ

ဗုဒ္ဓဓမ္မာ အသင်္ချေယျာ အနန္တာ အစိန္တေယျာ အပ္ပမေယျာ အပရိမာဏာ အပရိစ္ဆိန္နာ။

အပါဒါန် ပါဠိတော်မှ စု၍ထားသည့် ၆–ပုဒ်တည်း။

ဗုဒ္ဓဓမ္မာ၊ ဗောဓိပက္ခိယတရား ၃၇-ပါး ဝိပဿနာများတို့သည်။ အသင်္ချေယျာ၊ ရေတွက်၍လဲ မဆုံးနိုင်ကုန်။ အနန္တာ၊ အဆုံး အပိုင်းအခြားလဲ မရှိကုန်။ အစိန္တေယျာ၊ ကြံစည်၍လဲ မကုန်နိုင်ကုန်။အပ္ပမေယျာ၊နှိုင်းယှဉ်၍ ပြစရာ ဥပမာလဲ မရှိကုန်။ အပရိမာဏာ၊ အတိုင်း အရှည်လဲ မရှိကုန်။ အပရိစ္ဆိန္နာ၊ ပိုင်းဖြတ်၍ရသော တရားမျိုးလဲမဟုတ်ကုန်။ ဆဲဒါ ဝိပဿနာဂုဏ် မဂ် ဖိုလ် နိဗ္ဗာန် ဂုဏ်တည်း။

### ၄၀။ ဝိပဿနာဆိုတာ ဗောဓိကြီးငါးမျိုးတို့၏ သွားရာလမ်းမကြီးပါ

ဝိပဿနာတိ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သာဝကာနံ မဂ္ဂေါ။

မဟာနိဒ္ဒေသ အဋ္ဌကထာကြီး။

ဝိပဿနာတိ၊ ဝိပဿနာ ဆိုသည်ကား။ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သာဝကာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ငါးမျိုးတို့၏။ မဂ္ဂေါ၊

နိဗ္ဗာန်သို့ သွားရာလမ်းမ ပေတရာကြီးပင်တည်း။ ထို့ပြင်
လည်း ဝိပဿနာဆိုတာ ၂၄–သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေ
တသိန်း ကျွတ်တမ်းဝင်၍ သွားကြသော အာဇာနည်တို့
သွားနေသော လမ်းမကြီး သာတည်း။

၄၁။ ဝိပဿနာဟာ နိဗ္ဗာန်သို့ သွားလမ်းတည်း

ကတမော စ ဘိက္ခဝေ အ သင်္ခ တ ဂါမိ မဂ္ဂေါ၊
ဝိပဿနာ အယံ ဝုစ္စတိ အသင်္ခတ ဂါမိ မဂ္ဂေါ။

အသင်္ခတ သံယုတ် ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့
သွားရာ လမ်းမကြီးသည်ကား။ ကတမော၊ အဘယ်နည်း။
အယံဝိပဿနာ၊ ဤဝိပဿနာ တရားတော်ကြီးကို။ အသင်္ခ
တဂါမိ မဂ္ဂေါတိ၊ နိဗ္ဗာန်သို့ သွားရာ လမ်းမကြီး ဟူ၍။
ဝုစ္စတိ၊ ဆိုအပ်၏။ ဘုရားသခင်ကြီးက ရှင်းရှင်း မေးပြီး
ရှင်းရှင်းပင် ဖြေထား တာကိုသာ သတိပြုကြ ပါကုန်။
မကွန့်ချင်ကြပါနှင့်တော့။

၄၂။ ဝိပဿနာနှင့် တဘဝစည်းစိမ် မလဲနိုင်ပါ

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံဇီဝိတံသေယျော၊ပဿတော ဥဒယဗ္ဗယံ။

ဓမ္မပဒပါဠိတော်။

ဥဒယဗ္ဗယဉာဏ်ကို မရဘဲ အနှစ်တရာရှည်၍ နေပေမဲ့
မမြတ်ဘူးတဲ့။ နေဝသညာ နာသညာယတနဘုံ၌ ဖြဟ္မာ
ဖြစ်၍ ကမ္ဘာပေါင်း ၈၄၀၀၀–ရှည်၍ နေပေမဲ့ မမြတ်ပါ

ဘူးတဲ့။ဥဒယဗ္ဗယဉာဏ်ကိုရ၍ တရက်ထဲ နေရသူကသာ မြတ်လှပါ၏တဲ့။ ။ဗုဒ္ဓ၏ ဝိနိစ္ဆယဗျာဒိတ်တော်ကြီး။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်, နာမ် အဖြစ်, အပျက်ကို။ အပဿံ၊ မမြင်ရပါဘဲလျက်။ ဝဿ သတံ၊အနှစ်တရာပတ်လုံး။ ဇီဝေ၊အသက်ရှင်၍နေငြားအံ့။ နသေယျော၊ မမြတ်ပါ။ ယောစ၊ အကြင် သူသည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်, နာမ် အဖြစ်, အပျက်ကို။ ပဿတော၊ မြင်ရသောသူ၏။ ဧကာဟံ၊တရက်ထဲမျှ။ ဇီဝိတံ၊အသက် ရှင်ရခြင်းသည်။ သေယျော၊မြတ်လှပေ၏။

## ၄၃။ ဝိပဿနာနှင့် တဘဝ ရိပ်ငြိမ် မလဲနိုင်ပါ

ယောစ ဝဿ သတံ ဇီဝေ၊အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ပဿတော ဓမ္မမုတ္တမံ။
ဓမ္မပဒပါဠိတော်။

ရုပ်, နာမ်ကို မတွေ့ဘဲ အနှစ်တရာ ကမ္ဘာပေါင်း ၈၄၀၀၀-နေရခြင်းသည် မမြတ်ပါဘူးတဲ့။ ရုပ်, နာမ်ကို မြင်၍ တရက်ထဲနေရခြင်းက မြတ်လှပါ၏တဲ့။ဗုဒ္ဓဗျာဒိတ် တော်ကြီးမို့ မလွန်နိုင်ကြနှင့်။

ယောစ၊ အကြင်သူသည်ကား။ ဓမ္မမုတ္တမံ၊ အမြတ်ဆုံး ဖြစ်တဲ့ ရုပ်, နာမ်ကို။ (လောကီကိုရည်သည်။) အပဿံ၊ မမြင်ရဘဲလျက်။ဝဿသတံ၊အနှစ်တရာမျှ။ဇီဝေ၊အသက် ရှင်၍နေငြားအံ့။ နသေယျော၊ မမြတ်ပါ။ ယောစ၊ အကြင် သူသည်ကား။ ဓမ္မမုတ္တမံ၊ အမြတ်ဆုံး ဖြစ်တဲ့ ရုပ်နာမ်ကို။

ပဿတော၊ မြင်ရသော သူ၏။ ကောဟံ၊ တရက်ထဲမျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။သေယျော၊မြတ်လှပေ၏။

မြတ်စွာဘုရား အလောင်းတော်ဟာ ရုပ် နာမ်ကို ရှုမြင်၍ ဘုရားဖြစ်ရပါသည်။ ပရိနိဗ္ဗာန် စံခါနီးတော့လဲ ရုပ်နာမ်ကို ရှု၍ပင် ဝိထိအတိုင်း ပရိနိဗ္ဗာန် ပြုသွားပါသည်။ ရုပ်,နာမ် ဓမ္မမုဋ္ဌမဖြစ်ပုံတည်း။

### ၄၄။ ဝိပဿနာကား ဒဿနာနုတ္တရိယတည်း

ဝိပဿနာ ဒဿနာနုတ္တရိယံ။ [သုတ်ပါထေယျ အဋ္ဌကထာ။]

ဝိပဿနာ၊ ရုပ်,နာမ်ကိုတွေ့၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုပွါးကာ မြင်၍ နေခြင်းသည်။ ဒဿနာနုတ္တရိယံ၊ မြင်ခြင်း တကာတို့တွင် အမြတ်ဆုံးသော အမြင်သာတည်း။

ဝိပဿနာ ရှုပွါးခြင်းကား ဒဿနာနုတ္တရိယတည်း။ ဝိပဿနာတရားကို ကြားနာရခြင်းကား သဝနာနုတ္တရိယ တည်း။ ဝိပဿနာကိုကျင့်၍ နေခြင်းကား သိက္ခာနုတ္တရိယ တည်း။ ဝိပဿနာယောဂီများကို လုပ်ကျွေး၍ နေရခြင်း ကား ပါရိစရိယာနုတ္တရိယတည်း။ဝိပဿနာ ဉာဏ်ကိုရ၍ နေခြင်းကား လာဘာ နုတ္တရိယတည်း။ ဝိပဿနာဖြင့် အောက်မေ့၍ နေခြင်းကား အနုဿတာ နုတ္တရိယတည်း။

### ၄၅။ ဝိပဿနာတရား ပရမတ်မို့ မဖေါက်မပြန်နိုင်

ပရမော အဝိပရိတော အတ္တော ပရမတ္ထော။

[ဋီကာကျော်။]

ပရမော၊ မြတ်သော။ အဝိပရိတော၊ မပေါက်မပြန်သော။ အဠော၊ အနက်တည်း။ ပရမဠော၊ မြတ်သော, မပေါက်–မပြန်သော, အနက်။

တရားကိုက မြတ်လဲမြတ် ပေါက်ပြန်ခြင်း မရှိလို့ ၎င်းတရားကို တွေ့သူ, ရသူလဲ မြတ်တဲ့ ပုဂ္ဂိုလ်, မပေါက်မပြန်တဲ့ ပုဂ္ဂိုလ်ဘဲဆိုတာ သိကြပါကုန်။ ဝိပဿနာတရားကို နာရ, ကြားရ, သိရ, တွေ့ရလို့ မပေါက်ပြန်တော့ဘဲ နိယတ-ဂတိက ဖြစ်၍ သွားသော တိရစ္ဆာန်များကား ဖါးနတ်သား ၂-ဘဝနှင့် မဂ်ရ၏။ မဟာ ဒတ္တနွားလား ၂-ဘဝနှင့်မဂ်ရ၏။ မျောက်, ဖိုးကွက်, မြင်း, ဆင်, ၎င်းနည်း။ ပြိတ္တာနယ်က ပြရလျှင် ဝိယက်ရပြိတ္တာမ ရုပ်, နာမ် တရားနာရ, တွေ့ရလို့ ချက်ချင်း နတ်စည်းစိမ်တမျှနှင့် ချမ်းသာရ၏။ ၎င်းသားလည်း ချမ်းသာရ၏။ ဘီလူးနယ်က ပြရပါလျှင် အာဠဝကဘီလူး, သုစိလောမဘီလူး, ခရလောမဘီလူး, သာတာဂိရ ဘီလူး, ဟေမာဝတ ဘီလူး, ကာဠီယက္ခိနီ ဘီလူးမများ မဂ်ရ, ဖိုလ်ရကြကုန်ပြီ။ လူဆိုး, လူကြမ်းနယ်က ပြရပါလျှင် အင်္ဂုလိမာလ ခိုးသူကြီး, ခိုးသားကိုးရာ, ခိုးသားခုနစ်ရာ, ခိုးသားငါးရာ, လူသတ်မှုးကြီး တမ္ဗဒါဋ္ဌိက, တံငါအရိယ, ပဗ္ဗတမုဆိုး, ကုက္ကုဋမိတ္တမုဆိုး၊ ဒိဋ္ဌိတွေနယ်ကပြရပါလျှင် ဗာဟိယဒါရုစီရိယ, ဇမ္ဗုက, သုသိမ, ရှင်တထောင်, အင်္ဂဒတ္တရသေ့များ, သစ္စက ပုရမိုဖ် စသော သူတွေပါဘဲ။ ကဿပဘုရား လက်ထက်တော်မှ ယခုဂေါတမဘုရားအထိ အပါယ်မကျရတော့ဘဲ

လွတ်ကျွတ်လာတဲ့ သူတွေကား ပဉ္စဂ္ဂဝုဏ္ဏားလင်မယား, ဗာဝရိနှင့်တပည့်ရှစ်သောင်းကျော်, ရှင်ဒွပန်, မယ်ကာဋ္ဌိ, ပြဟ္မဒေဝတို့တစု, လုနံပြာဟ္မဏာတစု, ဆဋ္ဌမာဏဝတစု စသောအားဖြင့် မရေနိုင်တော့ပြီ။ ၎င်းတို့ကား ပရမတ် ရုပ်နာမ်ကို ကြားရ, နာရ, သိရ, တွေ့ရသောကြောင့် ဟူလို။

၄၆။ ဝိပဿနာ ပရမတ်ကား သဗ္ဗညုတ အာရုံတော်ပါ

ပရမဿ သဗ္ဗညုတဉာဏဿ အတ္တော ဂေါစ
ရောတိ ပရမတ္တော။ [ဋီကာကျော်။]

ပရမဿ၊ မြတ်လှသော။ သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏ်တော် ကြီး၏။ အတ္တော - ဂေါစရော၊ ကျက်စားရာတည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပရမတ္တော၊ပရမတ္တမည်၏။

တွေ့လျှင် ဘုရားအမွေတော်ကြီးကို တစိတ် တဒေသ ရ၍ နေပါပြီ။ တစိတ်တဒေသ ဘုရားလို ချမ်းသာမည်။

၄၇။ ဝိသုဒ္ဓိ ၇-ပါးနှင့် ရတနာ ၇-မျိုး ရရှိပုံ

လူတယောက်သည် ဆင်းရဲလှ၍ စိတ်ညစ်ညစ်နှင့် တောသို့ဝင်၏။ ဝိဇ္ဇာဓိုရ် ဘိုးဘိုးကြီးနှင့်တွေ့၍ နေရာတခု ပြပြီး တူးပေါ်စေ၏။ ပထမတထပ်၌ တူးပေါ်ရာ ငွေတွေ ရ၏။ ဒုတိယ၌ ရွှေတွေရ၏။ တတိယ၌ သန္တာတွေ ရ၏။ စတုတ္ထ၌ စိန်တွေ, ပဉ္စမ၌ ပုလဲတွေ, ဆဋ္ဌမ၌ ကျောက် မျက်ရွဲတွေ, သတ္တမ၌ပတ္တမြားတွေရ၍ သူဌေးကြီးဘဝနှင့် ပျော်ပျော်ရွှင်ရွှင် ခံစားရလေသည်။ ထို့အတူ ယောဂီ

ဆင်းရဲသားတွေလဲ ဘုရားဝိဇ္ဇာဓိုရ်နှင့် တွေ့၍ မှိမိခန္ဓာ၊ ကိုယ်ထဲ၌ တူးဖေါ်စေရာ ပထမ၌ သီလဝိသုဒ္ဓိကိုရ၏။ ဒုတိယ၌ စိတ္တဝိသုဒ္ဓိကိုရ၏။တတိယ၌ ဒိဋ္ဌိဝိသုဒ္ဓိ။စတုတ္ထ၌ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ပဥ္စမ၌ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ ဆဋ္ဌမ၌ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။သတ္တမ၌ ဉာဏဒဿနဝိသုဒ္ဓိကိုရ၍ သောတာပန် မဟာဘွဲ့တော်ကြီး, အရိယာဘွဲ့တော်ကြီးနှင့်လောကုတ္တရာမဟာသူဌေးကြီးဖြစ်၍ ယခုဘဝမှ နိဗ္ဗာန်အထိ ဘုံစဉ်စံ၍ ဆန်တက်သွားတော့မည်။

## ၄၈။ ဝိပဿနာ မုနိခြောက်ပါး တပါးအဝင်

အာဂါရမုနိ–ဝိသာခါတို့လို၊ အနာဂါရမုနိ–ရဟန်းတို့လို၊ သေက္ခမုနိ–မဂ်လေးပါးနှင့် အောက်ဖိုလ် ၃-ပါး ရ၍ နေသော သာဝကများ၊ အသေက္ခမုနိ–ရဟန္တာများ၊ပစ္စေကဗုဒ္ဓမုနိ–မဟာပဒုမ ပစ္စေကဗုဒ္ဓါများလို၊ မုနိမုနိ–မြတ်စွာဘုရားစသော သမုဒ္ဒရာသဲစုမက ဘုရားကြီးတွေတည်း။ ၎င်းခြောက်ပါးတွင် ဝိပဿနာကား–အာဂါရမုနိ, အနာဂါရမုနိ ၂–ပါး၌ ယခုအခါ လူတိုင်း မြင်သိနိုင်ပေသည်။ ရုပ်နာမ်ကို ကိုယ်တိုင် ဉာဏ်,သဘာဝစသော ၇–ဉာဏ်နှင့် တွေ့၍ မုနိဟု ခေါ်ရပါသည်။

ဇာတ်အဋ္ဌကထာနှင့်မဟာနိဒ္ဒေသ,စူဠနိဒ္ဒေသပါဠိတော်များ၌လာသည်။

## ၄၉။ ဝိပဿနာ ဗုဒ္ဓါးပါး တပါးအဝင်

သဗ္ဗညုဗုဒ္ဓ–ဘုရားကြီးတွေ၊ ပစ္စေကဗုဒ္ဓ–ဘုရားငယ်တွေ၊ သာဝကဗုဒ္ဓ-အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်

စသည်တို့၊ အနုဗုဒ္ဓ-ခုဇ္ဇုတ္တရာကျွန်မတို့လို၊ သုတဗုဒ္ဓ-စာချ ဆရာတော်များလို၊ ငါးပါးရှိရာဝယ် ဝိပဿနာ ရှုပ်နာမ် တွေ့သူတို့ကား သာဝကဗုဒ္ဓနှင့် အနုဗုဒ္ဓထဲ၌ ပါဝင်ကြပြီ။

၎င်းဗုဒ္ဓအစားစားကိုသဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၂၂-နံ၊၁၆-ငါး၊၈ံ-မှု။ ၎င်း။ ဇေက အဂုတ္တိုရ်အဋ္ဌကထာ၊ ၉၂-နံ၊ ၂-ငါး၊ ၁၀-မှု။ ၎င်း။မဏိဒီပဋီကာကြီး၊နံပါတ် ၂၊ ကြောင်းရေ ၁၆၊ သု-မှ၌-

သုတဗုဒ္ဓ အနုဗုဒ္ဓ ပစ္စေကဗုဒ္ဓ သဗ္ဗညုဗုဒ္ဓသဒ္ဓါတေသု စတူသု ဗုဒ္ဓေသု သုတဗုဒ္ဓတ္တာ ဟူ၍ ၄-ပါး လာရှိသည်။ သုတဗုဒ္ဓ,အနုဗုဒ္ဓ,ပစ္စေကဗုဒ္ဓ, သဗ္ဗညုဗုဒ္ဓ,၎င်း ၄-မျိုးတွင် ဝိပဿနာကား သုတဗုဒ္ဓနှင့် အနုဗုဒ္ဓ၌ ပါဝင်ပါပြီ။

### ၃၀။ ဝိပဿနာကြောင့် အကုသိုလ်ကုန်, ဘဝကုန်ပုံ ဥပမာများ

ရေကန်တဖြာ၊ မြစ်မှာတလော၊ တောဟိမဝန္တာ၊ သမုဒ်ဖြာ၍၊ မဟာမြင့်မိုရ်၊ မြေနိုင်းဆိုသည်၊ ရိုဗိုလ်သောတ၊ ကင်းဒုက္ခတည်း။

လင်္ကာအရ—

(၁) ရေကန်ကြီးတခုထဲကရေနှင့်မြက်ဖျားက၊ရေကို နှိုင်းယှဉ်သော် ရေကန်ထဲကရေမျှ အကုသိုလ်နှင့် ဘဝ ကုန်ခန်းပြီး မြက်ဖျားကရေမျှသာ အကုသိုလ်နှင့် ဘဝ ရှိတော့မည်။

(၂) မြစ်ကြီးငါးသွယ်က ရေနှင့် မြက်ဖျားက ရေကို နှိုင်းယှဉ်သော် မြစ်ကြီးငါးသွယ်က ရေမျှ အကုသိုလ်နှင့်

ဘဝတွေ ကုန်ခန်းပါပြီ။ မြက်ဖျားရေမျှ အကုသိုလ်နှင့် ဘဝများ ရှိရှိတော့မည်။

(၃) ဟိမဝန္တာ တောကြီး တခုလုံးနှင့် ပဲနောက်စေ့ ၇-လုံးကို နှိုင်းယှဉ်သော် ဟိမဝန္တာ တောကြီး တခုလုံး လောက် အကုသိုလ်နှင့် ဘဝများ ကုန်ခန်း၍ သွားပါပြီ။ ပဲနောက် ၇-လုံးမျှ အကုသိုလ်နှင့် ဘဝတွေကို ခံရပါ တော့မည်။

(၄) သမုဒ္ဒရာကြီး လေးစင်း၌ ရှိသော ရေနှင့် မြက်ဖျားရေကို ယှဉ်၍ကြည့်သော် သမုဒ္ဒရာ ၄-စင်းရှိ ရေမျှသော အကုသိုလ်နှင့် ဘဝတွေကုန်ခန်း၍ သွားပါပြီ။ မြက်ဖျားရေမျှ အကုသိုလ်နှင့်ဘဝကိုသာ ခံရတော့မည်။

(၅) မြင့်မိုရ်တောင်ကြီးနှင့် ပဲနောက် ၇-လုံးကို နှိုင်း ယှဉ်သော် မြင့်မိုရ်တောင်ကြီးမျှသော အကုသိုလ်နှင့် ဘဝ တွေကုန်ခန်း၍သွားပါပြီ။ ပဲနောက် ၇-လုံးခန့် အကုသိုလ် နှင့် ဘဝကိုသာ ခံစားရတော့မည်။

(၆) ယူဇနာပေါင်း နှစ်သိန်း လေးသောင်း အထု ရှိသော ကမ္ဘာ-မဟာပထဝီ မြေကြီးနှင့် ပဲနောက် ၇-လုံး ကို နှိုင်းယှဉ်သော် ကမ္ဘာမြေကြီးမျှသော အကုသိုလ်နှင့် ဘဝတွေ ကုန်ခန်း၍ သွားပါပြီ။ ပဲနောက် ၇-လုံးမျှသော အကုသိုလ်နှင့် ဘဝကိုသာ ခံရပါတော့မည် တဲ့။

**သာဓကမှာ။** ။သေယျထာပိ ဘိက္ခဝေ သိနေရုပဗ္ဗ တရာဇာ ဘယံပရိက္ခယံ ပရိက္ခယာဒါ ဂစ္ဆေယျ၊ ထပေတွာ သတ္တမုဂ္ဂပတ္တိယော ပါသာဏသက္ခရာ။ ။မဟာဝဂ္ဂ သံ

ယုတ်ပါဠိတော်မှ တပုဒ်ထုတ်၍ ပြပါသည်။ လိုရင်းမှာ လက်ာနှင့်အဓိပ္ပါယ် ရေးပြီးသားအတိုင်းပင် ဖြစ်ပါသည်။ ဆဲဒါရုပ်နာမ်ကိုတွေ့သော ရှုဋ္ဌ,မဇ္ဈိမ,မဟာ သောတာပန်တို့၏ အကျိုးပြပုံ လက်ာ အဓိပ္ပါယ် ပါဠိသာကေတည်း။

၅၁။ ဝိပဿနာ ဘက်ဉာဏ် အကျိုးသွား ရှစ်ပါး

စွန့်သဿတ၊ ဇီဝိတပ်ကင်း၊ ယှဉ်ခြင်းဘာဝနာ၊ စင်စွာ သက်မွေး၊ လူရေးပယ်ချ၊ ကင်းပ ကြောက်လန့်၊ သည်းခံ့ ပျော်မွေ့၊ မမွေ့ကုသိုလ်၊ နှိမ်နင်းဖြိုသည်၊ ဘင်ကိုရှုမိ အကျိုး တည်း၊

လက်ာအရ—

(၁) ရုပ်နာမ် သင်္ခါရသည် မြဲ၏ဟူ၍ ထင်မှားသော သဿတ ဒိဋ္ဌိကို ပယ်နိုင်၏။

(၂) မိမိ၏ အသက် ခန္ဓာ၌ တပ်မက်ခြင်းကို ကင်းရှင်းစေ နဲ့ပါးစေနိုင်သည်။ (၃) ဝိပဿနာ ပွါးများတို့သာ အာသာဆန္ဒနှင့် အားထုတ်ကာ နေ၏။ (၄) အသက် မွေး ကြောင်း စင်ကြယ်စွာ ပြုပြင်၍ နေလာ၏။ (၅) လူမှု, လူကိစ္စကို တစ တစ ပယ်ချ၍ ရှောင်လွှဲကာ နေလာ၏။ (၆) နေရမှာ သေရမှာ ကြောက်လန့်ခြင်း ကင်းပ၍ လာ၏။ (၇) သည်းခံမှု၌ ပျော်ပိုက်၍ အရာရာတိုင်း၌ သည်းခံ၍ လာ၏။ (၈) ကုသိုလ်မှု၌ မပျော်မွေ့သောစိတ်ကို နှိပ်နင်း၍ လာ၏။ ဤကား အပျက်ကိုသာမြင်သောဘင်ဉာဏ်ရသော အကျိုး ရှစ်ပါး ပင်တည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ရင်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ရင်း သာကေလာရှိပါသည်။

## ၅၂။ ဝိပဿနာ ကိုယ်တိုင်ခံစားရသော အကျိုး-၇ ပါး

ညီးညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်
ကျောခွဲ၊ မရှိဘဲနှင့်၊ သေလဲတောင့်တင်း၊ ပုတ်နံ့ကင်း
သည့်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း။

လယ္ဘတ္တာ့မြို့ ဝိဇ္ဇောဒယ ရေးသည်။

ရုပ်တရားကို တွေ့သဖြင့် ငြိမ်းငွေ့အထိ ရောက်ရှိဆိုက်ရောက် နေသော ယောဂီသည် (၁) ရောဂါ ပြင်းထန်လှသော်လည်း မညီးဘဲ မညူဘဲ ဧဆေးစွာဖြင့် ကံကုန်ရသည်။ (၂) ရောဂါ ပြင်းထန်လှပေမဲ့ တရား၌ သတိမလစ်ဘဲ ကံကုန်ရပါသည်။ (၃) ကံကုန်မည့် နေ့, ရက်, နာရီ အချိန်ကိုပါ သိ၍ ပြောပြနိုင်ပါသည်။ (၄)ကံ ကုန်ခါနီး၌ မျက်စိလန်ခြင်း ဖေါက်ပြန်ခြင်းမရှိပါ။ (၅)ကံ ကုန်ခါနီး၌ အကြောဆွဲခြင်း မရှိဘဲ တည်ငြိမ်လျက် ရှိပါသည်။ (၆)ကံ ကုန်ပြီးနောက် တောင့်တင်းခြင်းမရှိဘဲ ပြိုးပြိုးနှင့်ကျန်ပါသည်။ (၇) ကံ ကုန်ပြီး တရက်နှစ်ရက် အတွင်း၌ ပုပ်နံ့ကင်း၍ ကျန်ပါသည်။ ဤကား ကိုယ်တွေ့ မျက်မြင် ဝိပဿနာ၏ အကျိုး ပြသွားပုံတည်း။

## ၅၃။ ဝိပဿနာ စက် ၄-ပါးရ စကြာမင်းဘဝ အကြိမ်ကြိမ်ဖြစ်ရ

ပတိရူပေ၊ ပုဗ္ဗေကတာ၊သမ္မာပဏိဓိ၊သပ္ပုရိစက်၊
လေးချက်ပြည့်ရုံ၊ လူနတ်ဘုံတွင်၊ စက်စုံဖြန့်မိုး၊
အုပ်စိုးအာဏာ၊ မင်းစကြာတည်း။

(၁) ပတိရူပစက်-ရုပ်-နာမ်,လက္ခဏာရေး ၃-ပါးကို ပြသနိုင်သော သူတော်သူမြတ်ရှိသော ဒေသ ဌာနတပါး။ (၂) ပုဗ္ဗေကတစက်-ရှေးရှေးဘဝက ပါရမီ အဆောက်အဦး ဆည်းဘူးခဲ့သော ဓာတ်ခံ ရှိခြင်းတပါး။ (၃) သမ္မာပဏိဓိစက်-ယခုဘဝ၌ဝိပဿနာ ဓမ္မနှင့်သာ နေသွားခြင်း။ (၄) သပ္ပုရိ သူပနိဿစက်-ရုပ် နာမ်ကို တွေ့ထား သူနှင့်ပေါင်းသင်း ဆက်ဆံ၍ နေခြင်း။ ၎င်း စက်လေးပါးနှင့် ပြည့်စုံလျှင် ဘဝတိုင်း ဘဝတိုင်း နိဗ္ဗာန်အထိ စကြာမင်းချည်း ဖြစ်၍ လူ့ဘုံ နတ်ဘုံ၌ စက်စုံ ဖြန့်မိုး၍ အုပ်စိုးကာ သာသာနာ ပြုနိုင်ပါသည်၊ ကယ်ဆယ် နိုင်ပါသည်။

မဟာဝဂ္ဂ သံယုတ်စသော ပါဠိတော် အရပ်ရပ်၌ လာရှိပါသည်။

## ၃၄။ ဗောဇ္ဈင် ၇-ပါးနှင့် စကြာဝတေးမင်း အင်္ဂါ ၇-ပါး

စကြာသတိ၊ ဆင်ရှိဝိစယ၊ ဝီရိယမြင်း၊ ရောင်လင်းမဏိ၊ ခေါ် ပီတိနှင့်၊ ပဿဒ္ဓိ မိဖုယား၊ ဗွေးအား သမာဓိ၊ သားသိဥပေက်၊ ခုနစ် ရတနာ၊ မင်းစကြာတည်း။

စကြာမင်းများမှာ ရတနာ ၇-ပါးရှိတာလို ဓမ္မစကြာမင်းများမှာလဲ ဗောဇ္ဈင် ရတနာ ၇-ပါးရှိပါသည်။ ရှိနေပုံကို ထုတ်ဖော်၍ ပြရပါလျှင်-

ရှဍ္ဍာသယ ၁၅၁-၃

### လောကစကြာမင်းရတနာ၇-ပါး ဓမ္မစကြာမင်း ရတနာ၇-ပါး

၁။ စကြာရတနာရှိခြင်း— သတိသမ္ဗောဇ္ဈင်ရှိနေခြင်း။
၂။ ဆင်ပျံရတနာရှိခြင်း- ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိနေခြင်း။
၃။ မြင်းပျံရတနာရှိခြင်း — ဝီရိယသမ္ဗောဇ္ဈင်ရှိနေခြင်း။
၄။ မဏိပတ္တမြားရတနာရှိခြင်း— ပီတိသံဗောဇ္ဈင်ရှိခြင်း။
၅။ မိဖုယားရတနာရှိခြင်း— ပဿဒ္ဓိသံဗောဇ္ဈင်ရှိခြင်း။
၆။ သူဌေးရတနာရှိခြင်း— သမာဓိသံဗောဇ္ဈင်ရှိခြင်း။
၇။ သားကြီးရတနာရှိခြင်း—ဥပေက္ခာသံဗောဇ္ဈင်ရှိခြင်း။

### ၅၅။ ဝိပဿနာဖြင့် အသိဥာဏ် ၄-ပါး ရနိုင်ပုံ

ဒုက္ခေဉာဏန္တိ သဝန သမ္မသန-ပဋိဝေဓပစ္စဝေက္ခဏာ ဝသေန စတူဟာကာရေဟိ ဥပ္ပန္နံ ဉာဏံ။ သမုဒယေပိ ဧသေဝနယော။ သေသေသုပန ဒ္ဒိသု သမ္မသနဿ အဘာဝါ တိဝိဓမေဝ ဝတ္တတိ၊ ဝေမေတံ ဒုက္ခေဉာဏန္တိ အာဒိနာ စတုသစ္စ ကမ္မဋ္ဌာနံ ဒဿိတံ။

မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာ၊နံ(၁၅၈)ကြောင်း (၁၅)ဝံမှူ။
(၁၆၀ နံ့) ကြောင်းရေ (၁၉)၌ ဖွင့်ပြပုံ။

လိုရင်းမှာ ဒုက္ခသစ္စာ,သမုဒယသစ္စာ ၂-ပါး တွေ့မြင်သော ဉာဏ်မှာ သဝန- ကြားနာသိခြင်း၊ သမ္မသန- သုံးသပ်သိခြင်း၊ ပဋိဝေဓ-ထိုးထွင်း၍ သိခြင်း၊ ပစ္စဝေက္ခဏာ-ဆင်ခြင်သိခြင်း၊ ၄-ပါးတဲ့။ မဂ္ဂသစ္စာ,နိရောဓသစ္စာ ၂-ပါး၌ သဝန-ကြားနာသိခြင်း၊ ပဋိဝေဓ- ထိုးထွင်း

သိခြင်း၊ ပစ္စဝေက္ခဏာ- ဆင်ခြင်၍ သိခြင်း အားဖြင့် ၃-ပါးတည်း။

**အနက်ကား**— ဒုက္ခေဉာဏန္တိ၊ ဟူသည်ကား။ သဝန သမ္မသန- ပဋိဝေဓ -ပစ္စဝေက္ခဏာ ဝသေန၊ ကြားသိ, သုံးသပ်သိ, ထိုးထွင်းသိ, ဆင်ခြင်သိခြင်း၏အစွမ်းအားဖြင့်။ စတူဟာကာရေဟိ၊ လေးပါးကုန်သော အခြင်းအရာတို့ဖြင့်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ဉာဏံ၊ ဉာဏ်ပင်တည်း။ သမုဒယေပိ၊ သမုဒယသစ္စာ၌လည်း။ ဧသေဝနယော၊ ဤနည်းအတိုင်းပင်တည်း။ သေသေသု၊ ဒုက္ခ သမုဒယမှ ကြွင်းကုန်သော။ ဒွီသု၊ မဂ္ဂ,နိရောဓသစ္စာ ၂-ပါးတို့၌။ သမ္မသနဿ၊ သုံးသပ်ခြင်း၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ တိဝိဓမေဝ၊ အသိဉာဏ် ၃-ပါး အပြားသည်သာလျှင်။ ဝတ္တတိ၊ ဖြစ်တော့၏။ ဧဝံ၊ ဤသို့။ ဒုက္ခေဉာဏန္တိအာဒိနာ၊ ဒုက္ခေဉာဏံ အစရှိသော စကားဖြင့်။ ဧတံ စတုသစ္စ ကမ္မဋ္ဌာနံ၊ ဤသစ္စာ ၄-ပါး ကမ္မဋ္ဌာန်းကို။ ဒဿိတံ၊ ပြအပ်ပြီ။ ဝိပဿနာဖြင့် သစ္စာ-၄-ပါး ၄-မျိုးသိပုံတည်း။

### ၁၆။ ဝိပဿနာဖြင့် သစ္စာ ၄-ပါးကို အသိခြောက်ပါးရှိပုံ

ပုဗ္ဗဘာဂေ ဒွီသုသစ္စေသု ဥဂ္ဂဟ-ပရိပုစ္ဆာ-သဝန-ဓာရဏ- သမ္မသန- ပဋိဝေဓော ဟောတိ၊ ဒွီသု သဝန ပဋိဝေဓောဝယေဝ။

မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊နံ (၁၅၉)ကြောင်းရေ (၄)ဇံမူ၌ နံ(၁၆၁)ကြောင်းရေ(၈)၌ ပါရှိပုံ။

ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါး၌ သင်သိ, မေးသိ, နာသိ, ဆောင်သိ, ဆင်ခြင်သိ, ထိုးထွင်းသိ, အသိဉာဏ် ၆-ပါးရ၏။ မဂ္ဂသစ္စာ, နိရောဓသစ္စာ ၂-ပါး၌ကား နာသိ နှင့် ထိုးထွင်းသိ ၂-ပါးသာရ၏။

**အနက်ကား**— ပုဗ္ဗဘာဂေ၊ မဂ်၏ရှေးအဘို့ဖြစ်သော ဝိပဿနာအခိုက်၌။ ဒွိသုသစ္စေသု၊ ဒုက္ခသစ္စာ, သမုဒယ သစ္စာ ၂-ပါးတို့၌။ ဥဂ္ဂဟ- ပရိပုစ္ဆ- သဝန- ဓာရဏ- သမ္မသန-ပဋိဝေဓော၊ သင်သိ, မေးသိ,နာသိ,ဆောင်သိ, ဆင်ခြင်သိ, ထိုးထွင်း၍ သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒွိသု၊ မဂ္ဂသစ္စာ, နိရောဓသစ္စာ ၂-ပါးတို့၌။ သဝနပဋိဝေ ဓော ယေဝ၊ နာသိ, ထိုးထွင်းသိ, ၂-ပါးသည်သာလျှင်။ ဟောတိ၊ဖြစ်၏။

### ၁၇။ ဝိပဿနာဖြင့် အနုဗောဓသိ, ပဋိဝေဓသိ ၂-ပါးရပုံ

စတုန္နံ ဘိက္ခဝေ အရိယ သစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃ မဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

မဟာပရိနိဗ္ဗာန သုတ်တော်။

သင်သိ, နာသိ, မေးသိ, ဆောင်သိ, ဆင်ခြင်သိ, ငါးပါးက အနုဗောဓသိတည်း။ ကိုယ်တွေ့ သိတပါးက ပဋိဝေဓသိတည်း။

**အနက်ကား**–ဘိက္ခဝေ၊ချစ်သားတို့။စတုန္နံ၊၄-ပါးကုန် သော။ အရိယသစ္စာနံ၊အရိယာ သစ္စာတို့ကို။ ယထာဘူတံ၊

ဟုတ်မှန်သည့် အတိုင်း။ အဒဿနာ၊ မမြင်ခြင်းကြောင့်။ အနနုဗောဓာ၊ သင်, မေး, နှာ, ဆောင်, ဆင်ခြင်, နှောင်, ဆိုတဲ့အနုဗောင်ငါးပါးဖြင့်မသိခြင်းကြောင့်။အပ္ပဋိဝေဓာ၊ ကိုယ်တွေ့ဖြင့်ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျား စွာသော။ ဣဒံအဒ္ဓါနံ၊ ဤအခွန့်ကာလ ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊သင် ချစ်သားတို့သည်၎င်း။ သန္ဓာဝိတံ၊ ဘပြောင်း ပြန်ပြန် ပြေးသွားရလေပြီ။ သံသရိတံ၊ ကျင်လည်ရလေပြီ။

### ၅၀။ ဝိပဿနာဖြင့် လောကီဉာဏ်သိ လောကုတ္တရာဉာဏ်သိ

အနုဗောဓဉာဏံ လောကိယံ၊ ပဋိ ဝေဓဉာဏံ လောကုတ္တရံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုအုပ်၊ ၁၂၆-နံ၊ ၂၉-င်း၊ သုမှူ။

အနုဗောဓဉာဏံ၊ သင်သိ, မေးသိ, နှာသိ, ဆောင်သိ, ဆင်ခြင်သိ,ဆိုတဲ့ အနုဗောဓသိငါးပါးသည်။ လောကိယံ၊ လောကီ ဉာဏ်ပင်တည်း။ ပဋိဝေဓဉာဏံ၊ ကိုယ်တွေ့ ထိုးထွင်း သိတပါးသည်။ လောကုတ္တရံ၊ လောကုတ္တရာ ဉာဏ်ပင်တည်း။

### ၅၉။ ဝိပဿနာဖြင့် ဒေသနာဉာဏ် ပဋိဝေဓ ဉာဏ်ရပုံ

ဘောသု ဒေသနာဉာဏံ လောကိယံ၊ ပဋိဝေဓဉာဏံ လောကုတ္တရံ။

ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၉၇-နံ၊ ၂၇-င်း၊ ကဝိ-မှူ။

တေသု၊ ထိုဉာဏ်တို့တွင်။ ဒေသနာဉာဏံ၊ ဒေသနာဉာဏ်သည်။ လောကိယံ၊ လောကီဉာဏ်ပင်တည်း။ ပဋိဝေဓဉာဏံ၊ ကိုယ်တွေ့ သိဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာဉာဏ်ပင်တည်း။

၆၀။ ဝိပဿနာအထိ ဟောပြနိုင်သူကား နရုတ္တမ-ပါ

ခတ္တိယာ ဗြာဟ္မဏာ ဝဿာ၊
သုဒ္ဒါ စဏ္ဍာလ ပုက္ကုသာ။
ယမှာ ဓမ္မံ ဝိဇာနေယျ၊
သော ဟိ တဿ နရုတ္တမော။

တေရသနိပါတ် အမ္ဗဇာတ်၊ ၈-နံ၊ ၂၄-ငံး၌လာသည်။

ခတ္တိယာ၊မင်းထံမှငှင်း။ ဗြာဟ္မဏာ၊ပုဏ္ဏားထံမှငှင်း။ ဝဿာ၊ ကုန်သည်ထံမှငှင်း။ သုဒ္ဒါ၊ သူဆင်းရဲထံမှငှင်း။ စဏ္ဍာလာ၊ ခွန်းစဏ္ဍား-စဏ္ဍာလထံမှငှင်း။ ပုက္ကုသာ၊ ပန်းမှိုက်သွန် ဘုရားကျွန်ထံမှငှင်း။ ယမှာ၊ ပြခဲ့ ပြီးသော အကြင်သူထံမှ။ ဓမ္မံ၊ပညတ်တရားနှင့် ပရမတ် ဝိပဿနာ တရားတော်ကြီးကို။ ဝိဇာနေယျ၊ သိရငြားအံ့။ သော၊ ထိုဝိပဿနာတရား ဟောပြသော သူသည်။ တဿ၊ ထိုဝိပဿနာ နာရ၍ တရားရသော သူ၏။ နရုတ္တမော၊ လူ့အထွဋ်-လူမြတ် လူဥက္ကဋ္ဌအစစ် ဖြစ်ပါသတည်း။

ကောသမ္ဗီ ပြည်မှာ ဥတေန မင်း၏ မိဖုယားကြီး သာမာဝတီစသော မိဖုယားငါးရာတို့ကို ပုထုဇန် ဘဝမှ သောတာပန်ရအောင် ခုဇ္ဇုတ္တရာကျွန်မက ဟောပြပေ၏။ ခုဇ္ဇုတ္တရာကျွန်မသည် နရုတ္တမဘွဲ့တော်ကြီး ရရှိတော့၏။

၆၁။ ဝိပဿနာ ခုနစ်ဌာနရလျှင် ဥတ္တမပုရိသ ဘွဲ့ရရှိပြီ

သတ္တဋ္ဌာန ကုသလော ဘိက္ခဝေ ဘိက္ခု တိဝိရူပ ပရိက္ခီ ဣမသ္မိံ ဓမ္မဝိနယေ ကေဝလီ ဝုသိတဝါ ဥတ္တမ ပုရိသောတိ ဝုစ္စတိ၊ ကထဉ္စ ဘိက္ခဝေ ဘိက္ခု သတ္တဋ္ဌာနကုသလော ဟောတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ရူပံ ပဇာနာတိ၊ ရူပ သမုဒယံ ပဇာနာတိ၊ ရူပနိရောဓံ ပဇာနာတိ၊ ရူပနိရောဓ ဂါမိနီ ပဋိပဒံ ပဇာနာတိ၊ ရူပဿ အဿာဒံ ပဇာနာတိ၊ ရူပဿ အာဒီနဝံ ပဇာနာတိ၊ ရူပဿ နိဿရဏံ ပဇာနာတိ။

ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်၊ ဥတ္တမ ပုရိသ သုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ သတ္တဋ္ဌာနကုသလော၊ ခုနစ်ဌာန၌ လိမ္မာသော။ တိဝိရူပ ပရိက္ခီ၊ ၃-ပါးအပြားကိုစုံစမ်းလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသာသနာတော်မြတ်ကြီး၌။ ကေဝလီ၊ ပြီးစီးလုံလောက်သော။ ဝုသိတဝါ၊ ၇-ဌာနမှ ထူး၍ ကျင့်စရာ မရှိသော ပုဂ္ဂိုလ်ကို။ ဥတ္တမ ပုရိသောတိ၊ အမြတ်ဆုံး အာဇာနည် ယောကျ်ားဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ဘိက္ခဝေ၊ချစ်သားတို့။ ကထဉ္စ၊ အသို့လျှင်။ သတ္တဋ္ဌာန ကုသလော။ ၇-ဌာန၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ (၁) ရူပံ၊ ရုပ်တရားကို။ ပဇာနာတိ၊ ကိုယ်တွေ့ဖြင့်သိ၏။ (၂) ရူပ သမုဒယံ၊ ရုပ်တရား၏ ဖြစ်ကြောင်းကို။ ပဇာ

နာတိ၊ ကိုယ်တွေ့ဖြင့်သိ၏။ (၃) ရူပနိရောဓံ၊ ရုပ်တရား၏ ချုပ်ခြင်းကို၊ ပဇာနာတိ၊ ကိုယ်တွေ့ဖြင့် သိ၏။ (၄) ရူပနိရောဓ ဂါမိနိပဋိပဒံ၊ ရုပ်တရားတို့ ချုပ်စေတတ်သော အကျင့်ကို။ ပဇာနာတိ၊ ကိုယ်တွေ့ဖြင့်သိ၏။ (၅) ရူပဿ၊ ရုပ်၏။ အဿာဒံ၊ သာယာဘွယ်ကို။ ပဇာနာတိ၊ကိုယ်တွေ့ ဖြင့်သိ၏။ (၆) ရူပဿ၊ ရုပ်၏။ အာဒီနဝံ၊ အပြစ်ဘေးကို။ ပဇာနာတိ၊ ကိုယ်တွေ့ဖြင့်သိ၏။ (၇)ရူပဿ၊ ရုပ်တရား၏။ နိဿရဏံ၊ ကျွတ်လွတ် ထွက်မြောက်ခြင်းကို။ ပဇာနာတိ၊ ကိုယ်တွေ့ဖြင့်သိ၏။

ဤဘုရားဟောပေါ် ပါဠိတော်အရ (၁) ရုပ်ကိုသိခြင်း၊ (၂)ရုပ်ဖြစ်ကြောင်းကိုသိခြင်း၊(၃)ရုပ်ချုပ်ခြင်းကိုသိခြင်း၊ (၄) ရုပ်ချုပ်တို့ အကျင့်ကိုသိခြင်း၊ (၅) ရုပ်၏ သာယာ ဘွယ်ကိုသိခြင်း၊ (၆) ရုပ်၏အပြစ်ဘေးကို သိခြင်း၊ (၇) ရုပ်၏ ကျွတ်လွတ် ထွက်မြောက်ခြင်းကိုသိ၏။ဋင်း ၇-ပါး ခန္ဓာကိုယ်မှာ ရှာလျှင် ထိုသူကား ဥတ္တမ ပုရိသ တည်း။ မိန်းမ ဖြစ်လျှင် ဥတ္တမ ဣတ္ထိပင်တည်း တဲ့။ ဇဲဒါဟာ သဗ္ဗညုတ ဘုရားရှင်ကြီး၏ ဗျာဒိတ်တော်ကြီး ပင်တည်း။

### ၆၂။ ဝိပဿနာဟာ ဗောဓိ-မဂ်ဉာဏ် ပက္ခိယ-အသင်း အပင်းတဲ့

ဝိပဿနာဆိုတာ ဗောဓိပက္ခိယ တရားပင် ဖြစ်၏။ ဗောဓိ,က မဂ်ဉာဏ်ပါ။ ပက္ခိယ,က အသင်းအပင်း နယ်အတွင်းက ပါတဲ့။ ။ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယော။ ဗောဓိယာ၊ မဂ်ဉာဏ် ၄-ပါး၏။ပက္ခေ၊

အသင်းအပင်း နယ်အတွင်း၌။ဘဝါ၊ဖြစ်ကုန်သောတရား
တို့တည်း။ ဇာတိတည္ဟာ၊ ထို့ကြောင့်။ ဗောဓိပက္ခိယော၊
ဗောဓိပက္ခိယတရားမည်၏။(လင်္ကာကိုမြင်က သိကြလတ္တံ့)

၁။ ဗောဓိပက္ခေ၊ နန်းအောင်မြေ၊ နင်းလေ သတ္တဝါ။
၂။ အောင်မြေနင်းက၊ တန်ခိုး၅၊မိုးဝတက်ဘို့ရော။
၃။ သိဒ္ဓိကိုးတန်၊ အောင်ပွဲခံ၊ တက်ပြန် ဘုံစည်ပါ။
၄။ ဘုရားပစ္စေ၊ သံဃာတွေ၊ တက်လေ ဤနည်းပါ။
၅။ သံသရာဘဝ၊ ခုန်ကျော်ကြ၊ မုချ ဖေါင်ပမာ။
၆။ ကပ္ပရုက္ခေ၊ ပင်ပဒေ၊ ရွှင်စေ သတိသာ။
၇။ သမ္မပ္ပဓာန်၊ တန်ခိုးထန်၊ လေးတန်ဝိရိယာ။
၈။ မြေရှိုးမိုးပျံ၊ တန်ခိုးထန်၊ လေးတန် ဣဒ္ဓိပါ။
၉။ ကိလေမှန်က၊ ကြိတ်ချေပြ၊ ငါးဝ ဗိုလ်အင်္ဂါ။
၁၀။ ကိလေသာယုတ်၊နှင်ကာထုတ်၊ငါးလုပ် ဣန္ဒြေပါ။
၁၁။ မဂ်ဗိုလ် နယ်တွင်း၊ ဆောင်ယူသွင်း၊ အသင်း
ဗောဇ္ဈင်ပါ။
၁၂။ ကိလေသာသတ်၊နိဗ္ဗာန်ရပ်၊ဆောင်တတ်မဂ္ဂင်ပါ။

နေ့တိုင်းကြည့် နေ့တိုင်းကြံ ဗောဓိပက္ခိယ အစွမ်း
ညာဏ်ကို သိမည် ရမည်။

### ၆၃။ ဝိပဿနာ လ/ာလျှင် နေ ၇–ရင်း ထွက်ထာနှင့် တူ၍ ပုထုဇဉ် ကမ္ဘာကြီး ပျက်အံ့

တစ်မှာ ကြံကြံ၊ ၂–တွဲကုန္တဒိ၊ ချောင်းမြောင်းမိ၍၊
သုံးမို့မြစ်ကြီး၊ လေးမီး ၇–အိုင်၊ ငါးဆိုင်သမုဒ်၊ ခြောက်

ထုတ်ခိုးဝေ၊ နေ့ခုနစ်စင်း၊ အပြင်း မီးတောက်၊ ကမ္ဘာ ပျောက်၏။ (ဉာဏာစာဂီလင်္ကာ)။

ပုထုဇဉ် ခန္ဓာကိုယ်နှင့် ကမ္ဘာပျက်ပုံကိုယှဉ်၍ပြဦးအံ့။

(၁) **နေတစင်း**၏ ဒဏ်ချက်ကြောင့် ကမ္ဘာပေါ်ရှိ သစ်ပင် တောတောင်တွေဟာ ကြွကြွ တောက်တောက် ခြောက်ခြောက် သွေ့သွေ့ ဖြစ်ရတာလို သီလ ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့်ခန္ဓာမှာ ကိလေသာများကြွကြွ တောက် တောက် ခြောက်ခြောက် သွေ့သွေ့ ဖြစ်ရပါသည်။

(၂) **နေနှစ်စင်း**၏ ဒဏ်ချက်ကြောင့် ချောင်းမြောင်း ကုန္နဒီများ၌ ရေများ ခန်းခြောက်ရတာလို စိတ္တဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ရှာဖွေမှု, စားသုံးမှု ကိလေသာများ လျော့ပါး ခန်းခြောက်ပါသည်။

(၃) **နေ သုံးစင်း**၏ ဒဏ်ချက်ကြောင့် မြစ်ကြီး ငါး သွယ်၌ ရှိသော ရေများခန်းခြောက် ရတာလို ဒိဋ္ဌိ ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် အပါယ်ခန္ဓာငါးပါး ချုပ်ငြိမ်း ရ၏။

(၄) **နေ လေးစင်း**၏ ဒဏ်ချက်ကြောင့် အိုင်ကြီး ၇-အိုင်က ရေများ ခန်းခြောက်ရတာလို ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် အနုသယ ၇-ပါး လျော့ပါး လာရပါသည်။

(၅) **နေ ငါးစင်း**၏ ဒဏ်ချက်ကြောင့် သမုဒ္ဒရာ ၄-စင်း, ဖ-စင်း၌ ရေများ ခန်းခြောက်ရတာလိုမဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ဒဏ်ချက်ကြောင့် စက္ခု,သောတ

စသော သမုဒ္ဒရာကြီး ခြောက်စင်း၌ ကိလေသာလျှော့ပါး ရပါသည်။

(၆) နေ **ခြောက်စင်း**၏ ဒဏ်ချက်ကြောင့် တော, တောင် ကမ္ဘာ အားလုံး၌ အခိုး အငွေ့များ တလူလူနှင့် ထွက်ရတာလို ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက် ကြောင့် နိဗ္ဗိန္ဒ အခိုးများ တလူလူ ထွက်ရပါသည်။

(၇) နေ **ခုနစ်စင်း**၏ ဒဏ်ချက်ကြောင့် ကမ္ဘာ မြေကြီးအားလုံး မီးတောက်၍ ကမ္ဘာကြီး ပျက်စီးရတာလို ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ပုထုဇဉ် ခန္ဓာ ဟောင်းကြီး ပျောက်၍ အရိယာ ခန္ဓာသစ်ကြီး ဘဝသို့ ရောက်ရပါသည်။ (ဝိဇ္ဇာမိုရ် အဘိုးကြီး ပေးတဲ့ ရတနာ ၇-ပါး တူးခန်းထည့် ပြပါလေ။)

### ၆၄။ ဝိပဿနာသည် မဟပ္ဖလ, မဟာနိသံသ အကျိုးပေးနိုင်ပုံ

ဝိပဿနာဉာဏံ မဟပ္ဖလံ၊ မဟာနိသံသံ၊ ဗောဓိ ပက္ခိယံ။ [သံယုတ်ပါဠိတော်]

ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ မဟပ္ဖလံ၊ ကြီးမားသောအကျိုးရှိပါပေ၏။ဝါ၊အကျိုးရင်းကို ပေးနိုင် ပါပေ၏။ မဟာနိသံသံ၊ များစွာသော အာနိသင်လည်း ရှိပါပေ၏။ ဝါ၊များစွာသော အကျိုးများ– အကျိုးဆက် လည်း ရှိပါပေ၏။ ဗောဓိပက္ခိယံ၊ မဂ်ဉာဏ် ၄-ပါးအဘို့ လည်း ဖြစ်ပါပေ၏။

### ၆၅။ ဝိပဿနာ မဂ္ဂင် ၈-ပါး အမည်သုံးသွဲရပုံ

ဗြဟ္မယာနံ ဣတိပိ ဓမ္မယာနံ ဣတိပိ သင်္ဂါမ
ဝိဇယော ဣတိပိ။ [မဟာဝဂ္ဂသံယုတ်ပါဠိတော်]

ဗြဟ္မယာနံဣတိပိ၊ ဗြဟ္မာကြီးတို့၏ ယာဉ်ရထားဟူ၍ ၎င်း။ ဝါ၊မြတ်သော အရိယာတို့၏ယာဉ်ရထားဟူ၍၎င်း။ ဓမ္မယာနံဣတိပိ၊ တရားတော်၏ ယာဉ်ရထားဟူ၍၎င်း။ သင်္ဂါမဝိဇယောဣတိပိ၊ စစ်မြေပြင်၌ အောင်ပွဲရသော တရားဟူ၍၎င်း။ ဇော်အဓိဝစနံ၊ ဤအမည်ဘွဲ့တော်ကြီး ၃-ပါးသည်။ အရိယသာ၊ မြတ်သော။ အဋ္ဌင်္ဂိကသာ၊အင်္ဂါ ရှစ်ပါးရှိသော။ မဂ္ဂဿ၊ မဂ္ဂင်တရား၏။ အဓိဝစနံ၊ အမည်ပင်တည်း။

### ၆၆။ ဝိပဿနာပွားတုန်း ကိလေသာ မဖြစ်နိုင်နှင့် ၆-ပါး

ကိလေမဖြစ်၊ အလုပ်သစ်၊ မှတ်ရစ်လူမိုလ်ပါ။
ဝတ်ပြုကျမ်းသင်၊ ကျင့်ရှုတင်၊ ရှာနင်သမာဓိပါ။
အမှုသစ် ဝိပဿ်၊ ကိလေခေတ်၊ ဆတ်ဆတ်မဝင်ပါ။

(၁) ဆရာသမားတို့၏ ဝတ်နိဗဒ်ကို ပြုနေသောသူ များ၌ ကိလေသာခေတ် မဝင်ရပါ။ (၂) ကျမ်းဂန်ကို သင်ကြားနေသူများ၌၎င်း, (၃) ရှုတင်ကျင့်သူများ၌၎င်း, (၄) သမထရှာနင်ရှုပွါး၍ နေသူများ၌၎င်း, (၅) အမှု သစ်ကို ပြုလုပ်၍နေသူများ၌၎င်း, (၆) ဝိပဿနာရှုပွား၍ နေသူ များ၌၎င်း, ကိလေသာ- အကုသိုလ် ဒုစရိုက်မဝင် ရပါ။ ဝိပဿနာ ပွားများခိုက်မှာ မှုကား ဝိတက္ကမ

ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ, ငုပ်၍နေသော အနုသယကိလေသာကိုပါ ချုပ်ခန်းငြိမ်းဝေစေနိုင်၍ မဟာ့မဟာ အတိဂရုကကံကြီးလို့ ခေါ် ကြပါသည်။

### ၆၇။ ဝိပဿနာကား ဓမ္မဝိဟာရီ ၆-ပါး၌ ပါဝင်နေပုံ

သုတ,ဝိပဿ်၊ သောတတ်,သကဒါ၊ အနာ,ရဟန်၊ ဤခြောက်တန်၊ ဓမ္မဝိဟာရီပါ။

(၁) ဗဟုသုတရှိ၍နေသူ, (၂) ဝိပဿနာပွားများ၍နေသူ, (၃) သောတာပန်များ, (၄) သကဒါဂါမ်များ, (၅) အနာဂါမ်များ, (၆) ရဟန္တာများ, ဤ ၆-ပါးကား တရားနှင့် နေသူများပါဘဲတဲ့။ နေလဲတရားနှင့် စားလဲတရားနှင့် ပြောလဲတရားနှင့် အိပ်လဲတရားနှင့် အရာရာမှာ တရားနှင့်သာ နေသောကြောင့် ဓမ္မဝိဟာရီတွေတဲ့။

### ၆၈။ ဝိပဿနာကား သံသရာကို ကူးနေသူ ရောက်စသူ ၃-၌ပါနေပုံ

| လှေတွေ့သူ | လှေဖြင့်ကူးနေသူ | တဖက်ကမ်းရောက်သူ |
|---|---|---|
| ဉာတပရိညာ | တီရဏပရိညာ | ပဟာနပရိညာ |
| ဖြစ်ပျက်တာတွေ့ | အနိစ္စ,ဒုက္ခ,အနတ္တ,တွေ့ | အဝိဇ္ဇာဒိဋ္ဌိဝိစိကိစ္ဆာ |
| ဒိဋ္ဌိ၊ကင်္ခါ၊ဝိသုဒ္ဓိ | မဂ္ဂါ၊ပဋိပဒါဝိသုဒ္ဓိ | ဉာဏဒဿနဝိသုဒ္ဓိ |
| ၂-ပါး။ | ၂-ပါး။ | ၁ပါး။ |

### လက်ာကျက်ဆောင်ရန်

(၁) ဒိဋ္ဌိ၊ ကင်္ခါ၊ ဉာတ,သာနှင့်၊ မဂ္ဂါ,ပဋိ၊ တီရဏ၊ အရိပဟာနာ။

(၂) ပရိညာ ၃-ပါး၊ ကိုယ်၌ပွါး၊ ခေါ်ကြွေးအရိယာ
(၃) လှေတွေ့သောခါ၊ ကူးသောခါနှင့်။ လိုရာအရပ်၊ ရောက်တုံလတ်၊ မှတ်ကြအတူသာ။
(၄) လှေတွေ့-ဉာဏ၊ ကူးက-တီရဏာ၊ ရောက်ခါပဟာန၊ ပမာပြ၊ မှတ်ကြသေအချာ။

## ၆၉။ ဝိပဿနာကား ထွက်မြောက်စေတတ်သောကြောင့် နေကွမ-မည်ပုံ

ပဗ္ဗဇိတ်, ဈာန၊ အမတ, ဝိပဿ်၊ ကာသိုလ်ခတ်၊ ငါးရပ်နေကွမာ။

(၁) **ပဗ္ဗဇ္ဇာ**-ကိလေသာ ယုတ်ကို နှင်ကာ ထုတ်တတ်သောမိန်းမ, ယောကျ်ား, ဘိုးသူတော်, သီလရှင်, ရှင်, ရဟန်းများ။ (၂) **ဈာန**- ဈာန်ဝင်စား၍ နေသူများ။ (၃) **အမတ**-နိဗ္ဗာန်ကိုဆင်ခြင်တွေးတော သဘောမိ၍ ကြံစည်ကာနေသူများ။ (၄) **ဝိပဿနာ**-ပွါးများ၍ နေသူများ။ (၅) ထာဝစဉ် **ကာသိုလ်**ပြု၍ နေသူများ။ ဤ ငါးစုသား တို့သည် အကုသိုလ်နယ် ကိလေသာနယ်မှ ထွက်မြောက်၍ နေဆဲနေပြီး နေလတ့် သူများဖြစ်၍ နေကွမ ဘွဲ့တော်ကြီး ရရှိသူတို့တည်း။

## ၇၀။ ဝိပဿနာ ပွါးများသူကား အရွှာသယ ၆-ပါး၌ ပါဝင်နေပုံ

လော, ဒေါ, မော,အာ၊ နေကွမနှင့်၊ နိဿရဏာ၊ ပဝိ၊ ခြောက်ပါးရှိ၊ ဗောဓိအရွှာသယာ။ ။**လင်္ကာ**။

(၁) အလောဘဏ္ဍာသယ၊ လောဘနည်းပါး၍ ဒါန သန်သူ။ (၂) အဒေါသဏ္ဍာသယ၊ ဒေါသ နည်းပါး၍ မေတ္တာသန်သူ။(၃)အမောဟဏ္ဍာသယ-မောဟနည်းပါး၍ ပညာဝိပဿနာသန်သူ။ (၄) နေက္ခမအဏ္ဍာသယ၊ အပျော် အပါး နည်းပါး၍ ကာမဂုဏ် အပြစ်မြင်သန်နေသူ။ (၅) နိဿရဏ အဏ္ဍာသယ•ကျွတ်လွတ် ထွက် မြောက်ဘို့ စိတ်ထားသန်နေသူ။ (၆)ပဝိဝေကအဏ္ဍာသယ၊ အများနှင့် မနေလိုဘဲ ဆိတ်ငြိမ်ရာ၌ကပ်၍ နေလိုသူ။ ဝိပဿနာကား အနုသယအငုတ်ကပင် ထွက်မြောက်လို၍ပဋ္ဌမတန်းပါဘဲ။

### ၇၁။ ဝိပဿနာကား လောဘ, ဒေါသ, မောဟ •အထုကို ဖေါက်ခွဲ နိုင်သည်

လော, ဒေါ, မောဟ၊ ကမ္ဘာ့ရောဂါ၊ ဖေါက်ခွဲရှာ၊
ကြီးစွာ ဝိပဿနာ။
ထိုးထွင်းဖေါက်ခွဲ၊ ပြုနိုင်ခဲ၊ ဖြိုခွဲဝိပဿနာ။
နိဗ္ဗေဓိက၊ အမည်ရ၊ ပြည့်မ မဝေးပါ။
ထိတ်လန့်, ဆန့်ကျင် မပျော်ရွှင်၊ လေးအင် ဖေါက်ထွင်းရှာ။

သံသရာ တလျှောက်လုံး ဖေါက်မရ ဖြိုမရ ခွဲမရတဲ့ လောဘအထု, ဒေါသအထု, မောဟအထု, ကိလေသာ အထု,အကုသိုလ် အထုကြီးတို့ကို ဝိပဿနာက ၁၃-စုဖြင့် ၁၃-ပိုင်း ပိုင်းခြား၍ ဖြိုဖျက်၏။ ထိုးဖေါက်၏။ ဖြိုခွဲ၏။ ထို့ကြောင့် ဝိပဿနာကို နိဗ္ဗေဓိက ဆိုတဲ့ ဘွဲ့တော် ကြီးဖြင့် သမုတ်၍ ထားပါသည်။

နိဗ္ဗာန်ပြည်ကြီးနှင့်မဝေးတော့ပါ။ ဝိပဿနာက ၎င်းအာ ထုကြီး အထယ်ကြီး တို့ကို ဖြိုနိုင်တယ်။ ခွဲနိုင်တယ်။ ထိုး ဖေါက်နိုင်တယ် ဆိုတာ ဘာကိုမြင်လို့ သိရ ပါသလဲဟု မေးမြန်းသော် ဝိပဿနာ ယောဂီသည် ဘဝ, ဂတိ, ယောနိ, ဌိတိ, သတ္တာဝါသ တို့၌ (၁) ကြောက်လာပြီ၊ (၂) လန့်၍လာပြီ၊ (၃) ဆန့်ကျင်၍ လာပြီ၊ (၄) မပျော်ရွှင် တော့ပြီ၊ အဲဒါမြင်လို့ သိရပါ၏။

ထိတ်, လန့်’ ဆန့်ကျင်၊ မပျော်ရွှင်၊ လေးအင် ဖေါက်ထွင်းရာ။

## ၇၂။ ဝိပဿနာစိတ်သည် နိဗ္ဗာန်သို့ ကိုင်းရှိုင်း ညွတ်နေပုံ

ဝိပဿနာ စိတ္တံ တန္နိန္နံ တပ္ပေါဏံ တံပဗ္ဘာရံ ကရောတိ။

သုတ်သီလက္ခန် အဋ္ဌကထာ၊ ၁၇၈-နံ၊ ၁-ငံးချစ်ဆွဲမှု။

ဝိပဿနာစိတ္တံ၊ ဝိပဿနာစိတ်သည်။ တန္နိန္နံ၊ ထိုနိဗ္ဗာန် သို့ညွတ်၏။ တပ္ပေါဏံ၊ ထိုနိဗ္ဗာန်သို့ ကိုင်း၏။ တံပဗ္ဘာရံ၊ ထိုနိဗ္ဗာန်သို့ရှိုင်း၏။ ပက္ခန္ဒနံ၊ နိဗ္ဗာန်သို့ ပြေးဝင်၏။

## ၇၃။ ဝိပဿနာသည် ဥဒယဗ္ဗယဂါမိနီ သတ္တိရှိ၏။

## ၇၄။ ဝိပဿနာသည် နိဗ္ဗေဓိက သတ္တိလည်းရှိ၏။

## ၇၅။ ဝိပဿနာသည် ဒုက္ခက္ခယဒုက္ခအပေါင်းကိုကုန်ခန်း စေနိုင်၏။

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော။ အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ။

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်။

ပညဝါ၊ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ်အပျက်ကို ဖေါက်ထွင်းသိမြင်နိုင်သော။ ပညာယ၊ပညာနှင့်။သမန္နာဂတော၊ ပြည့်စုံ၏။အရိယာယ၊ ဖြူစင်သော။ ဝါ၊ ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ လောဘ, ဒေါသ, မောဟ, ကိလေသာ အကုသိုလ် အထု အထယ် ကြီးကို ထိုးဖေါက် ဖြိုခွဲနိုင်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ သမ္မာ၊ကောင်းစွာ။ ဒုက္ခက္ခယ ဂါမိနိယာ၊ ဒုက္ခကို ကုန်ခန်း စေနိုင်သော။ ပညာယ၊ ဝိပဿနာပညာ, မဂ်ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ လုံလောက်၍ နေပါပေ၏။

## ၇၆။ နေထွက်ခါနီး အရုဏ်တက် မင်္ဂရခါနီး ခေတ်တရားပေါ်ပုံ

သေယျထာပိ ဘိက္ခဝေ သူရိယဿ ဥဒယတော ဧတံ ပုဗ္ဗင်္ဂမံ၊ ဧတံ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂမနံ။ ဧဝမေဝခေါ ဘိက္ခဝေ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ ဧတံ ပုဗ္ဗင်္ဂမံ၊ ဧတံ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ သမ္မာဒိဋ္ဌိ။

ဇုဏ္ဍသယ ၁၅၁-၄

မဟာဝဂ္ဂ သံယုတ်ပါဠိတော် ၁၉-နှာ၊ ၂၂-ပိုဒ်၊ နှင့်၊ ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ၃၉၈-နှာ၊ ၂၅-ပိုဒ်၊ စတုက္ကနိပါတ်အင်္ဂုတ္တိုရ်၊ ရူပကာယ် တတိယတွဲ၊ ဓမ္မသာခြင်းတွဲ၊ ၁၁၄-နှာ၊ ၁၄-ပိုဒ်၌ ပါရှိသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဥဒယတော၊ တက်လာသော။ သူရိယဿ၊ နေမင်း၏။ ယဒိဒံအရုဏုဂ္ဂမနံ၊ အကြင် အရုဏ်တက်ခြင်းသည်။အတ္ထိ၊ ရှိ၏။ဧတံ၊ ဤအရုဏ်တက်ခြင်းသည်။ပုဗ္ဗင်္ဂမံ၊ နေ၏ရှေးသွားတည်း။ဧတံ၊ဤအရုဏ်တက်ခြင်းသည်။ပုဗ္ဗနိမိတ္တံ၊ နေ၏ရှေးပြေး နိမိတ်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝခေါ၊ ဤအတူ သာလျှင်။ ယဒိဒံ သမ္မာဒိဋ္ဌိ၊ အကြင်ဝိပဿနာအခိုက်၌ ခတ်ပေါ် ၍ သမ္မာဒိဋ္ဌိဖြစ်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤဝိပဿနာခတ်ပေါ် ညဏ်မြင် သမ္မာဒိဋ္ဌိသည်။ အရိယဿ၊ ကိလေသာရန်သူကို သတ်တတ်သော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါး ရှိသော။ မဂ္ဂဿ၊ သောတာပတ္တိ မဂ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ် လာခြင်းငှါ။ ပုဗ္ဗင်္ဂမံ၊ ရှေးသွား ပင်တည်း။ ပုဗ္ဗနိမိတ္တံ၊ ရှေးပြေး နိမိတ်ပင်တည်း။

## ၇၇။ လက္ခဏာရေး သုံးပါး၏ တန်ခိုးတေဇော် အာနုဘော်ကြီး

ချေးညှော်ကပ်သော အဝတ်နှင့် အနုသယကိလေသာ ကပ်ငြိသော စိတ် တူ၏။ သုံးပါးအပြားရှိသော ဆပ်ပြာ တိုက်၍ ဖွပ်လျှော်သော အခါကဲ့သို့ အနိစ္စ, ဒုက္ခ, အနတ္တ,

တင်၍ ၎င်းအနုသယ ကိလေသာကို နှုး,ချွေ, မငြိစေဘဲ ပြုသောအခါကို မှတ်အပ်၏။ ရေထဲ၌ အဝတ်ကို နယ်၍ ချေးညှော်ကို ခွါထုတ်ကာ ဖျောသော အခါ ကဲ့သို့ သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌိ, ဝိစိ, သီလဗ္ဗတပရာမာသကို နှင်ထုတ်ဖျောပယ်သော အခါကို မှတ်အပ်၏။

ကိလိဋ္ဌ ဝတ္ထံဝိယ ကိလေသာ နုဂတံ စိတ္တံ၊တိဝိဓာ ခါရဒါနကာလောဝိယ တိသု အနုပဿနာသု ကမ္မ ပတ္တနကာလော၊ ဥဒကေ ဝိက္ခာလေတွာ သြဋ္ဌာ ရိကော ဋ္ဌာရိက မလပဝါဟနံဝိယ သောတာပတ္တိ မဂ္ဂေန ပဉ္စကိလေသက္ခေပနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၂၆၉-နံ၊ ၅-ငိး၊ ဟံ-မူ။

ကိလိဋ္ဌ ဝတ္ထံဝိယ၊ ညစ်နွမ်းသော အဝတ်ကဲ့သို့။ ကိလေသာနုဂတံ၊ အနုသယ ကိလေသာနှင့် တကွသော။ စိတ္တံ။ စိတ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တိဝိဓာခါရဒါနကာ လောဝိယ၊ သုံးပါး အပြား ရှိသော ဆပ်ပြာရေထည့် ပေးသော အခါကဲ့သို့။ တိသု အနုပဿနာသု၊ ၃-ပါး ကုန်သော အနိစ္စ, ဒုက္ခ,အနတ္တ, အနုပဿနာ တို့၌။ ကမ္မ ပတ္တနကာလော၊ ကမ္မဋ္ဌာန်းရှုပွါးသောအခါကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏၊ ဥဒကေ၊ ရေ၌။ ဝိက္ခာလေတွာ၊ ညှစ်နယ်၍။ သြဋ္ဌာကော ဋ္ဌာရိက မလပဝါဟနံဝိယ၊ ရုန့်ရင်းသော သိမ်မွေ့သော အညစ် အကြေးကို ဖျောသော အခါကဲ့သို့။ သောတာပတ္တိ မဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ပဉ္စကိလေ သက္ခေပနံ၊ ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါး၊ ဝိစိကိစ္ဆာ

သမ္မုယုတ် စိတ်တပါးအားဖြင့် ငါးပါးသော ကိလေသာကို ကုန်ခန်းစေခြင်းကို၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ၇၈။ ကန္တာရ ကူးခပ်ကြ၊ ဘဝကန္တာရ ဝိပဿနာဇရနဲ့ ကူးသန်းကြ

ကန္တာရေတိ နိရုဒကေ ဣရိဏေ၊ ကံ တာရေန္တိ နယန္တိ ဧတ္ထာတိ ဟိ ကန္တာရော၊ ဥဒကံ ဂဟေတွာ တရိတဗ္ဗဋ္ဌာနံ။

ဝိမာနဝတ္ထု၊ အဋ္ဌကထာ သေရိသကဝိမာနဝတ္ထု၊ ၃၁၆-နှာ၊ ၁၂-ငါး-သုံး-မှု။

ကန္တာရေတိ၊ ဟူသည်ကား။ နိရုဒကေ၊ ရေအရှင်းပင်မရှိသော။ ဣရိဏေ၊ သဲပြင်ဖြစ်၍နေသော။ ဌာနေ၊ အရပ်၌။ ဧတ္ထ၊ ဤနိရုဒက ကန္တာရထဲ၌။ ကန္တာရေန္တိ၊ ရေကိုယူ၍ ကူးခပ်ရကုန်၏။ ဝါ၊ တနည်းကား။ ကံ၊ ရေကို။ နယန္တိ၊ ဆောင်ယူရကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ရေဖြင့်ဆောင်ယူ၍ ကူးခတ်ရာဌာန ဖြစ်ပါသောကြောင့်။ တံဌာနံ၊ ထိုအရပ်သည်။ ကန္တာရံ၊ ကန္တာရမည်၏။ ဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ တရိတဗ္ဗဋ္ဌာနံ၊ ကူးခပ်ရာအရပ်ပင်တည်း။

ဖင်းခရီးမျိုးကား ရေမပါဘဲ မသွားနိုင်။ ရေပါမှသာလျှင် သွားနိုင်သောကြောင့် ထိုအရပ်ကို ကန္တာရဟူ၍ ခေါ်ဝေါ်ကြပါသည်။

**ပုထုဇဉ်ဘဝနှင့် (ဘဝကန္တာရကြီးခြားနေ၏။) အရိယာ ဘဝ**

ကန္တာရောတိ ဘဝကန္တာရော ဝိပဿနာ ဥဒကံ ဂဟေတွာ တရိတဗ္ဗဋ္ဌာနံ။ [ဖင်းဋီကာ]

**ကံ**- တနင်္လာနံ၊ ၂-ဂဏန်း၊ ရုပ်နာမ် ၂-ပါးရှု၍။ [ကူးတို့] **တာ**-စနေနံ၊ ၇- ဂဏန်း၊ ဗောဇ္ဈင် ၇-ပါးရှု၍။ [ကူးတို့]ရ-ဗုဒ္ဓဟူးနံ၊ ၄-ဂဏန်း၊သစ္စာ ၄-ပါး။[ကူးတို့] **ကဋ္ဌာ**ရ-ရုပ်နာမ် ၂-ပါး၊ဗောဇ္ဈင် ၇-ပါး, သစ္စာ ၄-ပါး၊ [ကူးတို့]

ကဋ္ဌာရောတိ၊ဟူသည်ကား။ ဘဝကဋ္ဌာရော၊ ဘဝ ဆိုတဲ့ ကဋ္ဌာရကြီးပင်တည်း။ဝိပဿနာဥဒကံ၊ဝိပဿနာ တည်းဟူသော ရေကို။ ဂဟေတွာ၊ ယူ၍။ တရိတဗ္ဗဥ္စာနံ၊ ကူးခပ်အပ်သော ခရီးတည်း။

အတိုချုပ်လိုရင်းမှာ ပုထုဇဉ်ဘဝက အရိယာဘဝသို့ ကူးသန်းချင်ပါလျှင် ဝိပဿနာရေကို လှံလောက်အောင် ဆောင်ယူ၍ ကူးသန်းမှ အရိယာဘဝသို့ ရောက်ပါ လိမ့်မည်။

### ၇၉။ ဝိပဿနာဖြင့် အဝိဇ္ဇာငါးဆင့်သတ်၍ နိဗ္ဗာန်အထိ ကူးသွားပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ပုထုဇဉ် | ဝိ | သော | သ | န | ရ | နိဗ္ဗာန် |
| | ၁ | ၂ | ၃ | ၄ | ၅ | |
| | ဇ္ဇာခွါ၊ | ခွါ | ခွါ | ခွါ | ခွါ | |

ဝိပဿနာအခိုက်၌ အဝိဇ္ဇာခွါ၊ သောတာပန်၌ဇ္ဇာခွါ၊ သကဒါဂါမိ၌ ဇ္ဇာခွါ၊ အနာဂါမိ၌ဇ္ဇာခွါ၊ရဟန္တာ၌ဇ္ဇာခွါ၊ ငါးဆင့်ခွါနိုင်မှ ပုထုဇဉ်ဘဝမှ ကူး၍ နိဗ္ဗာန်သို့ရောက်နိုင် ပါသည်။

(၁) ဣဓ....စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ။

ဘိက္ခု၊ ရဟန်း။ ခေါ၊ စင်စစ်။ စက္ခုံ၊ စက္ခုဝတ်ကို။ အနိစ္စတော၊ မမြဲသော သဘောအားဖြင့်။ ဇာနတော၊ သိသော။ ပဿတော၊ မြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်သတ်နိုင်၏။ အဲဒါက ဝိပဿနာအခိုက်၌ အဝိဇ္ဇာကွာပုံတည်း။

(၂) ဣဓ.... အန္တကာရံဝိယ သစ္စစ္ဆာဒကတမံ ဝိဒ္ဓံသေတွာ။

အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၆၇-နံ၊ ၂၉-င်း၊ဟံ-မူ။

အန္တကာရံဝိယ၊ အမိုက်တိုက်ကြီးကဲ့သို့။ သစ္စစ္ဆာဒကတမံ၊ သစ္စာ ၄-ပါးကို ဖုံးလွှမ်းထားသော မောဟအဝိဇ္ဇာ အမိုက်ကို။ ဝိဒ္ဓံသေတွာ၊ သောတာပတ္တိမဂ်ဖြင့် ဖျက်ဆီး၍။

(၃) ဣဓ....အန္တကာရာ ဝဋ္ဋရဏံဝိယ ဥပရိမဂ္ဂတ္တယ ဝဇ္ဈံ သစ္စစ္ဆာဒကတမံ။

အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၆၇-နံ၊ ၁၉-င်း ဟံ-မူ။

အန္တကာရာ ဝဋ္ဋရဏံ ဝိယ၊ အမိုက်တိုက်ဖြင့် ဖုံးလွှမ်းထားအပ်သကဲ့သို့။ ဥပရိမဂ္ဂတ္တယ ဝဇ္ဈံ၊ အထက် မဂ် ၃-ပါး၏ ရန်သူအဖြစ် ဖြစ်သော။ သစ္စစ္ဆာဒကတမံ၊ သစ္စာလေးပါးကို ဖုံးလွှမ်းထားသော မောဟ-အဝိဇ္ဇာ အမိုက်တိုက်ကြီးကို။ ဝိဒ္ဓံသေတွာ၊ သကဒါဂါမိမဂ်ဖြင့် ဖျက်ဆီး၍။

(၄) ဣဓ…ပုန အန္တကာရာဝဋ္ဋရဏာံ ဝိယ ဥပရိမဂ္ဂဒွယ ဝဇ္ဇံ သစ္စဉ္စဉ္ဇာဒကတမံ။

အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၆၇-နံ၊၂၉-ပိုဒ်၊ဟံ-မူ။

ပုန၊တဖန်။ အန္တကာရာဝဋ္ဋရဏာံဝိယ၊ အမိုက်တိုက်ဖြင့် ဖုံးလွှမ်းအပ်သကဲ့သို့။ ဥပရိမဂ္ဂဒွယဝဇ္ဇံ၊ အထက်မဂ် ၂-ပါး၏ ရန်သူအဖြစ် ဖြစ်သော။ သစ္စဉ္စဉ္ဇာဒကတမံ၊သစ္စာ ၄-ပါးကို ဖုံးလွှမ်းထားသော မောဟ-အဝိဇ္ဇာအမိုက်တိုက်ကြီးကို။ ဝိဒ္ဓံသေတွာ၊ အနာဂါမိမဂ်ဖြင့် ဖျက်ဆီး၍။

(၅) ဣဓ…ပုန အန္တကာရာ ဝဋ္ဋရဏာံ ဝိယ ဥပရိ အရဟတ္တ မဂ္ဂဝဇ္ဇံ သစ္စဉ္စဉ္ဇာဒကတမံ။

အဋ္ဌသာလိနီ၊၂၆၇-နံ၊၂၉-ပိုဒ်။ဟံ-မူ။

ပုန၊တဖန်။ အန္တကာရာဝဋ္ဋရဏာံဝိယ၊အမိုက်တိုက်ဖြင့် ဖုံးလွှမ်းအပ်သကဲ့သို့။ ဥပရိအရဟတ္တ မဂ္ဂဝဇ္ဇံ၊ အထက် အရဟတ္တမဂ်၏ ရန်သူအဖြစ် ဖြစ်သော။သစ္စဉ္စဉ္ဇာဒကတမံ၊ သစ္စာ ၄-ပါးကို ဖုံးလွှမ်း၍ထားသော မောဟ-အဝိဇ္ဇာ အမိုက်တိုက်ကြီးကို။ ဝိဒ္ဓံသေတွာ၊ အရဟတ္တမဂ်ဖြင့်။ ဖျက်ဆီး၍။ ။ဤကား- အဝိဇ္ဇာကို ငါးစုစု၍ ဉာဏ် ငါးပါးဖြင့် အဆင့်ဆင့်ဖျက်ဆီးပုံတည်း။

### ၁၀။ ဘုရားဟော ဘယ်မျှကျယ်ကျယ် ဝိပဿနာ ရုပ်-နာမ် ၂-ပါး ပါဘဲတဲ့

ဘဝကြီး ကိုးပါး, ယောနိ လေးပါး, ဂတိ ငါးပါး, ဝိညာဏဋ္ဌိတိ ၇-ပါး,သတ္တာဝါသ ကိုးပါး, ခန္ဓာ ၅-ပါး,

အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး, သစ္စာ ၄-ပါး, ဗောဓိပက္ခိယ ၃၇-ပါး, ဝိဋ္ဋကတ် သုံးသွယ်, နိကာယ် ငါးဖြာ, 'အင်္ဂါ ကိုးတန်, ဓမ္မက္ခန္ဓာ ပေါင်း ၈၄၀၀၀-များခြောင်း၍ ကွဲကာနေပေမဲ့ ရုပ်,နာမ် ၂-ပါး သာ ရှိပါ တယ်။သမ္မာဒိဋ္ဌိဉာဏ် ရပုံတည်း။

သဗ္ဗဘာဝ ယောနိဂတိ ဌိတိ နိဝါသေသု ဟေတု
ဖလ သမ္ဗန္ဓဝသေန ပဝတ္တမာနံ နာမရူပ မတ္တမေဝ
ခါယတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ်၊ ၂၀၉-နံ၊၃-ငိ၊ သု-မူ။

သဗ္ဗ ဘာဝ ယောနိ ဂတိ ဌိတိ နိဝါသေသု၊ အလုံးစုံ သော ဘဝကြီး ၉-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး,သတ္တာဝါသ ၉-ပါးတို့၌။ဟေတုဖလ သမ္ဗန္ဓဝသေန၊ အကြောင်းနှင့်အကျိုး စပ်သည်၏ အစွမ်း အားဖြင့်။ ပဝတ္တမာနံ၊ ဖြစ်၍နေသော။ နာမရူပ မတ္တမေဝ၊ နာမ်ရုပ် ၂-ပါးမျှသည်သာလျှင်။ ခါယတိ၊ ထင်မြင်တွေ့ရ တော့၏။ အမှန်မြင်ရပုံတည်း။

## ၈၁။ ဝိပဿနာ ပစ္စယ ပရိဂ္ဂဟဉာဏ် တခု ရပြီး၏

ဝိပဿကော ပန ကမ္မန္တရဉ္စ ဝိပါကန္တရဉ္စ ဧက
ဒေသတော ဇာနိတဗ္ဗံ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ် ၂၀၈-နံ၊ ၁၈-ငိ။ သု-မူ။

ပန၊ တခုထဲကိုမှဲ၍ ရှုရပုံကို ပြဆိုဦးအံ့။ ဝိပဿကော၊ ဝိပဿနာ ပွါးများသော ယောဂီသည်။ ကမ္မန္တရဉ္စ၊ ကံ

အကြောင်း အထူးကိုရင်း။ ဝိပါကဇ္ဇ ရဇ္ဇ၊ ဝိပါက် ဆိုတဲ့ အကျိုးထူး ကိုရင်း။ ကေဒေသတော၊ တစိတ် တဒေသ အားဖြင့်။ ဓာနိတဖွံ့ သိထားအပ်၏။ ။အများ လိုက်၍ ရှုကာ မနေ ပါနှင့် တဲ့။

### ၇၂။ ဝိပဿနာ နာမရူပ ပရိစ္ဆေဒ၌ တခုသာ သဲသဲမဲမဲရှု ပြီး၏

သာဝကာ ဟိ စတုန္နံ ခေတူနံ ကေ ဒေသမေဝ
သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။

မူလ ပဏ္ဏာသ အဋ္ဌကထာ။

ဟိ၊ တခုထဲရှုရပုံကို ပြဆိုပါဦးအံ့။သာဝကာ၊သာဝက တို့သည်။ စတုန္နံခေတူနံ၊ ခေတ်ကြီး ၄-ပါးတို့တွင်။ ကေ ဒေသမေဝ၊ တစိတ် တဒေသကို သာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြ ကုန်၏။ ။များရာသို့ လိုက်ကာ မရှုကြပါ နှင့် တဲ့။

ကောဓမ္မော ဘိက္ခဝေ ဘာဝိတော၊ ဗဟုလီကတော၊ အတိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ဆိုတဲ့ ကေ အင်္ဂုတ္တိုရ်၏ ပါဠိတော်ကိုလဲ ကြည့်ပါ ဦးလော့။

ကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟတော အတ္ထာယ မဟတော ဟိတာယ သုခါယ သံဝတ္တတိ ပါဠိတော်ကိုလဲ ရှုကြပါ ဦးလော့။

### ၈၃။ ဝိပဿနာ မဟာ့ မဟာ အတိဂရုကံကြီးသာ ဦးစွာအကျိုးပေးသတဲ့

ဂရုကာ ဂရုကေသု ယံဂရုကံ မာတုဃာတကာ
ဒိကံဝါ မဟဂ္ဂတ ကမ္မံဝါ တဒေဝ ပထမံ ဝိပစ္စတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုအုပ် ၂၀၈-နံ့။ ၁-င်း၊ သု-မှူ။

ဂရုကာ ဂရုကေသု၊ ဂရုကကံ လဟုက ကံ တို့တွင်။ မာတု ဃာတကာဒိကမ္မံ၊ အမိကို သတ်ခြင်း အစရှိသော ကံဟုဆိုအပ်သော။ ယံဂရုကံဝါ၊ အကြင်ဂရုက ကံသည် ၎င်း။ မဟဂ္ဂတကမ္မံဝါ၊ မဟဂ္ဂုတ်ကံ သည်၎င်း။ တဒေဝ၊ ထိုဂရုကကံသည် သာလျှင်။ ပထမံ၊ ရှေးဦးစွာ။ ဝိပစ္စတိ၊ အကျိုးပေးပေ၏။

### ၈၄။ ဝိပဿနာ ဂရုကံ ပထမဦးစွာ အကျိုးပေးပုံ

ဂရုကန္တိ မဟာသာဝဇ္ဇံ၊ မဟာနုဘာဝဥ္စ၊ အညေန
ကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျ ကမ္မံ။

ဋီကာကျော် ဘုံပိုင်း ၁၂၉-နံ့၊ ၃-င်း၊ ဇံ-မှူ။

ဂရုကန္တိ၊ ဟူသည်ကား။ မဟာသာဝဇ္ဇံ ၊အပြစ် ကြီး လေးသော ပဥ္စာနန္တရိယ, ဘိက္ခုနီဒူသက, အရိယူပဝါဒ, နိယတမိစ္ဆာဒိဋ္ဌိ ကံမျိုးတည်း။ ။အဲဒါက အကုသိုလ် ဘက်က ဂရုကကံကို ရည်သည်။

ဂရုကန္တိ၊ ဟူသည်ကား။ မဟာနုဘာဝဥ္စ၊ ကြီးသော အာနုဘော်ရှိသော မဟဂ္ဂုတ် ၉-ပါးကံနှင့် ဝိပဿနာကံ, မဂ်ကံ မျိုးသာတည်း။ အညေနကမ္မေန၊ တပါးသောလဟု

က ကံမျိုးသည်။ ပဋိဗာဟိတို၊ တားမြစ်ခြင်းငှါ။ အသက္ကု ဏေယျကမ္မ၊ မစွမ်းနိုင်သော ဂရုကံ ၄-မျိုးတည်း။ ။

ရူပ ဂရုက, အရူပ ဂရုက, ဝိပဿနာ ဂရုက, မဂ် ဂရုက, ၄-မျိုး။

**၇၅။ ဝိရှိတဲ့ အရိယာ သာဝက နိယတဂတိကတည်း**

အရိယ သာဝကာ နိယတဂတိကာ၊ သုဂတိ ပရာ
ယနာ။ ပုထုဇ္ဇနာနံ ဂတိ အနိယတာ။

မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ ၂၉၀-နံ၊ ၁၄-ငါး၊ သား မှု။

အရိယ သာဝကာ၊ ဝိပဿနာရသော အရိယာသာဝက တို့သည်။ နိယတ ဂတိကာ၊ မြဲသော ဂတိရှိကြကုန်၏။ သုဂတိ ပရာယနာ၊ သုဂတိ ဘုံတို့၌သာ လည်းလျောင်းရာ ရှိကြကုန်၏။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ် တို့၏။ ဂတိ၊ လားရာဂတိသည်။ အနိယတာ၊ မမြဲပါ။

ဝတုဗ္ဗိဓော ဟိ အရိယာ ပါဠိနှင့်စပ်၍ဟောပြပါလေ။ ဝိပဿနာ ကစ၍ မဂ်ဖိုလ် ရသူကို အရိယာ သာဝက ဖွင့်ပုံလဲ ကြည့်ပါဦး။

**၇၆။ ဝိပဿနာနှင့် မဂ်သည် အနိမိတ္တစသည်၌ ဆိုကြပုံ**

အနိမိတ္တညစ ဘာဝေဟိတိ နိစ္စာဒိနံ နိမိတ္တာနံ ဥဂ္ဃာ
ဋိတတ္တာ ဝိပဿနာ အနိမိတ္တာနာမ၊ တံ ဘာဝေ
ဟိတိ ဝဒတိ။

သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ။ ၂၂၈-နံ။ ၁၀-ငါး၊ ဇံ-မှု။

အနိမိတ္တညစ ဘာဝေ ဟိတိ၊ ဟူသည်ကား။ နိစ္စာဒိ နိမိတ္တာနံ၊ နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ်, သုဘနိမိတ်

၄-မျိုး တို့ကို။ ဥဿာဒို တဗ္ဗာ၊ ခွါနိုင် သောကြောင့်။ ဝိပဿနာ၊ ဝိပဿနာသည်။ အနိမိတ္တာ နာမ၊ အနိမိတ္တ မည်၏။ တံ၊ ထိုဝိပဿနာကို။ ဘာဝေဟိ၊ ပွါးများပါလော့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။

### ၈၇။ ဇာနာတိ ပဿတိ၌ ဝိပဿနာနှင့် မဂ်ဤပုံ

ဇာနာတိ ပဿတိတိ သဟ ဝိပဿနာယ မဂ္ဂေါ
ဝုတ္တော၊ ပထဝီဓာတု အာဒယော သ ဝိညာဏက
ကာယံ သုညတော နိသတ္တတော ဒဿေတုံ ဝုတ္တာ။

ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဗဟုဓာတုက သုတ်ဖွင့်။

ဇာနာတိ ပဿတိတိ၊ ဟူသည်ကား။ ဝိပဿနာယ၊ ဝိပဿနာနှင့်။ သဟ၊ တကွ။ မဂ္ဂေါ၊ မဂ်ကို။ ဝုတ္တော၊ ဆိုအပ်၏။ ပထဝီဓာတု အာဒယော၊ ပထဝီဓာတ် အစရှိသည်တို့သည်။ သဝိညာဏက ကာယံ၊ အသက် ဝိညာဉ်ရှိသောကိုယ်၌။ သုညတော၊ ဆိတ် သုဉ်းသော အားဖြင့်။ နိသတ္တတော၊ သတ္တဝါ မရှိသော အားဖြင့်။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝုတ္တာ၊ ဟောတော်မူအပ်၏၊

### ၈၈။ ဝိပဿနာ ကြောင့် တစ တစ တပ်ခြင်း ကင်း ကင်း လာ၏

ဧဝံ တဗ္ဗ ဝိရဇ္ဇတိတိ ဧသော အယံ နဟောသိ၊ ဧတံ
မယှံ နဟောတိတိ ပဿန္တော ဧဝံ တေသု ခန္ဓေသု
ဝိရဇ္ဇတိ။

သဂါထာ ဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ နံ-၁၅၀၊ ၃-ငိုး၊ဇွဲ-မှူ။

ဧဝံ တတ္ထ ဝိရဇ္ဇတိတိ၊ ဟူသည်ကား။ ဧသော၊ ဤ ပူ,ဧ သဘောသည်။ အဟံ၊ ငါသည်။ နဟောမိ၊ မဖြစ်ချေ။ ဧတံ၊ ဤရုပ်နာမ်သည်။ မယှံ၊ ငါ၏ ဥစ္စာသည်။ နဟောတိ၊ မဖြစ်ပါ။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုပွါး၍ မြင်နေသော သူသည်။ ဧဝံ၊ ဤသို့။ တေသုခန္ဓေသု၊ ထိုခန္ဓာငါးပါး တို့၌။ ဝိရဇ္ဇတိ၊ တပ်ခြင်း ကင်းတော့၏။ ။ဝိပဿနာ တဏှာ ကွာပုံ။

## ၇၉။ ဝိပဿနာသည် မဂ္ဂင် ပါဘဲတဲ့

**မဂ္ဂ** တပုဒ်၊ မဂ်တရားဟုသိပါ။ **အင်္ဂ** တပုဒ်၊ အစိတ် အပိုင်းအင်္ဂါဟု သိပါလေ။ ။မဂ္ဂဿ အင်္ဂေါ မဂ္ဂင်္ဂေါ ဟု ဝိဂြိုဟ် ပြုပါ။ ။မဂ္ဂဿ၊ မဂ်တရား၏။ အင်္ဂေါ၊ အင်္ဂါ အစိတ် အပိုင်းတည်း၊ မဂ္ဂင်္ဂေါ၊ မဂ်တရား၏ အင်္ဂါ အစိတ် အပိုင်း။ အိမ်နှင့် အိမ်၏ အင်္ဂါဖြစ်သော ထုတ်,ချောက်, ဒိုင်း, မြွား, စသော ဝတ္ထုများလိုပါဘဲ။ တနည်းလည်း၊ ခန္ဓာကိုယ်ကြီးနှင့် ကိုယ်၏ အင်္ဂါအစိတ် အပိုင်း ဖြစ်သော ခေါင်း, နားရွက်, မျက်စိ, နှာခေါင်း, လက်ခြေစသော အရာဝတ္ထုများလိုပင် အပေါင်းနှင့် အစိတ်သဘော ကွဲ၍ ဖြစ်၍ နေတော့ သဟာဇာတ-တွဲကာဖြစ်ပါသည်။

## ၈၀။ ဝိပဿနာသည် ဗောဇ္ဈင်ပါဘဲ တဲ့

**ဗောဓိ** တပုဒ်၊ မဂ်ဉာဏ်လေးပါးဟု သိကြပါ။ **အင်္ဂ** တပုဒ်၊ အင်္ဂါအစိတ်အပိုင်းဟု သိကြပါလေ။ ။ဗောဓိယာ

အင်္ဂါ ဗောဇ္ဈင်္ဂါဟု ဝိဂြိုဟ်ပြုပါကုန်။ ။ဗောဓိယာ၊ မဂ်ဉာဏ်လေးပါး၏။ အင်္ဂါ၊ အင်္ဂါအစိတ်အပိုင်းတည်း။ ဗောဇ္ဈင်္ဂါ၊ မဂ်ဉာဏ် ၄-ပါး၏ အင်္ဂါအစိတ် အပိုင်း။ **ဥပမာ၊** ကိုယ်နှင့် လက်ခြေစသော အင်္ဂါလို သဟာဇာတ ဖြစ်ကြ၏။ လှည်းနှင့် ဘီး,ဝင်ရိုး,လှည်းသံ,စသော အင်္ဂါ လိုပင် တွဲ၍ ဖြစ်ကြ၏။ ။**တမျိုးမှာ၊** လက်နှင့် လက်၌ ရှိသော လက်ချောင်း, လက်သည်း, အသွေး, အသား, အကြော, အရိုး,တို့လို တွဲ၍ ဖြစ်ကြပါသည်။

## ၉၁။ ဝိပဿနာသည် ဗောဓိပက္ခိယတရားပါဘဲတဲ့

**ဗောဓိ** တပုဒ်၊မဂ်ဉာဏ်လေးပါးဟု သိကြပါ။**ပက္ခိယ** အပင်းအသင်း အတူနေ သဘောတူ ကိုယ့်ဘက်သားဟု မှတ်ယူကြပါ။ ။ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယောဟုဝိဂြိုဟ်ပြုပါ။ ။ဗောဓိပက္ခိယာ၊မဂ်ဉာဏ် ၄-ပါး၏။ပက္ခေ၊အသင်းအပင်း အတူနေအတူပြုသဘောတူထဲ၌။ ဘဝါ၊ ဖြစ်သော တရား အစုတည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဗောဓိပက္ခိယော၊ ဗောဓိပက္ခိယ မည်၏။ **ဥပမာ၊** သာမာဝတီသတိုးသမီးသည် ဃောသက သူဌေးကြီး၏ သမီးဖြစ်သော်လည်း ကောက်ယူ၍ ဥတေန မင်းနှင့် အတူနေရသောအခါ သာမာဝတီ မိဖုယား ခေါင်ကြီးဟု တွင်ရသည်။ ဝိပဿနာကား သာမာဝတီနှင့် တူ၏။ မဂ်ကား ဥတေနမင်းနှင့် တူ၏။ အတူနေတော့ ဗောဓိ ပက္ခိယ မိဖုယားဟု တွင်၏။

### ၆၂။ ဝိပဿနာကို သစ္စာဘိသမ္ဗောဓ, အရိယမဂ္ဂ, စသည် ခေါ်ရပုံ

သစ္စာဘိသမ္ဗောဓ သင်္ခါတဿ အရိယမဂ္ဂဿ
ပဗ္ဗေ ဘာဂါနံ ဗောဓိပက္ခိယာနံ ဓမ္မာနံ သတိပဋ္ဌာ
နာဒိဘေဒါနံ သဘာဝဂ္ဂု ဝသေန သင်္ဂဟော
ဗောဓိပက္ခိယ သင်္ဂဟော။

ဋီကာကျော်၊ ၁၆၅-နံ၊ ၅-င်း၊ ဝံသရက္ခမှူ။

သစ္စာ ဘိသမ္ဗောဓ သင်္ခါတဿ၊ သစ္စာ ၄-ပါးတို့ကို ထိုးထွင်း၍ သိခြင်း ဟု ဆိုအပ်သော။ အရိယ မဂ္ဂဿ၊ အရိယာမဂ်၏။ ပဗ္ဗေ၊ အသင်းအပင်း နယ်အတွင်း၌။ ဘာဂါနံ၊ဖြစ်ကြကုန်သော။ ဗောဓိပက္ခိယာနံ၊ ဗောဓိပက္ခိယ အမည်ရှိကုန်သော။ သတိပဋ္ဌာနာဒိဘေဒါနံ၊ သတိပဋ္ဌာန် အစရှိသော အပြားဖြင့် ပြားကုန်သော။ဓမ္မာနံ၊တရားတို့၏။ ဝါ၊ တို့ကို။ သဘာဂဝဂ္ဂုဝသေန၊ သဘော တူသော ဝဂ္ဂု၏ အစွမ်းအားဖြင့်။ သင်္ဂဟော၊ရေတွက်ခြင်းသည်။ ဗောဓိပက္ခိယ သင်္ဂဟော၊ ဗောဓိပက္ခိယ သင်္ဂဟာမည် တော့၏။ ။မဂ်၏နယ်ထဲက ဝိပဿနာတဲ့။

### ၆၃။ အနိစ္စ, ဒုက္ခ, အနတ္တသိတဲ့ ဝိပဿနာဟာ အဘိညာဉ်ပါဘဲတဲ့

အဘိညာယာတိ အနိစ္စာ ဒိဝသေန လက္ခဏာပ္ပဋိယံ
အာရောပေတွာ အဘိဇာနနဏ္ဍာယ။

ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၃၇၅-နံ၊ ၁၁-င်း၊ ကဝိမှူ။

အဘိဉာဥ်ယာဘိ၊ဟူသည်ကား။အနိစ္စာဒိဝသေန၊အနိစ္စ အစရှိသည် တို့၏ အစွမ်း အားဖြင့်။ လက္ခဏတ္တယံ၊ လက္ခဏာ ၃-ပါးတို့၏ အပေါင်းကို။ အာရောပေတွာ၊ တင်၍။ အဘိဇာနန္တာယ၊ အလွန် သိခြင်းငှါ။ ။ဆဲဒါ ဝိပဿနာ အဘိဉာဥ်ပါတဲ။

## ၆၄။ ခေတ်ဝိပဿနာကြောင့် တသချို့နှင့် ကုဋေတသိန်း ကျွတ်ကြရပုံ

အန္ဓဝနေ နိသိန္နော ဗုဒ္ဓရာဟုလောဝါဒံ ကထေသိ၊ ဒေသနာပရိယောသာနေ ရာဟုလတ္ထေရော ကောဋိသတသဟဿေဟိ ဒေဝတာဟိ သဒ္ဓိံ အရဟတ္တံ ပါပုဏိ။ သောတာပန္န သကဒါဂါမိ အနာဂါမိ ဒေဝတာနံ ဂဏနာ နတ္ထိတိ။

ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ကဝိ-မှူ၊ ၂၀၈-နံ၊ ၂၅-င်း။

အန္ဓဝနေ၊ အန္ဓဝုန်တော၌။ ဝါ၊ မိုက်တော၌။ ကဏ်း တော၌။ နိသိန္နော၊ နေလျက်။ ဗုဒ္ဓရာဟုလောဝါဒံ၊ဗုဒ္ဓရာဟု လောဝါဒသုတ် ခေတ်တရားကို။ ကထေသိ၊ ဟောပြီ။ ဒေသနာပရိယော သာနေ၊ ငံဒေသနာ၏ အဆုံး၌။ ရာဟု လတ္ထေရော၊ အရှင်ရာဟုလာ မထေရ်သည်။ ကောဋိသတ သဟဿေဟိ၊ ကုဋေတသိန်းကုန်သော။ဒေဝတာဟိ၊နတ် ပြဟ္မာတို့နှင့်။ သဒ္ဓိံ၊အတူတကွပင်။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ ပါပုဏိ၊ ရောက်ရပြီ။ သောတာပန္န သကဒါဂါမိ အနာဂါမိဒေဝတာနံ၊ သောတာပန်, သကဒါဂါမ်, အနာ

ဂါမ်, နတ်ပြပဲ့ာတို့၏။ ဂဏာနာ၊ အရေအတွက်သည်။ နတ္ထိ၊မရှိ။

ဝိပဿနာ ခေတ်တရားကြောင့် တသချိုးနှင့် ကုဋေ တသိန်းကျွတ်ရပုံတည်း။

### ၉၅။ သတိပဋ္ဌာန် တရားကြောင့် သုံးသောင်းမျှ ရဟန္တာ ဖြစ်ကြရပုံ

ဒေသနာ ပရိယောသာနေ ပန တိံသ ဘိက္ခု
သဟဿာနိ အရဟတ္တေ ပတိဋ္ဌဟိံသု တိ။

မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာဖွင့်၊ ၃၆၅-နံ၊ ၂၄-ငါး၊ဟံ-မူ။

ဒေသနာ ပရိယောသာနေ ပန၊ မဟာသတိပဋ္ဌာန်သုတ် ဒေသနာ၏ အဆုံး၌ကား။ တိံသဘိက္ခု သဟဿာနိ၊ သုံးသောင်း ကုန်သော ရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်ပြီ။

### ၉၆။ အနိမိတ္တ, အပဏိဟိတ, သုညတ၌ ဝိပဿနာ,မဂ် တူကြပုံ

အနိမိတ္တာ ဘာဝေဟိတိ နိစ္စာဒိနံ နိမိတ္တာနံ ဥဇုဿာ
ဋိတတ္တာ ဝိပဿနာ အနိမိတ္တာနာမ။ တံ ဘာဝေ
ဟိတိ ဝဒတိ။

သဂါထာ ဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၂၂၀-နံ၊ ၁၀-ငါး၊ ဇံ-မူ။

(၆၅) နံပါတ်၌ အနက်ပါရှိခဲ့ပြီ။ ။**အနိစ္စနှင့်ရှုလျှင်** ဝိပဿနာလဲ အနိမိတ္တာ နုပဿနာ၊ မဂ်လဲ အနိမိတ္တမဂ်၊ ဖိုလ်လဲ အနိမိတ္တဖိုလ်၊ နိဗ္ဗာန်လဲ အနိမိတ္တ နိဗ္ဗာန်မည်၏။ **ဒုက္ခ၌** အပဏိဟိတဝိပဿနာ၊ အပဏိဟိတမဂ်၊ အပဏိ

ဟိတဖိုလ်၊ အပဏီဟိတ နိဗ္ဗာန်။ **အနတ္တ** ၌ သုညတ ဝိပဿနာ၊ သုညတမဂ်၊ သုညတဖိုလ်၊ သုညတ နိဗ္ဗာန်။ ၃-လမ်း ၃-မည်ရပုံ။

**၉၇။ ဝိပဿနာမြင်မှ ပဏ္ဍိတ အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘတွေလို့တဲ့**

လောကော ဟိ ပဉ္စက္ခန္ဓေ နိစ္စာ သုခါ အတ္တာ
သုဘာတိ မညန္တိ၊ ပဏ္ဍိတာ အနိစ္စာ ဒုက္ခာ
အနတ္တာ အသုဘာတိ မညန္တိ။

သဋ္ဌာယတန ဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၄၃-နံ၊ ၂၉-ငိး၊ သား-မူ။

လောကော၊ အန္ဓ,ဗာလ ပုထုဇဉ် လောက သားသည်။ ဟိ၊ အမှန် အားဖြင့်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာ ငါးပါး၌။ နိစ္စာ၊ မြဲကုန်၏။ သုခါ၊ ချမ်းသာကုန်၏။ အတ္တာ၊ အစိုးရကုန်၏။ သုဘာ၊ တင့်တယ်ကုန်၏။ ဣတိ၊ ဤသို့။ မညန္တိ၊ မှတ်ထင်ကြကုန်၏။ ပဏ္ဍိတာ၊ ဝိပဿနာမြင် ပညာရှင်တို့မူကား။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး၌။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။ အသုဘာ၊ မတင့်တယ်ကြကုန်။ ဣတိ၊ ဤသို့။ မညန္တိ၊ မှတ်ထင်ကြကုန်၏။

**၉၈။ အရိယာများ အထက်မဂ်မြဲ ပရိနိဗ္ဗာန်စံဘို့မြဲ နိယတတဲ့**

အဋ္ဌပန အရိယပုဂ္ဂလာ သမ္မာဘာဝါယ ဉပရိမဂ္ဂ
ဖလတ္တာယ စေဝ အနုပါဒါ ပရိနိဗ္ဗာနတ္တာယ စ
နိယတတ္တာ နိယတာနာမ။

ပုဂ္ဂလပညတ် အဋ္ဌကထာ၊ -၃၄-နံ၊ ၉-မူ။

ပန္၊ အထူးကို ဆိုဦးအံ့။ အဠ္ဌအရိယ ပုဂ္ဂလာ၊ ရှစ်ယောက် ကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည်။ သမ္မာဘာဝါယ၊ ကောင်းစွာပွါးများသဖြင့်။ ဥပရိမဂ္ဂဖလညာဏာယ စေဝ၊ အထက်မဂ်,အထက်ဖိုလ် အကျိုးငှါလည်း။ အနုပါဒါ ပရိနိဗ္ဗာန ညာဏာယစ၊ တဏှာဒိဋ္ဌိ တို့ဖြင့် မစွဲလန်းမူ၍ ပရိနိဗ္ဗာန်ပြုခြင်း အကျိုး ငှါလည်း။ နိယတတ္တာ၊ မြဲသည်၏အဖြစ်ကြောင့်။ နိယတာနာမ၊ နိယတ မည်ကုန်၏။

### ၉၉။ ဝိပဿနာနှင့် မဂ်တရား အနုတ္တရိယ ၆-ပါး၌ပါဝင်ပုံ

အနုတ္တရိယေသု ဝိပဿနာ ဒဿနာ နုတ္တရိယံ မဂ္ဂေါ ပဋိပဒါ နုတ္တရိယံ။

သုတ်ပါထေယျ အဠ္ဌကထာ၊ ၁၆၇-နံ၊ ၂၇-ငါး၊ ၆-မူ။

အနုတ္တရိ ယေသု၊ အနုတ္တရိယ ခြောက်ပါး တို့တွင်။ ဝိပဿနာ၊ ဝိပဿနာသည်။ ဒဿနာ နုတ္တရိယံ၊ မြင်ခြင်းတကာတို့၏ အတု မရှိသော မြင်ခြင်းတည်း။ မဂ္ဂေါ၊ မဂ်တရားသည်။ပဋိပဒါနုတ္တရိယံ၊ အကျင့် တကာတို့တွင် အတုမရှိသော အကျင့်ပါပေတည်း။

### ၁၀၀။ ဝိပဿနာသည် ဂါဟကို ပယ်၍ ပုထုဇဉ် အဖြစ်မှ လွတ်စေ သည်

ယဒ္ဓိ ယံ ပုထုဇ္ဇနော ဂဏှာတိ၊ တတော တတော အရိယ သာဝကော ဂါဟံ ဝိနိ ဝေဌေတိ၊

ပုထုဇ္ဇနော ဟိ ယံယံ နိစ္စံ သုခံ အတ္တာတိ ဂဏှာတိ
တံတံ အရိယ သာဝကော အနိစ္စံ ဒုက္ခံ အနတ္တာတိ
ဂဏှန္တော တံဂါဟံ ဝိနိဝေဌေတိ။

ဝိဘင်း အဋ္ဌကထာ၊ ၃၀၃-နှာ။ ၈-ပိုဒ် ဟံ-မှူ။

ဟိ၊ ပုထုဇဉ်နှင့် အရိယာ မြင်ပုံကား။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ယံယံ၊ အကြင်အကြင် ဂါဟာကို။ ဂဏှာတိ၊ ယူထား၏။ တတော တတော၊ ထိုထိုအယူမှ။ အရိယသာဝကော၊ အရိယာ သာဝကသည်။ ဂါဟံ၊ တဏှာဂါဟ, ဒိဋ္ဌိ ဂါဟ , မာန ဂါဟာကို။ ဝိနိ ဝေဌေတိ၊ ဖြုတ်ဖြေ ရှင်းလင်း၏။ ဟိ၊ မှားပုံကား။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ယံယံ၊ အကြင်အကြင် ရုပ်နာမ်တရားကို။ နိစ္စံ၊ မြဲ၏။ သုခံ၊ ချမ်းသာ၏။ အတ္တာ၊ အစိုးရ၏။ ဣတိ၊ ဤသို့။ ဂဏှာတိ၊ ယူထား၏။ တံတံ၊ ထိုထို ရုပ်နာမ်ကို။ အရိယ သာဝကော၊ အရိယာသာဝကသည်။ အနိစ္စံ၊အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ ဂဏှန္တော၊ ယူသည် ရှိသော်။ တံဂါဟံ၊ ထိုတဏှာ, မာန, ဒိဋ္ဌိ ဂါဟ ၃-ပါးကို။ ဝါ၊ နိစ္စ, သုခ, အတ္တ ဟူသော ဂါဟ များကို။ဝိနိဝေဌေတိ၊ ဖြေဖြုတ်၏။

ပုထုဇဉ်တို့၏ ဂါဟာကား နိစ္စ, သုခ, အတ္တ, သုဘ အထင်မှားတည်း။ အရိယာတို့ ဂါဟာဖြေပုံကား အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟု ရှုပွါးပုံတည်း။

## ၁၀၁။ ဓမ္မဝိဟာရီဖြင့် နေကြသူ ခြောက်ဦး ဝိနှင့်မဂ်တူပုံ

ဗဟုဿုတဘိက္ခူ ဝိပဿနာ ကမ္မိကော သောတာ
ပန္နော သကဒါဂါမီ အနာဂါမီ ခီဏာ သဝေါတိ
ဆဇနာ ဓမ္မဝိဟာရိနော နာမ။

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်၏ အဋ္ဌကထာ၊ ၂၉-နံ၊ ၄-င်း။ ဇံ-မူ။

ဗဟုဿုတ ဘိက္ခူ၊ ဗဟုဿုတ ရှိသော ရဟန်း၎င်း။ ဝိပဿနာ ကမ္မိကော၊ ဝိပဿနာ အားထုတ်သော ယောဂီ၎င်း။ သောတာပန္နော၊ သောတာပန်၎င်း။ သကဒါဂါမီ၊ သကဒါဂါမ်၎င်း။ အနာဂါမီ၊ အနာဂါမ် ၎င်း။ ခီဏာ သဝေါ၊ ရဟန္တာ၎င်း။ ဣတိ၊ ဤသို့။ ဆဇနာ၊ ခြောက်ဦးသော သူတို့သည်။ ဓမ္မ ဝိဟာရိနော နာမ၊ တရားနှင့်သာလျှင် နေသော သူတို့မည်ကုန်၏။

## ၁၀၂။ ဝိပဿနာနှင့် မဂ် တရားကား နိဗ္ဗာန်သို့ ပြေးဝင်နေသည်

ပက္ခန္ဒန ဝေါသဂ္ဂေါတိ ဝိပဿနာက္ခဏေ တံနိန္န
ဘာဝေန မဂ္ဂက္ခဏေ အာရမ္မဏ ကရဏဝသေန
နိဗ္ဗာနပက္ခန္ဒနံ။

နေတ္တိအဋ္ဌကထာ၊ ၆၉-နံ၊ ၁၃-င်း၊ ပြည်။

ပက္ခန္ဒန ဝေါသဂ္ဂေါတိ၊ ဟူသည်ကား။ ဝိပဿနာက္ခဏေ၊ ဝိပဿနာခဏ၌။ တံနိန္နဘာဝေန၊ ထိုနိဗ္ဗာန်သို့ ကိုင်းရှိုင်းညွတ်နေသည်၏ အစွမ်းအားဖြင့်။ မဂ္ဂက္ခဏေ၊ မဂ်၏ခဏ၌။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏

အစွမ်းအားဖြင့်။ နိဗ္ဗာနပက္ခန္ဒနံ၊ နိဗ္ဗာန်သို့ ညွတ်ရှိုင်းနေခြင်းတည်း။

### ၁၀၃။ သန်တနယ်၌ ဝိပဿနာသုခကား အကြီးဆုံးပင်တည်း

ဝိပဿနာသုခ သဒိသဿ သုခဿ အဘာဝါ
မဟပ္ဖလံ။ [ကင်္ခါဝိတရဏီ အဋ္ဌကထာ]

ဝိပဿနာသုခ သဒိသဿ၊ ဝိပဿနာ ချမ်းသာနှင့်တူသော။ သုခဿ၊ ချမ်းသာခြင်း၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ မဟပ္ဖလံ၊ ကြီးစွာသော အကျိုးရင်းရှိပါပေ၏။

အသာလ်တန်ယ်၌ "နိဗ္ဗာနံ ပဝရံ သုခံ" (ဓမ္မပဒပါဠိတော်) "နိဗ္ဗာနံ ပဝရံ သုခတ္တိ ဝဒန္တိ ဗုဒ္ဓါ" (ဗုဒ္ဓဝင်ပါဠိတော်) နိဗ္ဗာန်ကား အချမ်းသာဆုံးတည်း။ သူ့ထက်ချမ်းသာတာ မရှိပြီ။

### ၁၀၄။ ဝိပဿနာအရိယာ မဂ်အရိယာများ နိဗ္ဗာန်ညွတ်၍ နေပုံ

အရိယာဟိ အဓိစိတ္တ ပဝတ္တိကာလေပိ ဧကန္တေ
နေဝနိဗ္ဗာနေ နိန္နပေါဏပဗ္ဘာရ ဘာဝေနဝိဟရန္တိ။

ဥဒါန်း အဋ္ဌကထာ၊ ၁၀၀-နံ၊ ၁၄-ငံး၊ သ-မူ။

ဟိသစ္စံ၊ မှန်၏။ အရိယာ၊ အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်အရိယာ၊ ပဋိဝေဓအရိယာတို့သည်။ အဓိစိတ္တပဝတ္တိကာလေပိ၊ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိ၊ ခဏိကသမာဓိဆိုတဲ့ အဓိစိတ္တသိက္ခာဖြစ်ပေါ်သော အခါ

၌လည်း။ကောဏ္ဍနေသ၊ စင်စစ်အားဖြင့်သာလျှင်။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။နိဗ္ဗုပေါ်လာပဋ္ဌာရဘာဝေန၊ညွတ်ခြင်း,ကိုင်းခြင်း, ရှိုင်းခြင်း,အဖြစ်ဖြင့်၊ ဝိဟာရန္တိ၊နေကြကုန်၏။

## ၁၀၅။ ဝိပဿနာနှင့် မဂ်တရားသည် မဂ်ဟု အမည်တူရနေပုံ

မဂ္ဂေါတိ ဝိပဿနာမဂ္ဂေါ၊ဝိပဿနာမဂ္ဂမူလကော၊ အရိယမဂ္ဂေါ။ [သုတ်မဟာဝါ အဋ္ဌကထာ]

မဂ္ဂေါတိ၊မဂ်ဟူသည်ကား။ဝိပဿနာမဂ္ဂေါ၊ဝိပဿနာဆိုတဲ့ မဂ်ပင်တည်း။ အရိယမဂ္ဂေါ၊ အရိယာမဂ်သည်။ ဝိပဿနာမူလကော၊ ဝိပဿနာလျှင် အရင်းရှိပေ၏။

## ၁၀၆။ ဝိပဿနာရ အရိယာတို့အား ဓမ္မက္ခန္ဓာတို့ ပြည့်ဝလာပုံ

> အရိယ ပုဂ္ဂလာနဉ္စ အရိယသစ္စ ပဋိဝေဓေန သဟော ယထာရဟံ သေက္ခာ သေက္ခသီလာဒိ ဓမ္မက္ခန္ဓာပါရိပူရိံ ဂစ္ဆန္တိ။

နေတ္တိဋ္ဌကထာဟောင်း ၁၁-နံ၊၁၀-ငံး၊ပြည်မူ။

ဟိသတ္ထံ၊ မှန်၏။ အရိယပုဂ္ဂလာနံ၊ အာစာရ, ဒဿန, လိင်, ပဋိဝေဓ, အရိယာပုဂ္ဂိုလ်တို့အား။ အရိယသစ္စ ပဋိဝေဓေန၊ အရိယသစ္စာကို ထိုးထွင်း၍ သိသည်နှင့်။ သဟော၊ တကွသာလျှင်။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ သေက္ခာသေက္ခသီလာဒိဓမ္မက္ခန္ဓာ၊သေက္ခသီလ, အသေက္ခသီလ, အစရှိသော တရားအစုတို့သည်။ ဝါ၊

ဓမ္မက္ခန္ဓာတို့သည်။ ပါရိပူရိံ၊ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ သီလ, သမာဓိ, ပညာ အလိုလို ပြည့်ဝလာသည်။

၁၀၇။ ဝိက္ခမ္ဘန, သမုစ္ဆေဒ, ဖြတ်နိုင်မှ အရိယာတဲ့

အရိယာတိ ဝိက္ခမ္ဘနဝသေနစ သမုစ္ဆေဒဝသေနစ
ကိလေသေဟိ အာရကာ ဌိတာတယ။ ပရိသုဒ္ဓါယ
ပညာယ သမ္ပန္နာဂတောတိ ဝိပဿနာ ပညာယ
စေဝ မဂ္ဂပညာယစ သမင်္ဂီဘူတော။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ၂၁-နှံ၊၁၇-ငံး၊ဇံ-မူ။

အရိယာတိ၊ ဟူသည်ကား။ ဝိက္ခမ္ဘန ဝသေနစ၊ ဝိပဿနာဆိုတဲ့ ဝိက္ခမ္ဘနပဟာန်၏ အစွမ်းအားဖြင့်ရင်း။ သမုစ္ဆေဒဝသေနစ၊မဂ်တရားဆိုတဲ့ သမုစ္ဆေဒပဟာန်၏ အစွမ်းအားဖြင့်ရင်း။ ကိလေသေဟိ၊ ကိလေသာတို့မှ။ အာရကာ၊ဝေးစွာ။ဌိတာတယ၊တည်သဖြင့်။ အရိယာ၊အရိယာမည်တော့၏။ ပရိသုဒ္ဓါယ ပညာယ သမ္ပန္နာဂတောတိ၊ ဟူသည်ကား။ ဝိပဿနာပညာယစေဝ၊ ဝိပဿနာပညာနှင့်ရင်း။ မဂ္ဂပညာယစ၊ မဂ်ပညာနှင့်ရင်း။ သမင်္ဂီဘူတော၊ ပြည့်စုံသောသူတည်း။

ဆိုလိုရင်းကား ဝိပဿနာ-ဝိက္ခမ္ဘန ပဟာန်ဖြင့် ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာ, သီလဗ္ဗတပရာ မာသ, ကိလေသာတို့မှ ဝေး၍နေသူကို အရိယာဟုခေါ်သည်။ (အရိယော၊ မြတ်သော။

အရိယော၊ကိလေသာမှ ဖြူစင်သော ဟူသော ပါဠိအနက်ကို ထောက်ပါလေ)။ တနည်း၊ မဂ်တရား သမုစ္ဆေဒပဟာန်ဖြင့် ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာ, သီလဗ္ဗတပရာမာသ, ကိလေသာတို့မှ ဝေးကွာ၍ တည်နေသူကို အရိယာဟုခေါ်သည်။ စင်ကြယ်သော ပညာနှင့် ပြည့်စုံတယ်ဆိုတာ ဝိပဿနာပညာ,မဂ်ပညာနှင့် ပြည့်စုံသောသူကို ဆိုသည်။ "အရိယဂဏောတိ ဗြာဟ္မဏဂဏော၊တဒါ တေ အရိယာစာရာ အဟေသုံ"(ဇနကဇာတ်အဋ္ဌကထာကိုလဲ ထောက်ထားပါ)။ ။အရိယ ဂဏောတိ၊ အရိယာအပေါင်းတို့ဟူသည်ကား။ဗြာဟ္မဏဂဏော၊ပုဏ္ဏားအပေါင်းတို့တည်း။ တဒါ၊ ထိုဇနကမင်းကြီး၏ လက်ထက်၌။ တေ၊ထိုပုဏ္ဏားတို့သည်။ အရိယာစာရာ၊ အရိယာတို့၏ အကျင့်ကိုကျင့်ကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ထိုမှတပါးလည်း "တယော ဝိသာခေ ဥပေါသထာ နိဂဏ္ဌူ ဥပေါသထော ဂေါပါလဥပေါသထော အရိယဥပေါသထောတိ"။ [တိက အင်္ဂုတ္တိုရ်ပါဠိတော်]

ဝိသာခေ၊ ကျောင်းအမကြီး ဝိသာခါ။ နိဂဏ္ဌူဥပေါသထော၊ နိဂဏ္ဌူဥပုသ်ရင်း။ ဂေါပါလ ဥပေါသထော၊ ဂေါပါလဥပုသ်ရင်း။ အရိယဥပေါသထော၊ အရိယဥပုသ်ရင်း။ဣတိ၊ဤသို့။ ဥပေါသထာ၊ ဥပုသ်တို့သည်။တယော၊ ၃–ပါးတို့ပင်တည်း။ ။အရိယာကဲ့သို့ စောင့်လျှင် အရိယာဥပုသ်ပင်တည်း။

၁၀၈။ ဝိပဿနာနှင့် မဂ်အရိယာ ၎င်းဖြူစင်သော
ပညာပါဘဲတဲ့

အရိယာတိ ဝိက္ခမ္ဘနဝသေန စ သမုစ္ဆေဒဝသေန စ ကိလေသေဟိ အာရကာ ဌိတာယ။ ပရိသုဒ္ဓါယ ပညာယ သမ္ပန္နာဂတောတိ ဝိပဿနာပညာယ စေဝ မဂ္ဂပညာယ စ သမင်္ဂီဘူတော။

ပဋ္ဌ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ၂-နံ၊ ၆-င်း၊ ဇံ-မူ။
အနက်နှင့်အဓိပ္ပါယ်ကို ၈၆-နံပါတ်၌ ရေးခဲ့ပြီ။

၁၀၉။ သောပန အရိယော စတုဗ္ဗိဓော ဟောတိ၊ အာစာရ အရိယော ဒဿန အရိယော လိင်္ဂအရိယော ပဋိဝေဓ အရိယောတိ။

တိကနိပါတ် တိလမုဋ္ဌိဇာတ်အဋ္ဌကထာ၊ ၂၄၄-နံ၊ ၁၁-င်း၊ ကဝိ-မူ။
(အထက်တနေရာ၌ အနက်နှင့် ပြဦးမည်)။

ဤကား ဝိပဿနာ အရိယာနှင့် မဂ်အရိယာဖြစ်သော သာဓကပါဋ္ဌတည်း။

၁၁၀။ ဝိပဿနာကြောင့် အဟံဒိဋ္ဌိဂါဟ, မမတဏှာဂါဟ, ပယ်နိုင်ပုံ

ပဉ္စန္နံ ခန္ဓာနံ ဝသေန ပဝတ္တေ နာမရူပေ မမာယိတဗ္ဗံ ယဿ အဟန္တိဝါ မမန္တိဝါ ဂါဟော နတ္ထိ။

ဓမ္မပဒ အဋ္ဌကထာ၊ ဒုအုပ်၊ ၃၅၄-နံ၊ ၇-င်း၊ သု-မူ။

ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာ ၅-ပါးတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ပဝတ္တေ၊ ဖြစ်သော။ နာမရူပေ၊ နာမ်ရုပ်၌။ မမာယိတဗ္ဗံ၊ ဟူသည်ကား။ ယဿ၊ အကြင် ယောဂီအား။ အဟန္တိဝါ၊ ငါဆိုတဲ့ ဒိဋ္ဌိဂါဟသည်၎င်း။ မမန္တိဝါဂါဟော၊ ငါ၏ဥစ္စာ

ဆိုတဲ့ တဏှာ ဂါဟသည်ရင်း။ နတ္ထိ၊ မရှိ။ ။ယောဂီက
ဂါဟ ၂-ပါးပယ်နိုင်ပုံ။

### ၁၁၁။ အနုသယကိလေသာကို ဝိပဿနာ ပညာဖြင့် သတ်နိုင်ပုံ

အဘိဇ္ဈမ္ဘ ဝိနူဧာ အနုသယပ္ပဟာနံ အနုသယပ္ပဒိုး
ပက္ခတ္ထာ ပညာယ။

ပါရာဇိကဏ် အဋ္ဌကထာ၊ ပထမ၊ ၁၆-နံ၊ ၁-ငံး၊ ဟံ-မူ။

အဘိဇ္ဈမ္ဘ ဝိနူဧာ၊ အဘိဇ္ဈမ္ဘာ ဝိနူကတ်၌။ အနုသယပ္ပ
ဟာနံ၊ အနုသယ ကိလေသာကို ပယ်သတ်ခြင်းကို။ ဝုတ္တံ၊
ဟောကြား အပ်ပြီ။ ကသ္မာ၊ အဘယ့်ကြောင့် နည်း
ဟူမူကား။ ပညာယ၊ ဝိပဿနာပညာ, မဂ်ပညာ၏။ အနု
သယပ္ပဒိုးပက္ခတ္ထာ၊ အနုသယ ကိလေသာ၏ဆန့်ကျင်ဘက်
ဖြစ်သောကြောင့်တည်း။

### ၁၁၂။ ဝိပဿနာဖြင့် တရားအစုသာသိ ငါ,ငါ့ဥစ္စာ ပယ်သတ်ပုံ

တတိယံ ဓမ္မပုဉ္ဇမတ္တေ အဟံ မမာတိ သညိနော
သတ္တာ ယထာဝမ္ဓံ ဧတ္တေ သာသိတာတိ ယထာ
ဝမ္ဓသာသနတ္ထိ ဝုတ္တတိ။

ပါရာဇိကဏ် အဋ္ဌကထာ၊ ပထမအုပ်၊ ၁၅-နံ၊ ၂၀-ငံး ဟံ-မူ။

တတိယံ၊ အဘိဇ္ဈမ္ဘာဝိနူကတ်၌။ ဓမ္မပုဉ္ဇမတ္တေ၊ ပရမတ္ထ
တရား အစု အဝေး၌။ အဟံ မမာတိ သညိနော၊ ငါဘဲ,
ငါ့ဥစ္စာဟု အမှတ်မှားကုန်သောသတ္တဝါတို့အား။ သတ္တာ၊
မြတ်စွာဘုရား သခင်သည်။ ယထာဝမ္ဓံ၊ ပရမတ္ထတရား

အားလျော်စွာ။ ဩွေ၊ ဤအဘိဓမ္မာပိဋကတ်၌။ သာသိတာ၊ ငါမရှိ ငါ့ဉစ္စာ မဖြံ့ဟု ဆုံးမအပ်လေပြီ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုအဘိဓမ္မာ ပိဋကတ်ကို။ ယထာဓမ္မ သာသနန္တိ၊ ယထာဓမ္မသာသနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

### ၁၁၃။ ဝိပဿနာဖြင့် ရာဂ, ဒေါသ, မောဟကို ပယ်နိုင်ပုံ

တတိယံ ရာဂါဒိ ပဋိပက္ခဘူတော နာမရူပ ပရိစ္ဆေ ဒေါ ဧတ္ထ ကထိတောတိ နာမရူပ ပရိစ္ဆေဒ ကထာတိ ဝုစ္စတိ။

ပါရာဇိကကဏ် အဋ္ဌကထာ၊ ပထမအုပ်၊ ၁၅-နံ၊ ၂၅-ငံး၊ ဟံ-မူ။

တတိယံ အဘိဓမ္မာပိဋကတ်၌။ ရာဂါဒိပဋိပက္ခဘူတော၊ ရာဂ, ဒေါသ, မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော။ နာမ ရူပ ပရိစ္ဆေဒေါ၊ နာမရူပ ပရိစ္ဆေဒကထာကို၊ ဧတ္ထ၊ ဤအဘိဓမ္မာ ပိဋကတ်၌။ ကထိတော၊ ဟောထားအပ်ပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နာမ ရူပ ပရိစ္ဆေဒကထာတိ၊ နာမရူပ ပရိစ္ဆေဒကထာ ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

အဘိဓမ္မာ ပိဋကတ် နာမ်ရုပ်ဖြင့် ရာဂ, ဒေါသ, မောဟကို ပယ်နိုင်ပုံတည်း။

### ၁၁၄။ ဝိပဿနာ သစ္စာမမြင် ဂတိမမြဲဘူးတဲ့

ဝိပဿနာ သစ္စာတွေ မြင်တော့ ဂတိမြဲပြီး စိတ်သွား တိုင်း ကိုယ်ပါ လိုရာသို့ ရောက်နိုင်၏။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၏။

အဒိဋ္ဌသစ္စဿနာမ ပဋိသန္ဓိ ဘာရိယာတိ တဿာ
သာမိကော သံပရိဝတ္တမာနော ဂတွာ နေသာဒ
ကုလေ နိဗ္ဗတ္တိ။

ဓမ္မပဒအဋ္ဌကထာ၊ ဒုအုပ်၊ ၂၇-နှံ၊ ၁၀-ငံး၊ သု-မူ။

အဒိဋ္ဌသစ္စဿနာမ၊ သစ္စာ ၄-ပါးကို မမြင်ရသေး သောသူအားကား။ ပဋိသန္ဓိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဘာရိယာ၊ ဝန်လေးလှ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တဿာ၊ ထိုသူဌေးသမီး၏။ သာမိကော၊ ချစ်လင်သည်။ သံပရိဝတ္တမာနော၊ တပြောင်းပြန်ပြန် ကျင်လည်လျက်။ ဂတွာ၊သွား၍။နေသာဒကုလေ၊ မုဆိုးအမျိုး၌။နိဗ္ဗတ္တိ၊ဖြစ်ရ လေ၏။

**၁၁၅။ ဝိပဿနာသစ္စာမမြင်လို့ အပါယ်၌ အကျများပုံ**

ဝိပဿနာသစ္စာမြင်မှ အပါယ်လွတ်, ဆင်းရဲလွတ်, ဝဋ်မှကျွတ်၍ ဘုံစဉ်စံနိဗ္ဗာန်သို့ သွားနိုင်မည်။

အထခေါ ဘေဝေ ဗဟုတရာ၊သတ္တာ ယေ ပေတ္တိ
ဝိသယာ စုတာ ပေတ္တိ ဝိသယေ ပစ္စာဇာယန္တိ။
တံ ကိဿဟေတု၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ
အရိယသစ္စာနံ။

အနမတဂ္ဂသံယုတ်ပါဠိတော်။

ယေသတ္တာ၊အကြင်သတ္တဝါတို့သည်။ ပေတ္တိဝိသယာ၊ ပြိတ္တာဘုံမှ။ စုတာ၊ စုတေ့ကုန်၍။ ပေတ္တိဝိသယေ၊ ပြိတ္တာ ဘုံ၌။ ပစ္စာဇာယန္တိ၊ ပြန်၍ဖြစ်ကြကုန်၏။ အထခေါ၊ စင်စစ်သော်ကား။ ဘေဝေ၊ ပြိတ္တာမှသေ၍ ပြိတ္တာဘုံ၌

ဖြစ်ကုန်သော ထိုသတ္တဝါတို့သည်သာလျှင်။ ဗဟုတရာ၊ များပြားကုန်၏။ တံ၊ ထိုသို့ဖြစ်ရခြင်းသည်။ကိံသဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ စတုန္နံအရိယသစ္စာနံ၊ သစ္စာ ၄-ပါးတို့ကို။ အဒိဋ္ဌတ္တာ၊ မမြင် မသိ မတွေ့ကြသောကြောင့်တည်း။

## ၁၁၆။ ပုထုဇဉ်များ သမုဒ္ဒရာ၊ အရိယာများ ကုန်းပမာ

> ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော သမုဒ္ဒေါ ဇလ သာဂရ သမုဒ္ဒေါတိ ဘာသတိ။ ကေနဋ္ဌေန ဘာသတိ၊ ဒုပ္ပူရဏဋ္ဌေနစ သံသရဏဋ္ဌေနစ ဒုရ တိက္ကမ နဋ္ဌေနစ သမုဒ္ဒေါတိ ဘာသတိ။ စက္ခု မေဝ သမုဒ္ဒေါ။
>
> နေတ္တိပိဠိဘာဝနိဋ္ဌိကာ၊ ၄၂၃-နံ၊ ၂၁-ဝင်း၊ပြည်။

ဘိက္ခဝေ၊ ချစ်သားတို့။ အသုတဝါ၊ အာဂမသုတ, အဓိဂမသုတ မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာနှင့် တူလှ၏။ ဇလသာဂရသမုဒ္ဒေါတိ၊ ရေရှိသော သမုဒ္ဒရာကြီးဟူ၍။ဘာသတိ၊ဟောတော်မူ၏။ ကေနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။ ဘာသတိ၊ ဟောရပါသနည်း။ ဒုပ္ပူရဏဋ္ဌေနစ၊ ပြည့်နိုင်ခဲသော အနက်သဘောကြောင့်ရင်း။ သံသရဏဋ္ဌေနစ၊ တပြောင်းပြန်ပြန် ကျင်လည်သော အနက်သဘောကြောင့်ရင်း။ ဒုရတိက္ကမနဋ္ဌေနစ၊ ကူးမြောက်နိုင်ခဲသော အနက်သဘောကြောင့်ရင်း။ သမုဒ္ဒေါတိ၊ သမုဒ္ဒရာကြီးဟူ၍။ ဘာသတိ၊

ဟောတော်မူ၏။ စက္ခုံမေဝ၊ စက္ခုသည်သာလျှင်။ သမုဒ္ဒေါ၊ သမုဒ္ဒရာတည်း။

စက္ခုံ, သောတံ, ဃာနံ, ဇိဝှါ, ကာယံ, မနံ, သမုဒ္ဒရာ ခြောက်စင်း လူ့ခန္ဓာ၌ ရှိ၍ နေပေ၏။ နိဗ္ဗာန်သောင်ကမ်း အောင်မြေနန်းသို့ ရောက်သော အရိယာများကား ကမ်းပေါ်သို့ ရောက်ရှိပါပြီ။

### ၁၁၇။ ဝိပဿနာနှင့် မဂ် မဟာသံဝေဂ မည်ပုံ

ဇြေဝ မဟာ သံဝေဂေါနာမ ဝိပဿနာ။

(မဟာဋီကာ)

အထဝါ မဟာသံဝေဂေါနာမ သဟ ဝိပဿနာယ မဂ္ဂေါ။

ဓာအဂ်ုတ္တိုရ်အဋ္ဌကထာ။ ဧကဓမ္မဝဂ်၊ ၄၂၀-နံ၊ကဝိ-မူ။

ဇြေဝ၊ ဤအရာ၌။ မဟာသံဝေဂေါနာမ၊ မဟာသံဝေဂ မည်သည်ကား။ ဝိပဿနာ၊ ဝိပဿနာဉာဏ်ပင်တည်း။ အထဝါ၊ တနည်းကား။ မဟာသံဝေဂေါနာမ၊ မဟာသံဝေဂမည်သည်ကား။ ဝိပဿနာယ၊ ဝိပဿနာနှင့်။ သဟ၊ တကွ။ မဂ္ဂေါ၊ မဂ်ပင်တည်း။

### ၁၁၈။ ဝိပဿနာဒေသနာအကျိုး မပိုင်းခြားနိုင်

သဗ္ဗာ ဧကဿ သာဝကဿ ဓမ္မဒေသနာယ ဥပ္ပန္နပသာဒေန မဟာနိသံသံအပရိစ္ဆိန္နံအကာသိ။

တိကာ အဂ်ုတ္တိုရ်အဋ္ဌကထာ၊ အာနန္ဒဝဂ်အဆုံး၊ ၁၉-နံ၊၃-ငံး၊ဇံ-မူ။

သဗ္ဗာ၊ မြတ်စွာဘုရားသခင်သည်။ ကေသာ၊ တယောက်သော။ သာဝကဿ၊ သာဝက၏။ ဓမ္မဒေသနာယ၊ တရားဟောပြသဖြင့်။ ဥပ္ပန္နပသာဒေန၊ ဖြစ်သော ကြည်ညိုခြင်းကြောင့်။ မဟာနိသံသံ၊ များစွာသော အကျိုးဆက်ကို၊ အပရိစ္ဆိန္နံ၊ အပိုင်းအခြား မရှိသည်ကို။ အကာသိ၊ ပြုပြီ။

**၁၁၉။ ဝိပဿနာဉာဏ် ၁၆-တန်ဖြင့် အနုသယ ကိလေသာ သတ်ပုံ**

အဘိဓမ္မ ဝိဒူကေ အနုသယပ္ပဟာနံ အနုသယ
ပဋိပက္ခဏ္ဏာ ပညာယ။

ပါရာဇိကကဏ်အဋ္ဌကထာ၊ ပထမအုပ်၊ ၁၆-နံ၊ ၁-ငံး၊ ဟံ-မူ။

အဘိဓမ္မဝိဒူကေ၊ အဘိဓမ္မာ ဝိဒူကတ်၌။ အနုသယပ္ပဟာနံ၊ အနုသယကိလေသာကိုပယ်သတ်ခြင်းကို။ ကထိတံ၊ ဟောကြားအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ပညာယ၊ ဝိပဿနာပညာ ၁၆-ပါး၏။ အနုသယပဋိပက္ခတ္တာ၊ အနုသယ ကိလေသာ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။

တံ ယထာ ခန္ဓဝန္တဿ ရုက္ခဿ အနုဝသေသ
မူလုဒ္ဓရဏေ ကတေ ပုပ္ဖ ဖလ ပလ္လဝကိုရ
သန္တတိ သမုစ္ဆိန္နာ ဘဝတိ၊ ဧဝံ အနုသယေသု
ပဟီနေသု ပရိယုဋ္ဌာနသန္တတိ သမုစ္ဆိန္နာ ဘဝတိ။

နေတ္တိပါဠိတော်။

တံ၊ ထိုဥပမာသည်။ ယထာ၊ အဘယ်နည်း။ ခန္ဓဝန္တဿ၊ ပင်စည်ရှိသော။ ရုက္ခဿ၊ သစ်ပင်၏။ အနုဝသေသ မူလုဒ္ဓ

ရယော၊ အကုန်လုံး အမြစ်ကစ၍ နုတ်ပယ်ခြင်းကို။ကထော၊ ပြုလုပ်အပ်သည်ရှိသော်။ ပုပ္ဖ ဖလ ပလ္လဝ အင်္ကုရ သဏ္ဍာတိသမုစ္ဆိန္နာ၊ အပွင့်၊အသီး၊ အရွက်၊ အညွန့်၊ အစည် ပြတ်သည်။ ဘဝတိယထာ၊ ဖြစ်သကဲ့သို့။ ဇေဝံတထာ၊ ထို့အတူ။ အနုသယေသု၊ အနုသယ ကိလေသာတို့သည်။ ပဟီနေသု၊ ပျောက်ပျက်ကုန်သည် ရှိသော်။ ပရိယုဋ္ဌာန သဏ္ဍာတိ သမုစ္ဆိန္နာ၊ပရိယုဋ္ဌာနကိလေသာအစည်ကြီးပြတ် ရတော့သည်။ ဘဝတိ၊ ဖြစ်၏။

လိုရင်းမှာ အချုပ်၊မူလ၊ပင်ရင်း ဖြစ်သော အနုသယ ကိလေသာကို ဝိပဿနာပညာ ၁၆-ပါးဖြင့် အသေသတ် ခဲ့သော် ပရိယုဋ္ဌာနကိလေသာအစည်ကြီးပြတ်တော့သည်။ ပရိယုဋ္ဌာန ကိလေသာအစည်ကြီး ပြတ်သော် ဝီတိက္ကမ ကိလေသာအစည်ကြီးပါ ပြတ်ရတော့သည်။ ထိုအခါ၌ ၆-ဒွါရ ဝယ် ၆-အာရုံတို့ ခေးပြ တိုက်သော်လည်း အကုသိုလ်မဖြစ်ပြီ။ ကိလေသာမဖြစ်ပြီ။ ရဟန္တာတို့၏ ခြောက်ဒွါရ၊ ခြောက်အာရုံတို့ကဲ့သို့ "ကုသလာကုသလံ ဇဟံ" ဘဝသို့ ရောက်ရှိလေပြီ။

## ၁၂၀။ အကုသိုလ် အမြစ်ပြတ်၍ ပင်စည် အခက်အလက်တို့ပြတ်ပုံ

**အဝိဇ္ဇာ, ဒိဋ္ဌိ, ဝိစိ, ဟီ-နော-ဥ-လ-မာ-ဒ-ဇူ-မ-ကု-ထိ-မိ-ခက်လက် သေပုံ။**

ပုံစံ၌ သောတာပတ္တိမဂ်ဖြင့် အပါယဂါမိကဖြစ်သော အဝိဇ္ဇာ,သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ,မူလပင်ရင်း အမြစ်မကြီး

၃-ခုကို သတ်ထားတော့ နောက်လိုက်နောက်ပါ အခက် အလက်နှင့်တူတဲ့ အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ,လောဘ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဆိုတဲ့ တရား ဆဲ့တပါးဟာ အခက်အလက်မို့ အမြစ်ပြတ် ထာနှင့် တဖြေးဖြေး သေရတော့သည်။ သောတာပတ္တိ မဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန .ပဟိနာပါယ ဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ။ သင်္ဂဟာအဋ္ဌကထာနှင့် ညီသည်။

### ၁၂၁။ အဝိဇ္ဇာမူလပြတ်၍ ပဋိစ္စသမုပ္ပါဒ် စက်ကြီး ရပ်သွားပုံ

**အဝိဇ္ဇာ, သင်္ခါ, ဝိ,နာမ်,သ,ဖ,ဝေ,တဏှာ,ဥ,ဘ, ဇာ-ဇ-မ- သ-ပ-ဒု-ဒ-ဥပါယာသ ၁၈-သေပုံ။**

ခါတ်တရားကိုတွေ့တော့အဝိဇ္ဇာသေသည် မူလအမြစ် ပြတ်တော့ သင်္ခါရ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ သေသည်။

သာဓကမှာ-

စက္ခုံ ခေါ် ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ သဠာယတနဝဂ္ဂ သံယုတ် ပါဠိကြည့်ပါ။

ထို့ပြင် သာဓကတခုမှာလဲ-

အဝိဇ္ဇာယတွေ ဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊နာမရူပ နိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ပါဒါနနိရောဓာဘဝ နိရောဓော၊ဘဝနိရောဓာ ဇာတိ နိရောဓော၊ဇာတိ နိရောဓာ ဇရာ-မရဏ- သောကပရိဒေဝ- ဒုက္ခ-ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ။ ဝေမေတဿ ကေဝ လဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ

ဟူသော နိဒါနဝဂ္ဂသံယုတ် ပါဠိကို ကြည့်ပါဦး။

အဝိဇ္ဇာပြုတ်လျှိုပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သံသရာကြီး ပြုတ်သွားပုံတည်း။

**၁၂၂။ ပဋိစ္စ သမုပ္ပါဒ် သံသရာစက် ပြတ်ပုံ ရှစ်ပုံ ငါးမျိုး**

ဇ္ဇာ,သ်,ဝိ,နံ,သ,ဖ,ဝ,ဏှာ,ဉ,ဘ,ဇာ,ဇ,မ,သ,ပ,ဒု,ဒ,ဉ,ဝဂ-သေ၊ ဝိပဿနာအခိုက်။

ဇ္ဇာ,သ်,ဝိ,နံ,သ,ဖ,ဝ,ဏှာ,ဉ,ဘ,ဇာ,ဇ,မ,သ,ပ,ဒု,ဒ,ဉ,ဝဂ-သေ၊ သောတာပတ္တိမဂ် အခိုက်။

ငင်း ပုံစံ အတိုင်း သကဒါဂါမိ မဂ်အခိုက်၊

ငင်း ပုံစံ အတိုင်း အနာဂါမိ မဂ်အခိုက်။

ငင်း ပုံစံ အတိုင်း အရဟတ္တ မဂ်အခိုက်။

## ၁၂၃။ နဂါးနိုင်မင်း ပေါက်ကျိုင်း နဂါးဥကြောင်း ပိုင်းပုံ ဥပမာ

| ဥကြောင်း | ခါး | အမြီး |
|---|---|---|
| ဇ္ဈာ,ဒိ, ဝိ ၃-ပါး | တဏှာ | မာန |

ဒိဋ္ဌိတဏှာ မာနသတ်ပုံကို နဂါးနိုင်မင်း ပေါက်ကျိုင်း ပုံနှင့် သိကြရန်ဖြစ်သည်။ နဂါးနိုင်မင်းသည် ဝိဇ္ဇာဆိုတဲ့ သံလျက်နှင့် အဝိဇ္ဇာဒိဋ္ဌိ ဝိစိဆိုတဲ့ နဂါး၏ ဥကြောင်းကို ဖြတ်တော့ ခေါင်းကား ပြတ်သွားလေပြီ၊ တာပေမဲ့ ခါးနှင့် တူသော တဏှာကား အရှိန် မကုန်သေးလို့ လူးသည် လွန့်သည်၊တာပေမဲ့တဖြေးဖြေးတော့ သေမှာ ဧကန်ပါဘဲ။ အမြီးနှင့် တူတဲ့ မာနကလဲ ဟိုတိုင်ရစ်ပတ် သည့်တိုင် ရစ်ပတ်နှင့်အသက်ရှင်သကဲ့သို့ဖြစ်ချေသေး၏၊တဖြေးဖြေး သေမှာပါဘဲ ဆဲဒါဥပမာတည်း။ဒိဋ္ဌိသေသောသောတာပန် ဝိသာခါ ဘုံစဉ်စံ ၇-ဦးတို့သည် ဒိဋ္ဌိသာသေ၍ ခါးဆိုတဲ့ တဏှာကမသေသေးတော့ အိုးနဲ့ အိမ်နဲ့ သားနဲ့ မယားနဲ့ လူးလွန့်၍နေဦးမှာပါဘဲတဖြေးဖြေးတော့ဧကန်သေမှာပါ။ ဒိဋ္ဌိခေါင်းကြီး ကြေမွ၍ သေပါပြီဘဲကိုး မာန အမြီးကလဲ ရစ်ပတ်ဦးမှာဘဲ တာပေမဲ့ရဟန္တာကျတော့သေမှာပါဘဲ။

## ၁၂၄။ ပဋိစ္စသမုပ္ပါဒ် စက်သံသရာ ပြတ်တော့ ဒိဋ္ဌိ, တဏှာ, မာနပါ သေပုံ

ဇ္ဈာ-သ်-ဝိ-နာမ်-သ-ဖ-ဝေ-ဏှာ-ဥ-ဘ-ဇာတိ-ဇ-မ-သ-ပ-ဒု-ဒ-ဥ-

| ဒိဋ္ဌိသေ | တဏှာသေ | မာနသေ |
|---|---|---|

ခေတ်ပေါ်လို့ အဝိဇ္ဇာအခိုက်မှာ ဒိဋ္ဌိသေသည်။တဏှာ ချုပ်သော အခိုက်မှာ ဆိုင်ရာတဏှာသေသည်။ ဇာတိ

ချုပ်သော အခိုက်မှာ ဆိုင်ရာ မာနပါသေသည်။ အသေ ၃-မျိုး သိကြမှတ်ကြပါကုန်။

### ၁၂၅။ ဝိပဿနာ ၃-မျိုး အနုသယ ကိလေသာ သတ်ပုံ

တတ္ထ ယသ္မာ ဣရိယာ ပထပဗ္ဗံ စတုသမ္ပဇ
ညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣမာနိ တီဏိ
ဝိပဿနာ ဝသေန ဝုတ္တာနိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁၉၅-နံ ၁၆-ငံး၊ ဟံ-မူ။

အာနာပါနပဗ္ဗံ ပန ပဋိကူလ မနသိကာရ ပဗ္ဗဉ္စ
ဣမာ နေဝေတ္ထ ဒွေ သမာဓိဝသေန ဝုတ္တာနိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁၉၅-နံ၊ ၁၀-ငံး၊ ဟံ-မူ။

တတ္ထ၊ ထို သမထ နှင့် ဝိပဿနာ တို့တွင်။ ယသ္မာ၊ အကြင်ကြောင့်။ဣရိယာပထပဗ္ဗံ၊ ဣရိယာပထပဗ္ဗကိုရင်း။ စတုသမ္ပဇ ညပဗ္ဗံ၊ စတုသမ္ပဇ ညပဗ္ဗကိုရင်း။ ဓာတုမန သိကာရပဗ္ဗံ၊ ဓာတုမနသိ ကာရ ပဗ္ဗကိုရင်း။ ဣတိဣမာနိ တီဏိ၊ ဤ ၃-ပါး ကုန်သော ပဗ္ဗတို့ကို။ ဝိပဿနာ ဝသေန၊ ဝိပဿနာ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ ပန၊ ဝိပဿနာမှ တပါး သမထကို ပြဆိုပါဦးအံ့။ အာနာပါန ပဗ္ဗဉ္စ၊ အာနာပါန ပဗ္ဗကိုရင်း။ ပဋိကူလမနသိကာရပဗ္ဗဉ္စ၊ ပဋိကူလ မနသိကာရ ပဗ္ဗကိုရင်း။ ဧတ္ထ၊ ဤမဟာသတိပဋ္ဌာန် ပါဠိတော်ကြီး၌။ဣမာနေဝဒွေ၊ဤ ၂-ပါးကုန်သော ပဗ္ဗတို့ကိုသာလျှင်။ သမာဓိဝသေန၊သမထ သမာဓိ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။

### ၁၂၆။ ဝိပဿနာ သမ္မာဒိဋ္ဌိက နိဗ္ဗာန်အထိ တက်ရောက်ပုံ

ရူဝ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ ဝိဝေ
ကနိဿိတံ ဝိရာဂ နိဿိတံ နိရောဓ နိဿိတံ
ဝေါဿဂ္ဂပရိ ဏာမိံ၊ အယံ ဖုဋ္ဌတိ ဘိက္ခဝေ
အဿခ်တ ဂါမိမဂ္ဂေါ။

အသင်္ခတ သံယုတ် ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ရူဝ၊ ဤသာသနာတော်မြတ်ကြီး၌။ဘိက္ခု၊ ရဟန်းသည်။ဝိဝေကနိဿိတံ၊ဝိဝေက ငါးပါးကို မှီထသော။ ဝိရာဂနိဿိတံ၊ရာဂကင်းခြင်း လေးပါးကိုမှီထသော။ နိရောဓ နိဿိတံ၊ အနုပ္ပါဒ နိရောဓကိုမှီထသော။ ဝေါဿဂ္ဂ ပရိဏာမိံ၊ စွန့်လွှတ်ခြင်း နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းထသော။ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိကို။ ဘာဝေတိ၊ပွါးများ၍နေပေ၏။အယံ၊ဤသမ္မာဒိဋ္ဌိ ၃–မျိုး ကို။ အသင်္ခတ ဂါမိမဂ္ဂေါတိ၊ နိဗ္ဗာန်သို့ သွားရာ မဂ်တရားဟူ၍။ဖုဋ္ဌတိ၊ဆိုအပ်၏။

### ၁၂၇။ နိဗ္ဗာန်ခရီး လမ်းမကြီးကား ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်ပါဘဲ တဲ့

ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ အယ
မေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ
သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပေါ, သမ္မာ ဝါစာ, သမ္မာ
ကမ္မန္တော, သမ္မာ အာဇီဝေါ,သမ္မာ ဝါယာမော,
သမ္မာသတိ, သမ္မာသမာဓိ။

အသင်္ခတ သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတဂါမိ မဂ္ဂေါ၊ နိဗ္ဗာန်ခရီး လမ်းမ ကြီးသည်။ ကတမော စ၊ အဘယ်နည်း။ အရိယော၊ ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်သည်သာလျှင်တည်း။ ဣဒံ၊ ဤမဂ်သည်။ သေယျထာကတမံ၊ အဘယ် နည်း ဟူမူကား။ သမ္မာဒိဋ္ဌိ၊ဝိပဿနာဉာဏ် ၁၆-တန်ပင်း။သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာ ကြံစည်ခြင်းပင်း။ သမ္မာဝါစာ၊ ဝစီဒုစရိုက်မှ စင်ကြယ်၍ ပြောဆိုခြင်းပင်း။ သမ္မာကမ္မန္တော၊ ကာယဒုစရိုက်မှ စင်ကြယ်၍ ပြုလုပ်ခြင်းပင်း။ သမ္မာအာဇီဝေါ၊ ကာယဝစီ ဒုစရိုက်မှ စင်ကြယ်၍ အသက်မွေးခြင်းပင်း။ သမ္မာဝါယာမော၊ သမ္မပ္ပဓာန် ၄-ပါးဖြင့် အားထုတ်ခြင်းပင်း။ သမ္မာသတိ၊ သတိပဋ္ဌာန် ၄-ပါးဖြင့် ကောင်းစွာ သတိထားခြင်းပင်း။ သမ္မာသမာဓိ၊ တွေ့သော ရုပ်နာမ်၌သာ တည်ကြည်၍ နေခြင်းပင်း။ အယံ၊ ဤသည်ကား။ အသင်္ခတဂါမိ မဂ္ဂေါ၊ နိဗ္ဗာန်ခရီး လမ်းမကြီး ပင်တည်း။

## ၁၂၈- ရုပ်ကို တွေ့လို့ သာရကဒိဋ္ဌိ ပယ်နိုင်ပုံ

ဇေဝံ ရူပမ္ပိ နိစ္စသာရ ဓုဝသာရ အတ္တသာရ ဝိရ
ဟေန နိဿာရမေဝ။

ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ ၂၇၇-နံ၊ ၂၁-ပင်း၊ သား-မူ။

ဇေဝံ၊ ဤသို့။ ရူပမ္ပိ၊ ရုပ်တရားသည်လည်း။ နိစ္စသာရ ဓုဝသာရ အတ္တသာရ ဝိရဟေန၊ မြဲခြင်းအနှစ် သာရ ခိုင်ခန့်ခြင်းအနှစ်သာရ အတ္တဆိုတဲ့အနှစ်သာရ အားလုံးမှ

ကင်းသဖြင့်။ နိဿာရမေဝ၊ ဘယ်အနှစ် သာရ မရှိသည်သာလျှင်တည်း။

ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် ဖေဏ ပိဏ္ဍူပမသုတ်၌ဝါ၊ အသာရက သုတ်၌ ခန္ဓာ ၅-ပါးစလုံး နိစ္စသာရ, ဓုဝသာရ, သုဘသာရ, အတ္တသာရ မရှိပုံကို ဟောပြထားပါသည်။

### ၁၂၉။ ရုပ်တွေလို နိစ္စ,ဓုဝ,အဟံ,မမ, ပယ်သတ်ပုံ

**ရုပ်နာမ်တွေလို အနိစ္စ, ဒုက္ခ,အနတ္တ, အသုဘ,ဝိဇ္ဇာကို ရရှိပုံ**

ဧဝံ ရူပံပိ နိစ္စန္တိဝါ ဓုဝန္တိဝါ အဟန္တိဝါ မမန္တိဝါ
ဂါဟေတုံ နသက္ကာ၊ ဂဟိတမ္ပိ န တထာ တိဋ္ဌတိ၊
အနိစ္စံ ဒုက္ခာ အနတ္တာ အသုဘာ ဧဝ ဟောတိတိ
ဧဝံ ဖေဏပိဏ္ဍူ သဒိသမေဝ ဟောတိ။

ခန္ဓာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၂၈၈-နှာ၊ ၂၄-င်း၊ သား-မူ။

ဧဝံ၊ ဤသို့။ ရူပံပိ၊ ရုပ်ကိုလည်း။ နိစ္စန္တိဝါ၊ မြဲ၏ဟူ၍ရင်း။ ဓုဝန္တိဝါ၊ ခိုင်ခံ့၏ဟူ၍ရင်း။ အဟန္တိဝါ၊ ငါဘဲဟူ၍ရင်း။ မမ န္တိဝါ၊ ငါ့ဥစ္စာဘဲ ဟူ၍ရင်း။ ဂါဟေတုံ၊ ဒဠှဖြင့် ယူခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဂဟိတံပိ၊ နိစ္စ,ဓုဝ, အဟံ, မမဟု ယူထားပါသော်လည်း။ တထာ၊ ထိုယူထားသည့် အတိုင်း။ နတိဋ္ဌတိ၊ မတည် တံ့ပေ။ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘာဧဝ၊ အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ, အသုဘဟူ၍ သာလျှင်။ ဟောတိ၊ ပကတိ အတိုင်း ဖြစ်တော့၏။ ဣတိဧဝံ၊ ဤသို့။ ဖေဏပိဏ္ဍူသဒိသမေဝ၊

ရေမြှုပ်စိုင်နှင့် တူသည့်သာလျှင်။ ဟောတိ၊ ဖြစ်တော့၏။ ဆဲဒါ ယောဂီမြင် အရိယာ မြင်တည်း။

## ၁၃၀။ သဟဇာတဝိရိယနှင့် ဝိပဿနာနှင့်မဂ် တန်းတူပုံ

ဥပဓိနံ ပဋိနိဿဂ္ဂ သင်္ခါတာသ နိဗ္ဗာနဿအတ္ထာယ ဝိပဿနာယ စေဝ အဂ္ဂမဂ္ဂေန စ သဟ ဇာတ ဝိရိယံ။

ဒုက-အင်္ဂုတ္တိုရ်၊ အဋ္ဌကထာ၊ ၄-နံ၊ ၂၄-ငိး၊ ၆-မူ။

ဥပဓိနံ၊ ကာမုပဓိစသော ဥပဓိ၄-ပါးတို့၏။ ပဋိနိဿဂ္ဂ သင်္ခါတဿ၊ စွန့်လွှတ်ရာဟု ဆိုအပ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိပဿနာယ စေဝ၊ ဝိပဿနာနှင့်၎င်း။ အဂ္ဂမဂ္ဂေန စ၊ အရဟတ္တ မဂ်နှင့်၎င်း။ သဟဇာတ ဝိရိယံ၊ တကွဖြစ်သော ဝိရိယတည်း။

## ၁၃၁။ ဝိဝဋ္ဋနှင့် ဝိပဿနာနှင့်မဂ် အတူ ထားပုံ

သဝိပဿနာနံ ပန စတုန္နံ မဂ္ဂါနံ မေတံ နာမံ။

မိစ္ဆာပဋိပဒါသုတ်အဋ္ဌကထာ၊နိဒါနဝဂ္ဂသံယုတ် ၁၀-နံ၊၁၂-ငိး၊သားမူ။

ပန၊ ဝိဝဋ္ဋနိဿိတ မှချနည်းကို ဆိုဦးအံ့။ ဧတံနာမံ၊ ဤမှချပရမတ္ထ ဝိဝဋ္ဋဟူသော အမည်သည်။ သဝိပဿနာနံ၊ ဝိပဿနာနှင့်တကွ ဖြစ်ကုန်သော။ စတုန္နံမဂ္ဂါနံ၊ ၄-ပါး ကုန်သော မဂ်တို့၏။ နာမံ၊ အမည်ပင်တည်း။

ဝိပဿနာတရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန် ဆဲဒါမှ ဝိဝဋ္ဋအစစ် မှချတည်း။

## ၁၃၂။ ဇာနတော-ပဿတောဆိုတာ ဝိပဿနာနှင့် မဂ်တရားတည်း

တဿ ဇေဝံ ဇာနတော ပဿတောတိ တဿ ဘိက္ခုနော ဇေဝံ ဇာနန္တဿ ဇေဝံ ပဿန္တဿ သဟ ဝိပဿနာယ ကောဋိပ္ပတ္တံ မဂ္ဂံ ကထေတိ။

[သီလက္ခန် အဋ္ဌကထာ]

တဿဇေဝံ ဇာနတော ပဿတောတိ၊ ဟူသည်ကား။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဇေဝံ၊ဤသို့။ ဇာနန္တဿ၊ သိသော။ ဇေဝံ၊ ဤသို့။ ပဿန္တဿ၊ မြင်သော။ သဟ ဝိပဿနာယ၊ ဝိပဿနာနှင့်တကွ။ ကောဋိပ္ပတ္တံ၊ အထွဋ် အထိပ်သို့ ရောက်သော။ မဂ္ဂံ၊ မဂ်တရားကို။ ကထေတိ၊ ဟောတော်မူ၏။

ဝိဿနာနှင့် မဂ်မှ ဇာနတော အရ သိတာ၊ပဿတော အရ မြင်တာ။ အခြားဖြင့် မသိမမြင်နိုင်ပါ။

## ၁၃၃။ ဝဇိရ ဉာဏ်ဆိုတာ ဝိပဿနာနှင့် မဂ်ဉာဏ်တည်း

ဝိပဿနာ ဉာဏံ မဂ္ဂ ဉာဏဉ္စ ဉာဏဝဇိရံ။

နေတ္တိ အဋ္ဌကထာ၊ ၁၈၈-နံ၊ ၅-ငံး၊

ဝိပဿနာ ဉာဏဉ္စ၊ ဝိပဿနာ ဉာဏ်သည်၎င်း။ မဂ္ဂ ဉာဏဉ္စ၊ မဂ်ဉာဏ်သည်၎င်း။ ဉာဏဝဇိရံ၊ ဝဇိရဉာဏ် မည်၏။ ဝါ၊ ဝဇိရစိန်လက်နက် မိုးကြိုး လက်နက်နှင့် တူသော ဉာဏ်မည်၏။ ဘွဲ့ပေးပုံ။

## ၁၃၄။ ယထာဘူတဉာဏ်ဆိုတာ ဝိပဿနာနှင့် မဂ်ဉာဏ်တည်း

ယထာဘူတန္တိ ယထာသဘာဝံ သမ္မာနယေန ကာရဏေန ပညာယ သုဋ္ဌု ဒိဋ္ဌံ ဟောတီတိ ဒဿေတိ။ တတ္ထ ပညာယာတိ ဝိပဿနာ ပညာယ ပေဿာ မဂ္ဂပညာယ ဉာဏေနာတိ အတ္ထော။

မူလပဏ္ဏာသအဋ္ဌကထာ ပထမ ၃၃၆-နံ၊ ၁၀-ငး၊ ဇံ-မူ။

ယထာဘူတန္တိ၊ ဟူသည်ကား။ ယထာသဘာဝံ၊ ကျမ်းဂန်လာစာအတိုင်း တွေ့ရသောသဘောကို။ သမ္မာ၊ ကောင်းစွာ။ နယေန၊ နည်းဖြင့်။ ကာရဏေန၊ အကြောင်းဖြင့်။ ပညာယ၊ ပညာဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ဒိဋ္ဌံ၊ မြင်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ပြ၏။ တတ္ထ၊ ထိုယထာဘူတအရာ၌။ ပညာယာတိ၊ ဟူသည်ကား။ ဝိပဿနာပညာယ၊ ဝိပဿနာပညာနှင့်။ သဟ၊ တကွ။ ပေဿာ၊ အောက်၌။ မဂ္ဂပညာဉာဏေန၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် ဉာဏ် ၂-ပါးနှင့်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

## ၁၃၅။ ပရိစ္ဆာနန္တိ ဆိုတာ လောကီ-လောကုတ္တရာ ဉာဏ်တည်း

ပရိဇာနန္တီတိ ပုထုဇ္ဇန ကလျာဏတော ပဋ္ဌာယ သေခါ လောကိယ လောကုတ္တရာယ ပရိညာယ ပရိဇာနန္တိ။

သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ ၈၇-နံ၊ ၂၉-ငး။ ဇံ-မူ။

ပရိစ္ဆာနန္တိ၊ ရုပ်နာမ်ကိုသိတယ်၊တွေ့တယ်ဟူသည် ကား။ ပုထုဇ္ဇန ကလျာဏတော၊ ကလျာဏပုထုဇဉ်မှ။ ပဋ္ဌာယ၊စ၍။သေခါ၊သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည်။ လောကိယ လောကုတ္တရာယ၊လောကီနှင့် လောကုတ္တရာ ဖြစ်သော။ ပရိညာယ၊ ဉာတ၊တီရဏ၊ ပဟာန၊ ပရိညာ ၃-ပါးဖြင့်။ပရိစ္ဆာနန္တိ၊ရုပ်နာမ်ကို ပိုင်းခြား၍သိကြကုန်၏။

မဂ်မရသေးမီ သဘာဝရုပ်နာမ်သိ မဂ်ရပြီး သဘာဝ ရုပ်နာမ်သိ,ခွဲသိပါ။

၁၃၆။ နိဗ္ဗာန်မြစ်ညာ သို့ဆန်တယ်ဆိုတာ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ရတာဘဲ

ပဋိသောတဂါမိန္တိ နိစ္စာဒီနံ ပဋိသောတံ အနိစ္စာ ဒုက္ခာ အနတ္တာ အသုဘန္တိ ဧဝံဂတံ စတုသစ္စဓမ္မံ။

သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ ၁၆၄-နံ၊၂၂-ငါးဇံ-မူ။

ပဋိသောဘဂါမိန္တိ၊ နိဗ္ဗာန်မြစ်ညာသို့ ဆန်တက်ပြီ ဟူသည်ကား။ နိစ္စာဒီနံ၊ နိစ္စ သုခ အတ္တ သုဘ တို့၏။ ပဋိ သောတံ၊နိဗ္ဗာန်မြစ်ညာဖြစ်၍ ဖြစ်သော။အနိစ္စ ဒုက္ခ အနတ္တ အသုဘံ၊ မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း မတင့်တယ် ခြင်း။ ဣတိဧဝံ၊ဤသို့လျှင်။ဂတံ၊ တက်ရောက်၍ နေသော။ စတုသစ္စဓမ္မံ၊ လေးပါးသော သစ္စာတရားကို။ ပဋိသောတ ဂါမိန္တိ၊ နိဗ္ဗာန်မြစ်ညာသို့ ဆန်တက်သော တရားဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ နိစ္စ၊ သုခ၊ သုဘ၊ အတ္တက သံသရာ ရေစုံ၌ မျောသောတရားတည်း။ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တက လောကုတ္တရာသို့ဆန်တက်သောတရားတည်း။

## ၁၃၇။ အဝိဇ္ဇာမှောင်မရှိလို့ အနိစ္စ ဒုက္ခ အသုဘ အနတ္တ တွေ့ရတာ

နဒက္ခိံသူတိ အနိစ္စံ ဒုက္ခံ အနတ္တာ အသုဘန္တိ
ဣမိနာသဘာဝေန နပဿန္တိ၊ အပဿန္တော
ကောသက္ခိဿတိ ဧဝံဂါဟာပေတုံ၊ တမောခန္ဓေန
အာဝုတာတိ အဝိဇ္ဇာရာသိနာ အဇ္ဈောတ္ထတာ။

သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ ၁၆၄ နံ၊ ၂၄-င်း၊ ဇုံမူ။

နဒက္ခိံသူတိ၊ မမြင်ဘူးဆိုသည်ကား။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲခြင်း။ အနတ္တာ၊ အစိုးမရခြင်း၊ အသုဘံ၊ မတင့်တယ်ခြင်း။ ဣတိ၊ ဤသို့။ ဣမိနာသဘာဝေန၊ ဤလက္ခဏာရေး သဘောဖြင့်။ နပဿန္တိ၊ မမြင်ကုန်။ အပဿန္တော၊ မမြင်ရသည်ရှိသော်။ ကော၊ အဘယ်သူသည်။ ဧဝံ၊ ဤသို့ ဂါဟာပေတုံ၊ ယူစေခြင်းငှါ။ သက္ခိဿတိ၊ စွမ်းနိုင်အံ့နည်း။ တမောခန္ဓေန အာဝုတာတိ၊ ဟူသည်ကား။ အဝိဇ္ဇာရာသိနာ၊ အဝိဇ္ဇာအစုအပုံဖြင့်။ အဇ္ဈောတ္ထတာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ လက္ခဏံ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ လက္ခဏာကို။ နဒက္ခိံသု၊ မမြင်ကြပါကုန်။ အဝိဇ္ဇာမှောင်ဖုံးလို့ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘကို မမြင်ကြရပါ။ အဝိဇ္ဇာမှောင် မရှိလို့ အနိစ္စ, ဒုက္ခ,အနတ္တ အသုဘကို တွေ့ကြရတာပါ။

### ၁၃၈။ ရုပ်နာမ်တွေ့သော သေက္ခများ ထာဝရ၌ ထဲ့ထားပုံ

သတ္တပန သေခါ တသာတိ ဝတ္တုံ နသက္ကာ၊
ထာဝရာ နဟောန္တိ၊ ဘဇမာနာပန ထာဝရ ပက္ခ
မေဝ ဘဇန္တိ။

သဂါဘာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၁၇၃-နံ၊ ၂၂-ငံး၊ ဇံ-မူ။

ပန၊ တသာနှင့် ထာဝရကို ပြဦးအံ့။ သတ္တသေခါ၊ ပုထုဇဉ်နှင့်တကွ သေက္ခ ၇-ဦးကို။ တသာတိ၊ မမြဲတဲ့သူတို့ဟူ၍။ ဝတ္တုံ၊ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ထာဝရာ၊ မြဲသောသူတို့သည်၊ နဟောန္တိ၊ ရဟန္တာကဲ့သို့ မဖြစ်ကုန်။ ဘဇမာနာပန၊ ဝေဘန်သော်ကား။ ထာဝရ ပက္ခမေဝ၊ ထာဝရ မြဲသော ပုဂ္ဂိုလ် အဘို့၌သာလျှင်။ ဘဇန္တိ၊ထည့်သွင်းအပ်ကုန်၏။

### ၁၃၉။ နိဗ္ဗာနဂမနမဂ္ဂ၌ ဝိပဿနာနှင့် မဂ်ပါ ယူရ၏

နိဗ္ဗာနဂမနံ မဂ္ဂန္တိ ဝိပဿနံ သန္ဓာယ အာဟ၊
သော ဟိ နိဗ္ဗာနဿ ပုဗ္ဗဘာဂမဂ္ဂေါ။

သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ ၂၂၆-နံ၊၁၂-ငံး၊ဇံ-မူ။

နိဗ္ဗာနဂမနံမဂ္ဂန္တိ၊ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော မဂ်တရားဆိုသည်ကား။ ဝိပဿနံ၊ဝိပဿနာကို။သန္ဓာယ၊ ရည်ရွယ်၍။ အာဟ၊ မိန့်တော်မူ၏။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုဝိပဿနာမဂ်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ပုဗ္ဗဘာဂ-မဂ္ဂေါ၊ ရှေ့တော်ပြေးမဂ်ပင်တည်း။

ဝိပဿနာတရားကို မဂ်ဟု ခေါ်တာဟာ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် ဝိပဿနာကို ပုဗ္ဗဘာဂ- မဂ်တရားဟု ဖွင့်ပြကြကုန်၏။

### ၁၄၀။ မဖေါက်မပြန် မှန်သော ပညာကား ဝိပဿနာနှင့် မဂ်တည်း

သမ္မပညာယ ပဿတောတိ သမ္မပညာနာမ သ
ဝိပဿနာမဂ္ဂပညာ တာယပဿတောတိအတ္ထော။

နိဒါန ဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ၃၁-နှာ၊ ၁၄-င်း၊

သမ္မပညာယ ပဿတောတိ ဧတ္ထ၊ ဟူသောပါဌ်၌။ သမ္မပညာနာမ၊ မဖေါက် မပြန် မှန်ကန်သော ပညာ မည်သည်ကား။ သဝိပဿနာ၊ ဝိပဿနာ ပညာနှင့် တကွသော။မဂ္ဂပညာ၊မဂ်နှင့် ယှဉ်သော ပညာပင်တည်း။ တာယ၊ ထိုဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတော၊ မြင်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ လိုအပ်သော အနက်တည်း။

### ၁၄၁။ ဘဝနိရောဓ နိဗ္ဗာန် မြင်ရာ၌ ပုထုဇဉ် သေက္ခတူနေပုံ

ဘဝနိရောဓော နိဗ္ဗာနံနာမ၊ သေခေဟိပိ ဇာနိ
တဗ္ဗော၊ ပဇ္ဈော ဌေသ။

နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ ၁၁၅-နှာ၊ ၁၆-င်း၊သား-မူ။

ဘဝနိရောဓော၊ ဘဝ၏ ချုပ်ခြင်းသည်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်၏။ သေခေဟိပိ၊ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်

၇-ဦးတို့သည်လည်း။ ဓာနိတဗ္ဗော၊သိအပ်၏။ သော-သော ပဒေ့ာ၊ ဤပြသောနာကို။ ဝိဿဇ္ဇေတဗ္ဗော၊ဖြေဆိုအပ်၏။

### ၁၄၂။ ဓမ္မိကထာနှင့် တုဏှီဘာဝ၌ ဝိပဿနာ မင်္ဂလာမဂ် တူနေပုံ

ဓမ္မိကထာဝါ အရိယော တုဏှီဘာဝေါဝါတိ ဧတ္ထ ပန ကမ္မဋ္ဌာန မနသိကာရောပိ ပဌမဇ္ဈာနာဒိနိပိ အရိယော တုဏှီဘာဝေါတွေဝ သင်္ခံ ဂတာနိ။
နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ၂၀၉-နံ၊ ၂၃-ငံ၊ သား-မူ။

အရိယော၊ အရိယာသည်။ ဓမ္မိကထာဝါ၊ တရားစကားဖြင့်သာ နေလေ့ရှိ၏။ တုဏှီဘာဝေါဝါ၊ဖြစ်ပျက်ကို အာရုံပြုနေသဖြင့် ဆိတ်ဆိတ်သာ ဖြစ်ခြင်း သဘောရှိ၏။ ဧတ္ထပန၊ ဤပါဠိတော် စကားရပ်၌ကား။ ကမ္မဋ္ဌာန မနသိ ကာရောပိ၊ ကမ္မဋ္ဌာန်း၌ နှလုံးသွင်းခြင်းသည်ရင်း။ ပဌမ ဇ္ဈာနာဒိနိပိ၊ပဌမဈာန်စသော ဈာန်တရားဖြင့် ရှု၍ နေခြင်း သည်ရင်း။အရိယော တုဏှီဘာဝေါတွေဝ၊ အရိယာတို့ ဆိတ်ဆိတ်နေခြင်းဟူ၍သာလျှင်။ သင်္ခံ၊ရေတွက်ခြင်းသို့။ ဂတာနိ၊ရောက်ကုန်၏။

### ၁၄၃။ တရားမြင်လို့ ဘုရားမြင် ဗျာဒိတ်တော်ကြီး

ယောခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊သော မံ ပဿတိ၊ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတီတိ တသ္မာ စက္ခုနာ ပဿန္တော ဉာဏေန အရိယေဟိ ဒိဋ္ဌံ အနိစ္စာဒိလက္ခဏံ အပဿန္တော အရိယာဓိဂတဥ္စ

ဓမ္မံ အနဓိဂန္တွာန အရိယကရဓမ္မာနံ အရိယ
ဘာဝဿစ အဒိဋ္ဌတ္တာ အရိယာနံ အဒဿာဝီတိ
ဝေဒိတဗ္ဗာ။

ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ ၂၂၆-နံ၊ ၁၆-ဝင်း၊သာဥ်း-မူ။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယော၊ အကြင် သူသည်။ ခေါ၊ စင်စစ်။ ဓမ္မံ၊ အနိစ္စစသော တရားကို။ ပဿတိ၊ မြင်ရ၏။ သော ထိုအနိစ္စစသော တရားကို မြင်ရသော သူသည်။ မံ၊ငါးဘုရားအစစ်ကို။ ပဿတိ၊ မြင်ရသည် မည်တော့၏။ ယော၊ အကြင် သူသည်။ မံ၊ ငါဘုရား အစစ်ကို။ ပဿတိ၊မြင်ရ၏။ သော၊ထိုသူသည်။ ဓမ္မံ၊အနိစ္စ စသော တရားကို။ ပဿတိ၊ မြင်ရတော့၏။ ဣတိတည္ဗာ၊ ဤပုံစံ အတိုင်း ဟောမိန့် ထားသောကြောင့်။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿန္တော၊ မြင်သည် ရှိသော်။ ဉာဏေန၊ ဉာဏ်ဖြင့်။ အရိယေဟိ၊ အရိယာတို့သည်။ ဒိဋ္ဌံ၊ မြင် အပ်သော။အနိစ္စာဒိလက္ခဏံ၊ အနိစ္စစသော လက္ခဏာကို။ အပဿန္တော၊ မမြင်သောသူသည်ငင်း။ အရိယာဓိဂတဥ္စ၊ အရိယာတို့သာ ရအပ်သည်လည်း ဖြစ်သော။ဓမ္မံ၊ပရိညာ၊ ဝိသုဒ္ဓိ- ဗောဓိပက္ခိယ၊ ဉာဏ်စဉ် ၁၆-ပါး မဂ်ဖိုလ် နိဗ္ဗာန် တရားကို။ အပဿန္တော၊ မမြင်သောသူသည်ငင်း။ အနဓိ ဂန္တွာနစ၊ မရသေးသော သူသည်ငင်း၊ အရိယကရ ဓမ္မာနံ၊ အရိယာအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို။ အဒိဋ္ဌတ္တာစ၊ မမြင်အပ်သည်၏ အဖြစ်ကြောင့်ငင်း။ အရိ ယ ဘာဝဿစ၊ အရိယာဖြစ်၍ နေသည်ကိုလည်း။ အဒိ-

ဋ္ဌတ္တာ စ၊ မမြင်အပ်သည့် အဖြစ်ကြောင့်ရင်း။ အရိယာနံ့ အဒဿာဝီတိ၊ အရိယာတို့ကို မမြင်သေးသောသူ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤပါဠိဖြင့် ပဥ္စဝဂ္ဂီတို့ ပုဏ္ဏ သာတိတို့ ဥပကာတို့ ဘုရားကို မျက်စိဖြင့် မြင်သော်လည်း ဉာဏေန အရိယေ ဟိ ဒိဋ္ဌံ အနိစ္စာ ဒိလက္ခဏံ အပဿန္တော စသော လေး ချက်မှ ကင်းမဲ့နေရကား ဘုရားကိုမမြင်ရသေးပါ။ ပုထု ဇဉ်တို့အမြင်သာ ဝိညာဉ်အမြင်သာ ရှိသေးသည်။ ဉာဏ် အမြင် အရိယာတို့၏ အမြင်ကား-

(၁) ပညာဉာဏ် ဝိဇ္ဇာဖြင့် အရိယာတို့သည်မြင်အပ် သော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကို ကိုယ်တွေ့ မြင်ရခြင်း၊ (၂) အရိယာတို့သည် ရအပ်သော ပရိညာ ဝိသုဒ္ဓိ ဗောဓိပက္ခိယ ဉာဏ်စဉ် ၁၆-ပါး မဂ်ဖိုလ်နိဗ္ဗာန် တရားကို မိမိကိုယ်တိုင်ပင် ရရှိနေခြင်း၊ (၃) အရိယာ အဖြစ်ကို ပြုတတ်သော တရားတို့ကို မြင်တွေ့၍ နေခြင်း၊ (၄) အရိယာဖြစ်၍ နေသည်ကို မြင်သိ၍ နေခြင်း။ ဤ လေးပါးကား ဉာဏ်အမြင် အရိယာတို့အမြင်တည်း။ ပါဠိ အတိုင်းပင်။

### ၁၄၄။ ဒုက္ခဂါမိနီ ပဋိပဒါ မဂ္ဂင် ၈-ပါး၌ ဝိပဿနာမဂ် တူနေပုံ

ဒုက္ခနိရောဓ ဂါမိနိပဋိပဒါတိ ဧတ္ထ သဟဝိပဿ
နာယ စတုမဂ္ဂဉာဏံ အနုပဿနာတိ ဝုတ္တံ။
ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ၂၄၁-နံ။ ၁၀-င်း၊ သား-မူ။

ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ဧတ္ထ၊ဟူသောဤပါဌ်၌။ ဝိပဿနာယ၊ ဝိပဿနာနှင့်။ သဟ၊ တကွ။ စတုမဂ္ဂဉာဏံ၊ လေးပါးသော မဂ်ဉာဏ်ကို။ အနုပဿနာတိ၊ အမြဲရှုပွါးခြင်းဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

### ၁၄၅။ သမ္မပညာယဆိုတာ ဝိပဿနာနှင့် မဂ်တရားတည်း

သမ္မ ပညာယ ဒဋ္ဌဗ္ဗန္တိ သဟ ဝိပဿနာယ မဂ္ဂ ပညာယ ဒဋ္ဌဗ္ဗံ။

ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ ၂၄၁-နံ၊ ၁၂-ငိ၊ သား-မူ။

သမ္မပညာယ ဒဋ္ဌဗ္ဗန္တိ၊ ဟူသည်ကား။ ဝိပဿနာယ၊ ဝိပဿနာနှင့်။ သဟ၊ တကွ။ မဂ္ဂပညာယ၊ မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်ခြင်းတည်း။

### ၁၄၆။ သမာဓိသာရ သာမညဆိုတာ ဝိပဿနာနှင့် မဂ်ပင်

သမာဓိသာရကာ သမာဓိသာမညာတိ သမာဓိ ယေဝ သာရဉ္စ သာမညဉ္စ မညန္တိ၊ မယှံပန သာသနေနေတံ သာရံ၊ ဝိပဿနာမဂ္ဂဖလာနိ သာရံ။ သောတွံ သမာဓိတော ပရိဟာယန္တော ကသ္မာ ဝိနဿသိ၊ သာသနတော နပရိ ဟာယာ မီတိ ဧဝံ ထေရံ အဿာသေတွာ။

ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ ၂၇၃-နံ၊ ၁၉-ငိ၊ သား-မူ။

သမာဓိသာရကာ သမာဓိသာမညာတိ၊ဟူသည်ကား။ သမာဓိယေဝ၊ ဈာန်စသော သမာဓိသည်သာလျှင်။ သာ

ရဥ္စ၊ အနှစ်လည်း မည်၏။ သာရဉ္စ၊ အရိယာတို့၏ ဥစ္စာလည်းဟုတ်၏။ ဣတိ၊ ဤသို့။မညန္တိ၊ မှတ်ထင်ကြကုန်၏။ မယှံပန၊ ငါ့၏ကား။ သာသနေ၊ သာသနာ တော်၌။ဝေတံ သာရံ၊ ဤဈာန်စသော သမာဓိအနှစ်တရားသည်။ နှ၊ မရှိ။ (ဈာန် စသည်ကို သမာဓိသာရဟု ဘုရားမဆို ဟူ၏)။ ဝိပဿနာ မဂ္ဂဖလာနိ၊ ဝိပဿနာမဂ်ဖိုလ်တို့သည်။ သာရံ၊ အနှစ်သက်သက်ပင်တည်း။သောတွံ၊ထိုသင်သည်။ သမာဓိတော၊ဈာန်သမာဓိမှ။ပရိဟာယန္တော၊ဆုတ်ယုတ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ စိန္တေသိ၊ ကြံဘိသနည်း။ သာသနတော၊ ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန် သာသနာမှ။ နပရိဟာယာမိ၊ ငါမယုတ် လျော့ပေ။ ဣတိဇေဝံ၊ ဤသို့။ ထေရံ၊ မထေရ်ကို။ အဿာသေတွာ၊ သက်သာစေ၍။

### ၁၄၇။ အရိယာ သာဝကဆိုတာ ဝိပဿနာနှင့် မဂ် ရှိသူတည်း

အရိယသာဝကောတိ သောတာပန္နော၊ သောတာ
ပန္နော ဟိ ဧဿ ရရံ၊ ဗလဝ ဝိပဿ ကော ပန
တိက္ခဗုဒ္ဓိ ဥပ္ပန္နံ ဝေဒနာနံ အန နုဝတ္တိတွာ ပတိ
ဋ္ဌာတုံ သမတ္ထော ယောဂါဝစရောပိ ဝတ္တတိ။

သဠာယတနဝဂ္ဂ သံယုတ် အဋ္ဌကထာ၊၁၁၈-နံ၊ ၄-ငံး၊ သား-မူ။

အရိယသာဝကောတိ၊ဟူသည်ကား။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်ပင်တည်း။ဟိသစ္စံ၊ မှန်၏။ ဧဿ၊ ဤအရာ၌၊ သောတာပန္နော၊ သောတာပန်သည်။ ရရံ၊ အကြီး

အမှူးပင်တည်း။ ပန၊ ဝိပဿနာ ပွါးသူလဲ အရိယာ သာ ဝက ဖြစ်ပုံကို ဆိုပါဦးအံ့။ ဗလဝ ဝိပဿကော၊ အား ကြီးစွာ ဝိပဿနာ ရှုသောသူသည်။ တိက္ခ ဗုဒ္ဓိ ဥပ္ပန္နံ၊ ထက်မြက်သော အသိဉာဏ် ဖြစ်ပေါ် သည်ရှိသော်။ ဝေဒ နာနံ၊ ဝေဒနာ တို့သို့။ အနုပ္ပဝတ္တိတွာ၊ အစဉ် မလိုက်မူ၍။ ပတိဋ္ဌာတုံ၊ တည်နေခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သော။ ယောဂါ ဝစရောပိ၊ ကမ္မဋ္ဌာန်း အား ထုတ် သော သူ သည်လည်း။ ဝတ္တတိ၊ အရိယာ သာဝက ဖြစ်သင့်၏။

## ၁၄၇။ မနောယောတ္တဆိုတာ ဝိပဿနာနှင့် မဂ်တည်း

မနော ယောတ္တန္တိ ဝိပဿနာ စိတ္တဉ္စ မဂ္ဂ စိတ္တဉ္စ ယောတ္တံ။

မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ ၁၅၆-နံ၊ ၁၃-ငံ၊သား-မူ။

မနောယောတ္တန္တိ၊ စိတ်ဆိုတဲ့ ကြိုး ဟူသည်ကား။ ဝိပဿနာစိတ္တဉ္စ၊ ဝိပဿနာ စိတ်သည်၎င်း။ မဂ္ဂစိတ္တဉ္စ၊ မဂ်စိတ်သည်၎င်း။ ယောတ္တံ၊ ကြိုးပင်တည်း။

## ၁၄၉။ မဂ္ဂင်ရှစ်ပါးဆိုတာ ဝိပဿနာနှင့်မဂ်ပညာတည်း

အဋ္ဌင်္ဂိကမဂ္ဂန္တိ သဟဝိပဿနံ အရိယမဂ္ဂံ။

မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၁၆၉-နံ၊ ၁၀-ငံ၊ သား-မူ။

အဋ္ဌင်္ဂိကမဂ္ဂန္တိ၊ အင်္ဂါ ရှစ်ပါးရှိသော မဂ်တရားဆို သည်ကား။ သဟဝိပဿနံ၊ ဝိပဿနာနှင့် တကွသော။ အရိယမဂ္ဂံ၊ အရိယာတို့ရသော မဂ်တရားတည်း။

### ၁၅၀။ ဥဒ္ဒါရိပဝိသေသဆိုတာ ဝိပဿနာနှင့် မဂ်တရားတည်း

သကလရူပ ပရိဂ္ဂဟော ပုဗ္ဗဝိသေသော၊ အရူပ ပရိဂ္ဂဟော အပရဝိသေသောနာမ၊ ရူပါရူပ ပရိဂ္ဂဟော ပုဗ္ဗဝိသေသော၊ ပစ္စယပရိဂ္ဂဟော အပရဝိသေသော။ သပစ္စယနာမရူပ ဒဿနံ ပုဗ္ဗဝိသေသော၊တိလက္ခဏာရောပနံအပရဝိသေသောနာမ။ ဧဝံ ပုဗ္ဗေန ပရံ ဥဒ္ဒါရံ ဝိသေသံ သန္တာနာတိတိ အတ္ထော။

မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ ၂၃၄-နံ၊ ၁၆-ငံ၊ သား-မူ။

သကလရူပ ပရိဂ္ဂဟော၊ အလုံးစုံသောရုပ်ကို သိမ်းဆည်းခြင်းသည်။ ပုဗ္ဗဝိသေသော၊ ရှေးဦးစွာ ထူးခြင်းတည်း။ အရူပ ပရိဂ္ဂဟော၊ နာမ်တရားကို သိမ်းဆည်းခြင်းသည်။ အပရဝိသေသောနာမ၊ နောက်၏ ထူးခြင်းမည်၏။ ရူပါရူပ ပရိဂ္ဂဟော၊ ရုပ်နာမ်ကို သိမ်းဆည်းခြင်းသည်။ ပုဗ္ဗဝိသေသော၊ ရှေးဦးစွာ ထူးခြင်းတည်း။ ပစ္စယပရိဂ္ဂဟော၊ အကြောင်းကို သိမ်းဆည်းခြင်းသည်။ အပရဝိသေသော၊ နောက်၏ ထူးခြင်းတည်း။ သပစ္စယ နာမရူပဒဿနံ၊ အကြောင်းနှင့်တကွ နာမ်ရုပ်ကို မြင်ခြင်းသည်။ ပုဗ္ဗဝိသေသော၊ ရှေးဦးစွာ ထူးခြင်းတည်း။ တိလက္ခဏာရောပနံ၊ လက္ခဏာရေး၃-ပါးသို့ တင်ခြင်းသည်။ အပရဝိသေသောနာမ၊နောက်အဘို့၌ ထူးခြားခြင်းမည်၏။ ဧဝံ၊ ဤသို့။ ပုဗ္ဗေန၊ရှေးနှင့်။ ပရံ၊နောက်၌။ဥဒ္ဒါရံ၊

မြင့်မြတ်သော။ ဝိသေသံ၊ ထူးခြားခြင်းကို။ သမ္ပဇာနာတိ၊ ကောင်းစွာအပြားအားဖြင့် သိ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ လိုရင်းအနက်ပင်တည်း။

### ၁၅၁။ အရိယာတို့၏ ပညာစက္ခုဆိုတာ ဝိပဿနာ မဂ်ပညာတည်း

အရိယေန ပညာစက္ခုနာတိ ဝိပဿနံ အာဒိံ ကတွာ လောကိယ လောကုတ္တရေန ဉာဏ စက္ခုနာ။

မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ၃၂၁-နံ၊ ၁၂-ငါး၊ သား-မူ။

အရိယေန ပညာစက္ခုနာတိ၊ အရိယာတို့ မြင်သော ပညာစက္ခုဆိုသည်ကား။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ အာဒိံ ကတွာ၊ အစပြု၍။ လောကိယ လောကုတ္တရေန၊ လောကီ လောကုတ္တရာ ဖြစ်သော။ ဉာဏစက္ခုနာ၊ ဉာဏ် စက္ခုဖြင့်။ ပဿတိ၊ မြင်၏။

### ၁၅၂။ ရုပ်နာမ်ကို ပုထုဇဉ်မြင်ပုံနှင့် အရိယာတို့ မြင်ပုံ ခြားနားချက်

ယံယံ ဟိ ပုထုဇ္ဇနော ဂဏှာတိ၊ တတောတတော အရိယ သာဝကော ဂါဟံ ဝိနိဝေဌေတိ။ ပုထုဇ္ဇနော ဟိ ယံ ယံ နိစ္စံ သုခံ အတ္တာတိ ဂဏှာတိ၊ တံတံ အရိယသာဝကော အနိစ္စံ ဒုက္ခံ အနတ္တာတိ ဂဏှန္တော တံဂါဟံ ဝိနိဝေဌေတိ။ ဣတိ ဣမသ္မိံ သုတ္တန္တေ နယေ ပုထုဇ္ဇန ဂါဟာ ဝိနိဝေဌနံနာမ ကထိတံ။

ဧကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ၃၆၂-နံ၊ ၂၉-ငါး၊ ကဝိ-မူ။

ပါဠိအနက်ကို အောက်နံပါတ် (၇၉)၌ အနက်ပြန်၍ ပြီးခဲ့၏။ဝိဘင်းအဋ္ဌကထာ ၃၇၃-နံ၊ဂ-င ်း၊ဟံ-မူ။ပါဠိတူ၏။

**၁၅၃။ ပညာစက္ခုဆိုတာ ဝိပဿနာနှင့် မဂ်ပညာတည်း။**

အရိယေနပညာစက္ခုနာတိ သဟ ဝိပဿနာမဂ္ဂေန။
ကေအဂ်ုတ္တိုရ်အဋ္ဌကထာ ၃၇၇-နံ၊ ၂၆-င်း၊ကဝိ-မူ။

အရိယေန ပညာစက္ခုနာတိ၊ အရိယာတို့ မြင်သော ပညာစက္ခု ဆိုသည်ကား။ သဟ ဝိပဿနာ မဂ္ဂေန၊ ဝိပဿနာနှင့်တကွသော မဂ်ပညာဖြင့်။ ပဿတိ၊ မြင်၏။ ဝိပဿနာဉာဏ် ၁၀-ပါး အမြင်၊ ဉာဏ် ၁၆-ပါး အမြင်၊ မဂ် ၄-ပါး အမြင်တို့ကား အရိယာပညာစက္ခုအမြင် တို့တည်း။

**၁၅၄။ ပညာဝုဍ္ဍိဆိုတာ ဝိပဿနာနှင့် မဂ် ပညာတည်း**

ပညာဝုဍ္ဍိယာ သံဝတ္တန္တီတိ ကတမာ ပညာဝုဍ္ဍိ၊ သတ္တန္နံ ဥ္စ သေခါနံ ပုထုဇ္ဇနံ ကလျာဏကဿစ ပညာ ဝဍ္ဎတိ။
ကေအဂ်ုတ္တိုရ်အဋ္ဌကထာ၊ ၄၂၀-နံ၊၂၅-ငံ၊ ကဝိ-မူ။

ပညာဝုဍ္ဍိယာ သံဝတ္တန္တီတိ၊ ပညာဖြင့် တိုးပွားခြင်း ဖြစ်ကြောင်းကုန်၏ဆိုသည်ကား။ ပညာဝုဍ္ဍိ၊ ပညာဖြင့်တိုးပွား ခြင်းသည်။ ကတမာ၊ အဘယ်နည်း။ သတ္တန္နံ၊ ခုနစ်ဦးကုန် သော။ သေခါနဥ္စ၊ သေက္ခပုဂ္ဂိုလ်တို့အားငှင်း။ ပုထုဇ္ဇန ကလျာဏကဿစ၊ ကလျာဏပုထုဇဉ်အားငှင်း။ ပညာ၊ ပရမတ္ထပညာသည်။ ဝဍ္ဎတိ၊တိုးပွား၍နေတော့၏။

### ၁၅၅။ ပညာဝေပုလ္လဆိုတာ ဝိပဿနာနှင့် မဂ်ပညာတည်း

ပညာဝေပုလ္လာယ သံဝတ္တတီတိ ကတမံ ပညာဝေပုလ္လံ၊ သတ္တန္နဉ္စ သေခါနံ ပုထုဇ္ဇနကလျာဏကဿစ ပညာဝေပုလ္လံ ဂစ္ဆတိ။

ကေ အင်္ဂုတ္တိုရ်ရ အဋ္ဌကထာ၊ ၄၂၁-နံ၊ ၂၅-ငါး၊ ကဝိ-မူ။

ပညာဝေပုလ္လာယ သံဝတ္တတီတိ၊ ပညာဖြင့် ပြန့်ပြောခြင်း ဖြစ်သည် ဟူသည်ကား။ ပညာဝေပုလ္လံ၊ ပညာဖြင့် ပြန့်ပြောခြင်းသည်။ကတမံ၊အဘယ်နည်း။ သတ္တန္နံ၊ခုနစ်ဦး ကုန်သော။ သေခါနဉ္စ၊ သေက္ခတို့အားငှင်း။ ပုထုဇ္ဇန ကလျာဏကဿစ၊ ကလျာဏပုထုဇဉ်အားငှင်း။ ပညာ၊ ပရမတ္ထပညာသည်။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

### ၁၅၆။ အရိယာချင်း အတန်းစားအလိုက် သိကြပုံ

အညတရဒေဝတာတိ အဘိဂတမဂ္ဂါ ဧကာ ဗြဟ္မဒေဝတာ၊ သာ ဟိ သယံ အသေက္ခတ္တာ အသေက္ခဝိသယံ အဇ္ဈညာသိ။ သေက္ခာ ဟိ တံတံ သေက္ခဝိသယံ ပုထုဇ္ဇနာစ အတ္တနော ပုထုဇ္ဇန ဝိသယမေဝ ဇာနန္တိ။

ဥဒါန်းအဋ္ဌကထာ၊ ၁၆၆-နံ၊၁-ငါး၊သု-မူ။

အညတရဒေဝတာတိ၊ ဟူသည်ကား။ အဘိဂတမဂ္ဂါ၊ ရအပ်ပြီးသော မဂ်တရားရှိသော။ ဧကာ၊ တဦးသော။ ဗြဟ္မဒေဝတာ၊ ဗြဟ္မာကြီးပင်တည်း။ ဟိ သစ္စံ၊ မှန်၏။

သာ၊ ထိုအရိယာ ဗြဟ္မာကြီးသည်။ သယံ၊ မိမိသည်။ အသေက္ခတ္တာ၊ ရဟန္တာ ဖြစ်သောကြောင့်။ အသေက္ခဝိသယံ၊ ရဟန္တာတို့၏ အရာဌာနကို။ ဇာနာတိ၊ သိရှိ၏။ အဘိညာသိ၊ အထူးလည်းသိ၏။ဟိ၊ ကွဲလွဲထူးခြားပုံကား။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ် ၇-ဦးတို့သည်။ တံတံသေက္ခဝိသယံ၊ ထိုထိုသေက္ခတို့၏ အရာအာရုံကို။ ဇာနန္တိ၊ သိကြကုန်၏။ ပုထုဇ္ဇနာစ၊ ပုထုဇဉ်တို့သည်ကား။ အတ္တနော ပုထုဇ္ဇနဝိသယမေဝ၊ မိမိတို့ ပုထုဇဉ် အရာ အာရုံကို သာလျှင်။ဇာနန္တိ၊ သိကြကုန်၏။

### ၁၅၇။ ဝိပဿနာ မဂ်ပညာဖြင့်အရိယာတို့ ရုပ်တရားတွေ့ပုံ

ဣတိ တတ္ထတတ္ထ ဥပ္ပန္နာ ဣတရိတရံ ကောဋ္ဌာသံ
အပတွာ တတ္ထတတ္ထေဝ ပဗ္ဗံပဗ္ဗံ သန္ဓိသန္ဓိ ဩဓိ
ဩဓိ ဟုတွာ တတ္ထကပါလေ ပက္ခိတ္တတိလာဝိယ
တမှ တဒ္ဒါယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊တသ္မာ အနိစ္စာ
ဒုက္ခာ အနတ္တာ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)။

ဣတိ၊ ဤသို့။ တတ္ထတတ္ထ၊ ထိုထိုသော အရပ်ဌာန၌။ ဥပ္ပန္နာ၊ဖြစ်ကုန်သော ပရမတ္ထတရားတို့သည်။ ဣတရိတရံ ကောဋ္ဌာသံ၊ တပါးပါးသော နေရာ ကောဋ္ဌာသသို့။ အပတွာ၊ မရောက်မူ၍။ ဝါ၊ရွှေ့လဲမရပြောင်းလဲမရယူမရ ကိုင်မရမူ၍။ တတ္ထတတ္ထေဝ၊ ထိုထိုဖြစ်ရာဌာန၌သာလျှင်။ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်။ သန္ဓိသန္ဓိ၊အစပ်အစပ်။ဩဓိဩဓိ၊ အပိုင်းအပိုင်း။ ဟုတွာ၊ ဖြစ်ကုန်၍။ တတ္ထကပါလေ၊ ရဲရဲ

တောက်သော အိုးကင်း၌။ ပက္ခိတ္တတိလာဝိယ၊ ထည့်အပ်သောနှမ်းတို့ကဲ့သို့။တဋတဋာယန္တာ၊ဖျစ်ဖျစ်ဖျစ်ဖျစ် မြည်ကုန်လျက်။ သင်္ခါရာ၊သင်္ခါရ တို့သည်။ဘိဇ္ဇန္တိ၊ပျက်ရကုန်၏။ တသ္မာ၊ထိုကြောင့်။အနိစ္စာ၊အမြဲမရှိကြကုန်။ဒုက္ခာ၊ဆင်းရဲ လှကုန်၏။ အနတ္တာ၊အစိုးမရကုန်။

ဤ ပါဠိနှင့် ထရုပ်, ထိုင်ရုပ်, သွားရုပ်, အိပ်ရုပ် တို့ကား အစိစ်နှင့် ဘဝင်မက ဝေးကွာလှပေ၏။ အသံရုပ် ညှော်ရုပ် အနံ့ရုပ် လေရုပ် များနှင့် ညီညွတ် လှပေ၏။ ပရမတ္ထ ရုပ်နာမ်ဆိုတာ ထလဲမရ, ထိုင်လဲမရ,ရပ်လဲမရ, သွားလဲမရ, အိပ်လဲမရ, ခွေလဲမရ, ပြောင်းလဲမရ,ယူလဲမရ, ကိုင်လဲမရ, စမ်းသပ်လဲမရ, ထိလဲမရပါ။ ဥပမာ အိုးကင်းထဲသို့ နှမ်းများထည့်၍ ကြည့်တော့ဖျစ်ဖျစ်မြည်၍ ဖြောက်ဖြောက်မြည်၍ ပျက်သကဲ့သို့ ဤဥပမာလို ခန္ဓာမှာ တွေ့ပါမှ ပရမတ္ထရုပ် အစစ်ဖြစ်မည်။ ပါဠိအတိုင်း အနက် အတိုင်း သေချာစွာကြည့်၍ စဉ်းစားကြပါလေ။

### ၁၅၈။ ဝိပဿနာ မဂ်ပညာဖြင့် အရိယာတို့ ရုပ်တရား တွေ့ကြပုံ

နဟိ ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသော အနိရုဒ္ဓါတ္တွာ ကောသဂ္ဂမတ္တာမ္ပိ ဒေသန္တရသင်္ကမနံနာမ အတ္ထိ။

(ဝိဘင်းအဋ္ဌကထာ)။

ဟိ၊ပရမတ္ထ ရုပ်အစစ် အမှန်ကို ထုတ်၍ ပြဦးအံ့။ ရူပါရူပဓမ္မာနံ၊ ရုပ်တရား နာမ်တရားတို့အား။ ဥပ္ပါဒဒေသော၊ ဖြစ်ရာအရပ်၌။အနိရုဒ္ဓါတ္တွာ၊မချုပ်ပါဘဲ။ ကောသဂ္ဂမတ္တမ္ပိ၊

တခဲမျှားမျှလည်း။ ဒေသန္တရ သက်မနံနာမ၊ အချပ်တပါးသို့ ရွှေ့ပြောင်းခြင်းမည်သည်။ နအတ္ထိ၊မရှိပါ။

ဤပါဠိနှင့် ထရုပ်, ထိုင်ရုပ်,သွားရုပ်, ရပ်ရုပ်များကား သံသရာ အစနှင့် သံသရာ အဆုံးလောက် ဝေးကွာ၍ နေပေ၏။ ထမရ, ရွှေ့မရ,ပြောင်းမရ, ထိမရ, ကိုင်မရ, သူ့သဘာဝအတိုင်းသာ ကာယဒွါရ၌ ဖြစ်ကြပါသည်။

## ၁၅၉။ ဝိပဿနာ မဂ်ပညာဖြင့် အရိယာတို့၏ ရုပ်တရား တွေ့ကြပုံ

သဗ္ဗေပိ ပရမတ္ထဓမ္မာနာမ သဗ္ဗသော သဏ္ဌာန ရဟိတာ ဟောန္တိ၊ အာကာရ ဝိကာရ ကိရိယာ မတ္တာဝေ၊ အနုမတ္တေပိ သဏ္ဌာနေ ဒိဿမာနေ တသ္မိံ ဝတ္ထုသ္မိံ အနေကာ ပရမတ္ထဓမ္မာ ပဝတ္တန္တိ။

[သုတ္တနိပါတ် အဋ္ဌကထာ]။

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပရမတ္ထဓမ္မာနာမ၊ ပရမတ္ထတရားတို့မည်သည်ကား။သဗ္ဗသော၊အချင်းခပ်သိမ်း။ သဏ္ဌာနရဟိတာ၊ သဏ္ဌာန်မှ ကင်းကုန်သည်။ ဟောန္တိ၊ဖြစ်ကြကုန်၏။ အာကာရ ဝိကာရ ကိရိယာမတ္တာဝေ၊အခြင်းအရာမျှ အမူအရာမျှ ကြိယာမျှ တို့သာလျှင်တည်း၊အနုမတ္တေပိ၊ပရမာနုမြူမျှလည်း။သဏ္ဌာနေ၊သဏ္ဌာန်သည်။ ဒိဿမာနေ၊ ထင်သည် ရှိသော်။ တသ္မိံ ဝတ္ထုသ္မိံ၊ ထိုသဏ္ဌာန် ထင်သော ဝတ္ထု၌။ အနေကာ၊ များစွာကုန်သော။ ပရမတ္ထဓမ္မာ၊ ပရမတ္ထ တရား တို့သည်။ ပဝတ္တန္တိ၊ စု၍ဖြစ်ကြကုန်၏။

ဤပါဠိနှင့် ထရုပ်,ထိုင်ရုပ်, ရပ်ရုပ်, သွားရုပ်တို့ကား နေထွက်ရာနှင့် နေဝင်ရာ အရပ်မျှမကဘဲ အဝေးကြီး ဝေးကွာ၍ နေတော့သည်။

### ၁၆၀။ ဝိပဿနာမဂ်ပညာဖြင့် အရိယာတို့ ရုပ်တရား တွေ့ကြပုံ

(က) ခွတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏာ ဂန္ဓ၊ ရသ ဩဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်း။

(ခ) ထိုခွတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ်၊ အဋ္ဌကလာပ်၊ ခွတ်ခဲတစု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်း။

(ဂ) အဋ္ဌကလာပ်၊ခွတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တမျှားစွာ၊ ပေါင်းစုလာသော်၊ အမာ အပြော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည် အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာ ပြန်သည်၊ မှားရန်အကြောင်း နိမိတ်တည်း။

အဲဒီ လယ်တီ ဆရာတော်ကြီး၏ တတိယလက်ာနှင့် ချိန်ထိုးကြည့်ပါလေ။

### ၁၆၁။ ဝိပဿနာ မဂ်ပညာဖြင့် အရိယာတို့ ရုပ်ကို တွေ့ကြပုံ

ယထာရူပေဟိ ကာယသင်္ခါရေဟိ ယာ ကာယဿ
[၁]အာနမနာ[၂] ဝိနမနာ[၃]သန္နမနာ[၄] ပဏာမနာ[၅]ဣဉ္ဇနာ
[၆]ဖန္ဒနာ[၇] စလနာ[၈] ကမ္ပနာ[၉] လဃ်နာ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၊ဟံ-မူ၊၁၀၇-နံ၊၂၄-ငါး။

ယထာရူပေဟိ၊အကြြင်သို့သဘောရှိကုန်သော။ကာယသင်္ခါရေဟိ၊ ကံ စိတ် ဥတု အာဟာရတည်းဟူကုန်သော အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်ကုန်သော။ ဝါ၊ ပြုပြင်ခြင်းတို့ကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ယာအာနမနာ၊ အကြြင်ရှေ့သို့ ညွတ်၍လှုပ်ခြင်း၊ ဝိနမနာ၊ လက်ဝဲသို့ အထူးညွတ်၍လှုပ်ခြင်း၊ သန္နမနာ၊ ထက်ဝန်းကျင် ညွတ်၍ လှုပ်ခြင်း၊ ပဏာမနာ၊ နောက်သို့ညွတ်၍ လှုပ်ခြင်း ဝါ၊တွန်းသကဲ့သို့လှုပ်ခြင်း၊ ဣဉ္ဇနာ၊ ရိုးရိုးလှုပ်ခြင်း။ဖန္ဒနာ၊ကြောက်သွေးတုန်သကဲ့သို့လှုပ်ခြင်း။ စလနာ၊ ယိမ်းယိုင်၍ လှုပ်ခြင်း။ကမ္ပနာ၊မြေငလျင်ကဲ့သို့လှုပ်ခြင်း။ လယ်နာ၊ ခုန်သကဲ့သို့လှုပ်ခြင်း။ ။ငင်းကိုးချက်နှင့် ယှဉ်၍ ကြည့်ကြပါ။

**၁၆၂။ ဝိပဿနာမဂ်ပညာဖြင့် အရိယာတို့ ရုပ်ကိုတွေ့ပုံ**

ကာယ ဒရထေ ရူပသန္တေ့ ကာယောပိ စိတ္တမ္ပိ
လဟုကံ ဟောတိ၊ သရိရံ အာကာသေ လယ်နာ
ကာရပတ္တံ့ဝိယ ဟောတိ။

တတိယပါရာဇိကကဏ် အဋ္ဌကထာ၊ ဟံ-မူ၊ ၃၆၀-နံ၊ ၁-ငင်း။

ကာယ ဒရထေ၊ ကိုယ်၏ ပူပန်ခြင်းသည်။ ရူပသန္တေ့၊ ငြိမ်းသည်ရှိသော်။ကာယောပိ၊ကိုယ်သည်၎င်း။ စိတ္တမ္ပိ၊ စိတ်သည်၎င်း။ လဟုကံ၊ ပေါ့ပါးသည်။ ဟောတိ၊ဖြစ်၏။ သရိရံ၊ကိုယ်သည်။ အာကာသေ၊ကောင်းကင်၌။ လယ်နာကာရပတ္တံ့ဝိယ၊ခုန်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ။ဤပါဠိနှင့် ညှိ၍ကြည့်ပါ။ညှိမှ ယူကြပါကုန်။

ဝိပဿနာ မဂ်ပညာဖြင့် အရိယာတို့ တွေ့ပုံ မြင်ပုံကို [နိဗ္ဗာန်ဝင်တရားတော် ၂၇–ခဏ်းနှင့်] ဖြည့်၍ ရှုလျှင် သာ၍ ပေါ်လွင်မည်၊ ထည့်၍ ကြည့်ကြပါလေ။

## ၁၆၃။ ဝိပဿနာသည် ဝိဇ္ဇာ ၈–ပါး၌ ပါဝင်နေပုံ

> တတြပတိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာစ သဟ ဆ အဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌဝိဇ္ဇာ ဝုတ္တာ။ (ပါရာဇိကကဏ်အဋ္ဌကထာ)

တတြ၊ ထိုဝိဇ္ဇာစရဏသမ္ပန္နောအရ၌။ ပတိ၊ အထူးကား။ ဝိပဿနာဉာဏေန၊ ဝိပဿနာဉာဏ်နှင့်ငင်း။ မနောမယိဒ္ဓိယာစ၊ မနောမယိဒ္ဓိ ဉာဏ်နှင့် ငင်း။ သဟ၊ တကွ။ ဆ အဘိညာ၊ အဘိညာဉ်ခြောက်ပါးတို့ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ အဋ္ဌဝိဇ္ဇာ၊ ဝိဇ္ဇာရှစ်ပါးတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

> ဝိပဿနာဉာဏတော ပန ပဉ္စာယ အဋ္ဌ ဝိဇ္ဇာပိ ပညာဝိဇ္ဇာတိ နိယျာတိတာ။
>
> သီလက္ခန်အဋ္ဌကထာ၊ ၂၂၁–နံ၊ ၆–ငံး၊ ဟံ–မူ။

ဝိပဿနာဉာဏတော၊ ဝိပဿနာဉာဏ်မှ။ ပဉ္စာယပန၊ အစပြု၍ကား။ အဋ္ဌဝိဇ္ဇာပိ၊ ရှစ်ပါးသော ဝိဇ္ဇာတို့ကိုလည်း။ ပညာဝိဇ္ဇာတိ၊ ပညာဝိဇ္ဇာတို့ဟူ၍။ နိယျာတိတာ၊ ဆောင်နှင်း အပ်ကုန်၏။

## ၁၆၄။ ယခုယောဂီများ ဝိဋ္ဋာလဲရ စရဏလဲ ရရှိကြပုံ

ဒါန, သီလ, သမထကစ၍ ၁၅-အထိ ကုသိုလ်များကား • စရဏတည်း။ ဝိပဿနာ ဉာဏ်စဉ်များကား ဝိဇ္ဇာတည်း။သို့အတွက် ယခုယောဂီများဟာ ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုတဲ့ ဘုရား၏ အမွေတော်ကြီးကို တစိတ် တဒေသမျှ ရရှိနေကြပါပြီ။

> ပဌမဈ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဣဒံ ဝိသ ယောတိ စရဏသ္မိံ (လ) ဇ္ဈာဝတာ အဋ္ဌသမာ ပတ္တိယော စရဏသ္မိန္တိ နိယျာတိတာ ဟောန္တိ။ ဝိပဿနာဉာဏတော ပန ပဋ္ဌာယ အဋ္ဌဝိဓာပိ ပညာ ဝိဇ္ဇာတိ နိယျာတိတာ။
>
> သီလက္ခန်အဋ္ဌကထာ၊ ၂၂၁-နံ၊၆-ငံး၊ဟံ-မူ။

ပဌမဈ္ဈာနံ၊ ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊နေ၏။ ဣဒံပိ၊ ဤပဌမဈာန်သည်လည်း။အဿ၊ ထိုသူအား။ စရဏသ္မိံ၊ စရဏတရား၌။ ဟောတိ၊ ဖြစ်၏။ ဇ္ဈာဝတာ၊ ဤမျှဖြင့်။ အဋ္ဌ သမာပတ္တိယော၊ ရှစ်ပါး ကုန်သောသမာပတ်တို့ကို။ စရဏန္တိ၊စရဏဟူ၍။ နိယျာ တိတာ၊ဆောင်နှင်းအပ်ကုန်၏။ ပန၊စရဏမှတပါးဝိဇ္ဇာကို ပြပါဦးအံ့။ ဝိပဿနာဉာဏတော၊ ဝိပဿနာ ဉာဏ်မှ။ ပဋ္ဌာယ၊စ၍။ အဋ္ဌဝိဓာပိ၊ ရှစ်ပါး အပြား ရှိသည်လည်း ဖြစ်သော။ ပညာ၊ပညာကို။ ဝိဇ္ဇာတိ၊ ဝိဇ္ဇာဟူ၍။ နိယျာ တိတာ၊ ဆောင်နှင်းအပ်ကုန်၏။

## ၁၆၅။ ရုပ်နာမ်တွေ့ ကြောင်းကျိုးတွေ့လျှင် ဘွဲ့တော်ကြီး ၉–ပါးရပုံ

အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ၊ ဒဿန သမ္ပန္နော ဣတိပိ၊ အာဂတော ဣမံသဒ္ဓမ္မံ ဣတိပိ၊ ပဿတိ ဣမံသဒ္ဓမ္မံ ဣတိပိ၊ သေက္ခေန ဉာဏေန သမန္နာဂတော ဣတိပိ၊ သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတော ဣတိပိ၊ ဓမ္မသောတံ သမာပန္နော ဣတိပိ၊ အရိယော နိဗ္ဗေဓိကပညော ဣတိပိ၊ အမတဒွါရံ အာဟစ္စ တိဋ္ဌတိ ဣတိပိ။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်ကြီး။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ နာမ်ရုပ် တွေ့ခြင်း ကြောင်းကျိုးပါတွေ့ခြင်းဖြင့် ဤသို့သော သဘောရှိသော။ အရိယသာဝကော၊ မြင့်မြတ်သော သာဝကကို။ ဒိဋ္ဌိသမ္ပန္နော ဣတိပိ၊ သစ္စာအမှန်ကို မြင်ခြင်းနှင့် ပြည့်စုံသော သူဟူ၍လည်း။ ဒဿနသမ္ပန္နော ဣတိပိ၊ ပရမတ် အမှန် သဘော အမှန်ကို မြင်ခြင်းနှင့် ပြည့်စုံသော သူဟူ၍လည်း။ ဣမံသဒ္ဓမ္မံ၊ ဤပရမတ္ထ သာသနာတော်သို့။ အာဂတော ဣတိပိ၊ ရောက်လာသောသူဟူ၍လည်း။ ဣမံသဒ္ဓမ္မံ၊ ဤပရမတ္ထ သာသနာတော်ကို။ ပဿတိ ဣတိပိ၊ မြင်သောသူဟူ၍လည်း။ သေက္ခေန၊ ရှင်သောတာပန်နှင့်တကွသော သေက္ခပုဂ္ဂိုလ် ၇စ်ဦး တို့၏ ဥစ္စာ ဖြစ်သော။ ဉာဏေန၊ ဝိပဿနာ မဂ်ဉာဏ်နှင့်။ သမန္နာဂတော ဣတိပိ၊ ပြည့်စုံသော

သူဟူ၍ဂုဏ်။ သေက္ခာယ ဝိဇ္ဇာယ၊ ရှင့်သောတာပန်နှင့် တကွသော သေက္ခပုဂ္ဂိုလ် ၇စ်ဦးတို့၏ ဥစ္စာဖြစ်သော ဝိဇ္ဇာနှင့်။ သမ္ပန္နာဂတောဣတိပိ၊ ပြည့်စုံသောသူဟူ၍ဂုဏ်။ ရမ္မသောတံ၊ ဝိသုဒ္ဓိ ၇-ပါး၊ ပရိညာ ၃-ပါး၊ ဉာဏ်စဉ် ၁၀-ပါးဆိုတဲ့ တရားအယာဉ်သို့။ သမာပန္နော ဣတိပိ၊ ရောက်သောသူ ဟူ၍ဂုဏ်။ အရိယော၊ ဖြူစင်သော။ ဝါ၊ မြတ်သော။ နိဗ္ဗေဓိကပညော ဣတိပိ၊ ထိုးဖေါက် ဖြိုခွဲနိုင်သော ဉာဏ်ပညာရှိသောသူ ဟူ၍ဂုဏ်။ အမတန္တဂါရံ၊ အမြိုက်နိဗ္ဗာန်တံခါးကို၊ အာဟစ္စ၊ ထိ၍။ ဘိဋ္ဌတိဣတိပိ၊ တည်သောသူဟူ၍ဂုဏ်။ ဝုတ္တံ၊ ဆိုအပ်ပါတော့၏။ ။ ဆဲဒါဘွဲ့တော် ကိုးပါးရရှိပုံတည်း။

၁၆၆။ ဓမ္မာဘိသမယ ဓမ္မစက္ခု ပဋိလာဘ၌ တန်ခိုးကြီးမားပုံ

ဧဝံ မဟိဒ္ဓိကော ခေါ ဘိက္ခဝေ ဓမ္မာဘိသမယော
ဧဝံ မဟိဒ္ဓိကော ဓမ္မစက္ခုပဋိလာဘော။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အဘိသမယဝဂ်၊ ပဌမသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဓမ္မာဘိသမယော၊ ဝိပဿနာ တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို တွေ့ရမြင် ရခြင်းသည်။ ဧဝံ မဟိဒ္ဓိကော၊ ဤမျှလောက် တန်ခိုး ကြီးမား လှပါပေ၏။ ဓမ္မစက္ခု ပဋိလာဘော၊ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်ကို မြင်နိုင်သော ဉာဏ စက္ခုကို ရရှိ ခြင်းသည်။ ဧဝံ မဟိဒ္ဓိကော၊ ဤမျှလောက် တန်ခိုးကြီး လှပေ၏။

၁၇၁–နှင့်။ ၁၇၂–၌။ ဝိဇ္ဇာအဘိညာဉ် သမာပတ်ချာန် တို့ထက် အလွန့်အလွန် သာလွန် မြင့်မြတ်ထာကို ရရှိလို ဤဘဲ့ ဤအကျိုးတွေကို ရတာပါဘဲ ဟူ၏။

### ၁၆၇။ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ အမြင်တူပုံ

သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယာတိ ဝိပဿနာ သမ္မာဒိဋ္ဌိ ယာစ မဂ္ဂသမ္မာဒိဋ္ဌိယာစ။

မူလပဏ္ဏာသအဋ္ဌကထာ၊ ဝေရဉ္ဇကသုတ်အဖွင့်။

သမ္မာဒိဋ္ဌိယာဥပ္ပါဒါယာတိ၊ အမြင်မှန် ဖြစ်ပေါ်လာပြီ ဟူသည်ကား။ ဝိပဿနာ သမ္မာဒိဋ္ဌိယာစ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာစေခြင်းငှါ။ မဂ္ဂသမ္မာဒိဋ္ဌိယာစ၊ မဂ္ဂသမ္မာဒိဋ္ဌိ၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်၍လာစေခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။

### ၁၆၈။ ခန္ဓာကိုယ်၌ လက္ခဏာရေး ၃–ပါးတွေလျှင် ရဟန္တာ ဖြစ်နိုင်ပုံ

ခန္ဓေ အနိစ္စတော ဒိသွာ၊ဒုက္ခတောစ အနတ္တတော။
ခေပေတွာ အာသဝေသဗ္ဗေ၊အရဟတ္တံအပါပုဏိံ။

ထေရီ အပဒါန် ပါဠိတော် ၃၈–နံ၊၁၂–ငံ၊ဟံ–မူ။

ခန္ဓေ၊ကိုယ်ခန္ဓာ၌။ အနိစ္စတောစ၊ အနိစ္စအားဖြင့်၎င်း။ ဒုက္ခတောစ၊ ဒုက္ခအားဖြင့်၎င်း။ အနတ္တတောစ၊ အနတ္တ အားဖြင့်၎င်း။ ဒိသွာ၊ တွေ့မြင်ရသည်ရှိသော်။ သဗ္ဗေ အာသဝေ၊ အလုံးစုံသော အာသဝေါ တရားတို့ကို။ ခေပေတွာ၊ ကုန်ခန်းစေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ကြီးပွါးစွာ ရောက်ခဲ့ရလေပြီ။

### ၁၆၉။ သင်္ခါရကိုယ် သိမ်းဆည်းနိုင်လျှင် ဝိပဿနာ ဉာဏ်ပါဘဲတဲ့

ဝိပဿနာတိ သင်္ခါရပရိဂ္ဂဟေ ဉာဏံ။

ဆက္ကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၈၈-နံ၊ ၁၈-ငံး၊ ကဝိ-မူ။

ဝိပဿနာတိ၊ ဝိပဿနာဉာဏ်ဟူသည်ကား။ သင်္ခါရပရိဂ္ဂဟေ၊ ဒါက ရုပ်,ဒါက နာမ်,ဒါက ကံကြောင့်, ဒါက ဥတုကြောင့်,ဒါက အာဟာရကြောင့်,ဒါက စိတ်ကြောင့် ဟု သိမ်းဆည်းရာ၌။ ဉာဏံ၊ ဖြစ်ပေါ်လာသော။ ပညာ်နွေစေတသိက်တရားပင်တည်း။

### ၁၇၀။ ဝိပဿနာနှင့် မဂ်ကား အမြင့်ဆုံးမြင်ခြင်း၌ ပါရှိပုံ

အနုတ္တရိယေသု ဝိပဿနာ ဒဿနာ နုတ္တရိယံ၊
မဂ္ဂေါ ပဋိပဒါနုတ္တရိယံ။

သင်္ဂီတိသုတ်အဖွင့်၊ ပါထေယျ အဋ္ဌကထာ။

အနုတ္တရိယေသု၊ အနုတ္တရိယ ခြောက်ပါးတို့တွင်။ ဝိပဿနာ၊ ဝိပဿနာသည်။ ဒဿနာနုတ္တရိယံ၊ အမြတ်ဆုံး မြင်ခြင်းတည်း။မဂ္ဂေါ၊ မဂ်သည်။ပဋိပဒါနုတ္တရိယံ၊အကျင့်တွင် အမြတ်ဆုံး အကျင့်ပင်တည်း။

### ၁၇၁။ ဝိပဿနာပညာမှ အဓိပညာဘွဲ့ကို ရသည်

ကမ္မဿကတဉာဏံ ပညာ၊ ဝိပဿနာပညာ အဓိပညာ။

သင်္ဂီတိသုတ်အဖွင့်၊ ပါထေယျ အဋ္ဌကထာ၊ ၁၆၇-နံ၊၁၅-ငံး။

ကမ္မဿကတဉာဏံ၊ဒါန,သီလစသော ၁၉-ပါးသော ကမ္မဿကတ ဉာဏ်သည်။ ပညာ၊ ပညာသာမည်၏။

ဝိပဿနာပညာ၊ ဝိပဿနာပညာသာလျှင်။ အဓိပညာ၊ လွန်ကဲသော ပညာမည်ပေ၏။

### ၁၇၂။ ပုထုဇဉ်တို့ ဖြစ်ပုံ ဥပမာကား

| | | | | |
|---|---|---|---|---|
| အိုင် | ပူ | နောက် | ကုန် | တောင့်တ |
| ၁ | ၂ | ၃ | ၄ | ၅ |

အိုင်ငယ်အင်းငယ်များ၌ ကံပစ်ချခြင်း ခံရကုန်သော ရေသတ္တဝါတို့သည် အိုင်က ငယ်သဖြင့် နွေလသို့ရောက်သောအခါ ရေပူခြင်းဒုက္ခနှင့် နေ့စဉ်ပင်ကြုံတွေ့ရကုန်၏။ ငါး ဖါး တို့ကို ဘမ်းခြင်းကြောင့် ရေနောက်ခြင်းဒုက္ခနှင့် ရင်ဆိုင်ကြရကုန်၏။နွေ၌ နေရှိန် သတ္တိကြောင့် ရေ ကုန်ခန်းခြင်း မဟာဒုက္ခနှင့် ကြုံတွေ့ကြရကုန်၏။ ရေကုန်မည်ကို သိသဖြင့် ရေများသောအိုင်ကိုတောင့်တရကုန်၏။ ဒါဒါ ဥပမာတည်း။ ထို့အတူပင် ပုထုဇဉ်တို့သည် အိုင်ငယ်၌ နေသော ရေသတ္တဝါတွေကဲ့သို့ ပူခြင်းဒုက္ခ, နောက်ခြင်းဒုက္ခ, ချမ်းသာမည့်ဘဝ ဘုံဌာနကို တောင့်တရခြင်းဒုက္ခနှင့် သံသရာရှည်လျား၍ လာခဲ့ကြရကုန်၏။ ရုပ် နာမ်ကို မမြင်မတွေ့ရသမျှ ဤအတိုင်းပင်တည်း။

### အရိယာယောဂီတို့ ဖြစ်ပုံ ဥပမာကား

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| သမုဒ္ဒရာ | မပူ | မနောက် | မကုန် | မတောင့်တရ |

သမုဒ္ဒရာ၌ နေကြကုန်သော ရေနေ သတ္တဝါတို့သည် သမုဒ္ဒရာရေက များလွန်းလှသဖြင့် ပူခြင်းဒုက္ခမရှိ,နောက်

ခြင်း ဒုက္ခမရှိ,ကုန်ခန်းခြင်းဒုက္ခမရှိ,တရသောရေရှိရာကို တောင့်တရခြင်း ဒုက္ခ မရှိကြဘဲ၊ မဟာသုခနှင့်ပြည့်စုံ၍ သဘော အတိုင်း သွားလာ နေထိုင်ရသည့် ပမာလို အရိယာ ယောဂီတို့လည်း ဤ၌ အစ,အလယ်,အဆုံး၌ ပြခဲ့သော ဦးရေနံပါတ်စဉ်အတိုင်း [၂၀၀]တိတိသော အကျိုးကျေးဇူးတို့ကို ယနေ့ကစ၍ နိဗ္ဗာန်အထိ ရရှိသွားသဖြင့် မပူရဘဲ,မနောက်ရဘဲ,မကုန်ခန်းရဘဲ, မတောင့်တရဘဲ,နိဗ္ဗာန်သို့သွားရပါလိမ့်မည်။

**၁၇၃။ မြုပ်မျော နစ်မျော အန္ဓ,ဗာလ ပုထုဇဉ်များတည်း**

> မမြုပ် မမျော မနစ်ရ စူဠ၊ မဇ္ဈိမ၊ မဟာသောတာပန်များ။ ဟိုဘက်ကမ်းနားနီး လည်ပင်းရေမျှ သကဒါဂါမ်၊ အနာဂါမ်များ။ ကမ်းပေါ်ရောက်၍ နေသူများ ရဟန္တာတို့တည်း။

ဤ၌ ပုဂ္ဂိုလ် ၄–မျိုး ၄–စား ၄-ပါး၏ သတ္တိ တန်ခိုး တေဇော် အာနုဘော်ကိုမြင်၍ တက်ကြပါကုန်။ (၁)အန္ဓဗာလ ပုထုဇဉ်တို့ကား မြုပ်မျော နစ်မျော နှင့် သံသရာ ရှည်လျားကြကုန်၏။ (၂) စူဠ၊ မဇ္ဈိမ၊ မဟာသောတာပန်တို့ကား မမြုပ်ဘဲ မမျောဘဲ မနစ်ဘဲ ရှိခဲ့ပါသည်။ (၃) သကဒါဂါမ်၊ အနာဂါမ်တို့ကား ဟိုဘက်ကမ်းစပ် လည်ပင်းရေအထိ ထောက်မိကုန်ပြီ။(၄)ရဟန္တာတို့ကား ဟိုဘက်ကမ်းပေါ် သို့ရောက်၍ လွတ်မြောက်ကြရကုန်ပြီ။

## ၁၇၄။ ဝိပဿနာ အားထုတ်လို့ အကျိုးငါးပါး ရပုံ ဗျာဒိတ်တော်

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နော ဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိက ဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဗာဟိယ ထေရာဒယောဝိယ ခိပ္ပါဘိညော ဟောတိ။

မဇ္ဈိမနိကာယ် မဟာ ရာဟုလောဝါဒ သုတ်အဖွင့်။

ဘိက္ခု၊ ရဟန်း။ ဣဓ၊ ဤသာသနာတော်၌။ အာနာပါနဿတိံ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ အဖန်တလဲလဲ ယှဉ်သည် ရှိသော်။ ကောသနေ၊ တထိုင်ထဲ၌။ နိသိန္နော ဝ၊ နေထိုင်လျက်သာလျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါ တရားတို့ကို။ ခေပေတွာ၊ ကုန်ခန်းစေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်ရ၏။ တထာ အသက္ကောန္တော၊ ထိုကဲ့သို့ မစွမ်းနိုင်သေးပါ မူကား။ မရဏကာလေ၊ သေခါနီး ကာလ၌။ သမသီသီ၊ သမသီသီ ရဟန္တာသည်။ ဟောတိ၊ ဖြစ်ရတော့၏။ တထာအသက္ကောန္တော၊ ထိုကဲ့သို့ မစွမ်းနိုင်သေး

ပါမူကား။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဓမ္မကထိက ဒေဝပုတ္တဿ၊ ဓမ္မကထိကနတ်သား၏။ ဓမ္မံ၊ ပရမတ္ထ တရားတော်ကို။ သုတွာ၊ နာရ၍။ အရဟတ္တံ၊အရဟတ္တ ဖိုလ်သို့။ ပါပုဏာတိ၊ရောက်ရတော့၏။တတော၊ ထိုအဖြစ် မျိုးမှ။ ဝိရဠှါ၊ ချွတ်ယွင်းခဲ့ပါသော်။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်သော အခါသည်။ အနုပ္ပန္နေ၊ မဖြစ်ပေါ်သေးမီ၊ ပစ္စေကဗောဓိံ၊ပစ္စေက ဗောဓိဉာဏ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်တော့၏။ တံ၊ထိုပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောက် မပြုနိုင် သေးသည် ရှိသော်။ ဗုဒ္ဓါနံ၊ ဘုရားရှင်ကြီးတို့၏။ သမ္မုခီဘာဝေ၊ ရှေ့မျက်မှောက်တော်၌၊ဗာဟိယထေရဒယောဝိယ၊ ဗာဟိယမထေရ် အစရှိသည်တို့ကဲ့သို့။ ခိပ္ပါဘိညော၊ ခိပ္ပါဘိညရဟန္တာသည်။ ဟောတိ၊ဖြစ်၏။

ဤပါဌ်အနက်ကို တွေ့မြင်တော့ သိပ်အားရှိစရာပါဘဲ၊ ဝမ်းသာ စရာ ပါဘဲ၊ လူပြိန်းများ အကျဉ်းချုပ်ဖြင့် သိနိုင်ရန်မှာ-

၁။ ဝိပဿနာ အလုပ် အားထုတ် နေလို့ ထိုနေရာ တထိုင်ထဲ၌ပင် ရဟန္တာဖြစ်နိုင်ပါတယ်။

၂။ ပါရမီအားက နဲ့ပါးသေးလျှင် သေခါနီး ကာလ၌ သမသီသီရဟန္တာကြီးတောင် ဖြစ်နိုင်ပါသေးတယ်။

၃။ ထိုထက်ပင် ပါရမီ အားက နဲ့ပါး သေးလျှင် ထိုယောဂီသေ၍ နတ်ပြည်၌ဖြစ်ပြီး နတ်သား တရားဟော တာကို နာရလို့ ရဟန္တာဖြစ်နိုင်ပါတယ်။

၄။ ထိုထက်ပင် ပါရမီအားက နဲပါး သေးပါလျှင် သာသနာပခေတ်၌ ပစ္စေကဗုဒ္ဓါ ဘုရားငယ်တောင်ဖြစ်နိုင် ပါသေးတယ်။

၅။ ထိုထက်ပင် ပါရမီအားက နဲပါး သေးပါလျှင် နောက်နောင် အရိမေတ္တေယျ ဘုရားပွင့်တော့ ဘုရား သခင်၏ ရှေးတော်မှောက်ဝယ် ဗာဟိယ အစရှိသော မထေရ်များကဲ့သို့ ပညာဉာဏ် အလွန် ထက်မြက် စူးရှ လှသော ခိပ္ပါဘိညရဟန္တာများ ဖြစ်စေနိုင်ပါတယ်။အဲဒါ ဘုရားသခင်ကိုယ်တိုင် ဟောတာပါ။

ဝိပဿနာ တရားတော်ကြီး ကတော့ တန်ခိုးကြီးပြီး သားပါဘဲ၊ သုံးစွဲတဲ့ သူကသာညံ့နေလို့ဖြစ်ရမယ်။ ဥပမာ ပတ္တမြားဆိုတာ (ပတ္တမြား ဆန်ကျိုး အဘိုးပြည်တန်)တဲ့။ တာပေမဲ့ သမင် ဒရယ်တော ရောက်ရှိနေတော့ မြက်ပင် လောက်မှ တန်ဘိုးမရှိတော့ပါ။

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံခါဒံဝ ဂစ္ဆတိ။

လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံ ဘုဥ္ဇံဝ ဂစ္ဆတိ။

ဂါထာကို သေသေချာချာကြည့်ပြီးသဘောပေါက်ကြ ပါစေ၊ဝိပဿနာကို ချီးမြှောက်နိုင်ကြပါစေ။

မိဂေါ၊ ကြောင်းကျိုးမမြင် တောသမင်သည်။ မဏိံ၊ အလျှံတောက်ကြွား ကျောက်ပတ္တမြားကို။ ပဿန္တောပိ၊ သစ်ပင်မြက်ခင်း စားကျက်တွင်း၌ လက်ငင်း ထင်ထင် ပက်ပင်းပင် မြင်ရပါလျက်လည်း။ တိဏံဝ၊ အဘိုးမထိုက် မျိုးရိုးကြိုက်တဲ့သစ်မှိုက်မြက်ကိုသာလျှင်။ခါဒံ–ခါဒန္တော၊

မမုန်းမာန်ကြွား သုံး ခံစားလျက်။ ဂန္ထုတိ၊ စိန်သော ကျောက်သော စိတ်မစောဘဲ မြိုင်တော ရပ်မြေ၊ ရှောင် ကပ်လေ၏။ ဇေတဝန်ထာ၊ ပမာပုံယူ ထို့အတူသာလျှင်။ ဒုပ္ပ ညော၀ိ၊ ပညာမရှိ ဘာမသိတဲ့ သတိမပေါ် အမျှော် မသုံး လူ့ကျောက်တုံးသည်လည်း။ လဒ္ဓကာလော။ ဒုလ္လဘာ ကျောက်၊အရကောက်ဘို့၊ကံ-မြောက်မြင့်တင်၊အသင့်ပင် ကာလကောင်းကြီးကို ရပါလျက်။ ကာမံ၀၊ အဘိုးမထိုက် ဗာလကြိုက်သည့်၊အမိုက်အာရုံ၊ ကာမဂုဏ်ကို သာလျှင်။ ခါဒံ-ခါဒန္တော ၊မမုန်း မာန်ကြွား၊ သုံးခံစားလျက်။ ဂန္ထုတိ၊ အပါယ်ရပ်မြေ၊ ရှောင်ကပ်လေ၏။

ဝိပဿနာ တန်ခိုးကြီးပုံကတော့ ဘုရားတဆူ ပွင့်ပြီ ဆိုပါတော့ ဘုရားက ဝိပဿနာဖြင့် ၂၄-သင်္ချေ၊ ကုဋေ (၆၀) မိုလ်ခြေတသိန်းကို နိဗ္ဗာန်သို့ ပို့ပို့ နေတာကို အသိ ကြသားကဘဲ၊ အမြင်ကြသားကဘဲ၊ ဘုရားတိုင်း ဘုရား တိုင်းက ဒိုလိုချည်း ဝိပဿနာဖြင့် ကယ်ဆယ်ချွတ်လွှဲ နေတော့ ဝိပဿနာဟာ တကဲ့ကို သတ္တိအရှိဆုံး၊ ဗျတ္တိအရှိ ဆုံးဆိုတာ သိပြီးကျင့်ကြဘို့ပါဘဲ။

**၁၇၅။ ဝိပဿနာဖြင့် မြစ်ညာသို့ ဆန်တက်စေပြီ**

ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။

ရာဂရတ္တာ နဒက္ခန္တိ၊ တမော ခန္ဓေန အာဝုတာ။

ဝိနည်းမဟာဝါပါဠိတော်၊မြဟ္မယာစနနံ-၅၊၁၁-င်း၊ ပြည်ကြီး-မူ။

ပဋိသောတဂါမိံ၊နိဗ္ဗာန်အညာသို့သာ ဆန်တက်နေထ သော။ နိပုဏံ၊သိမ်မွေ့ထသော။ ဂမ္ဘီရံ၊ နက်နဲထသော။

ဒုဒ္ဒသံ၊ မြင်နိုင်ခဲထသော။ အဏုံ၊ ပရမာ အဏုမြူနှင့် အလားတူ ထသော။ ဓမ္မံ၊ ပရမတ္ထ တရားဖြစ်တဲ့ စိတ်စေတသိက်ရုပ် နိဗ္ဗာန်တရားတော်ကို။ ရာဂရတ္တာ၊ ရာဂဖြင့် တပ်နှစ်သက် ကြကုန်သော သူတို့သည်။ တမောခန္ဓေန၊ အဝိဇ္ဇာတည်းဟူသော မောဟာအစုဖြင့်။အာဝုတာ၊ဖုံးလွှမ်း၍နေသောကြောင့်။ နဒက္ခန္တိ၊ မမြင်ကြရလေကုန်။

စိတ်စေတသိက် ရုပ်နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားတော်ကြီးဟာ ပဋိသောတဂါမိ ဂုဏ်နှင့်လဲ ပြည့်စုံ ပါပေတယ်။ အစုန်မရှိဘဲ အဆန်သက်သက်မို့ပါဘဲ နိပုဏဂုဏ်လဲရှိပါတယ်၊ သိမ်မွေ့လွန်းလို့ပါဘဲ ဂမ္ဘီရဂုဏ်လဲ ရှိပါတယ်၊ သမုဒ္ဒရာထက်ပင် နက်နဲ လွန်းလို့ ပါဘဲ ဒုဒ္ဒသဂုဏ်လဲ ရှိပါတယ်။ မြင်နိုင်ခဲလွန်းလို့ပါဘဲ အဏုံဆိုတဲ့ ဂုဏ်လဲ ရှိပါတယ်၊ ပရမာအဏုမြူနှင့်သာ ဥပမာပြုရသောကြောင့်တည်း။ ဒုဒ္ဒသဂုဏ်ကို .ပြရပါလျှင် အာဋ္ဌာရ၊ ဥဒက၊ ဒေဝိလ၊ ရသေ့ အမော် ကမ္ဘာကျော်ကြီး ၃ –ပါးဟာ ဝိဇ္ဇာရ၊အဘိညာဥ်ရ၊ သမာပတ်ရ၊ ဈာန်ကိုးဈာန်ရ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကြီးဖြင့် ရှေးရှေး၌ ကမ္ဘာပေါင်း(၄၀)ကို မြင်နိုင် ပြောပြနိုင်ပါတယ်။ အနာဂတံသဉာဏ်တော် ကြီးဖြင့် နောက်နောင် ဖြစ် လတ္တံ့သော ကမ္ဘာပေါင်း(၄၀)ကို လှမ်းပြီးမြင်နိုင်သော အစွမ်းများ ရှိ၍ နေပါတယ်။ သို့ကလောက်တောင်မှ သတ္တိ ဗျတ္တိ အာနုဘော် အစွမ်းရှိ၍ နေပေမဲ့ မိမိ၏ လက်ညှိုးကို ထောင်ပြီး ကြည့်တော့ ဓမ္မတာဖြစ်၍ နေတဲ့ သမုဟ

ပညတ် ရုပ် နာမ်၊ စာန-ပညတ်ရုပ် နာမ်၊ သဏ္ဌာန ပညတ် ရုပ်နာမ်၊ သန္တတိ ပညတ် ရုပ် နာမ်၊ နာမပညတ် ရုပ် လောက်ကိုသာ မြင်ပြီးတော့ ကမ္ဘာ့ရောဂါဖြစ်တဲ့တဏှာ ဒိဋ္ဌိ၊ မာန၊ ပပဉ္စအနာမှ မကင်းကြသေး ဘူးတဲ့။ ပရမတ္ထ ဖြစ်တဲ့ ရုပ်နာမ်ကို မမြင်ကြလို့ ပရိညာ-၃-ပါး ဝိသုဒ္ဓိ ၇-ပါး၊ဉာဏ်စဉ် ၁၀-ပါး၊ဗောဓိပက္ခိယတရား ၃၇-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ကိုမရကြဘဲ လွဲချော်ပြီး တော့ ရုပ်ပြစ် ၈-ပါး အဝင် အရူပဘုံ၌ ဖြစ်ကြရတာ ကြောင့် ဒုဿသဂုဏ်နှင့် ပြည့်စုံလှတဲ့ ရုပ် နာမ်ဘဲဟု သိရ ပါတယ်။အဲဒီရုပ် နာမ် ၂-ပါးဟာ ဘယ်တော့မှ အစုန်မရှိ ရဘူးတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန် အညာသို့သာ ဆန်တက် နိုင်ပါ တယ်တဲ့။ သာဓက ပြပါ ဆိုတော့ **ပဋိသောတဂါမိ** ပါဠိဘဲ ကြည့်ကြပါတော့။ ပညာရှိတွေမှို့ ချွဲစရာမလို တော့ပါ။

### ၁၇၆။ ဝိပဿနာကြောင့် ရူဋ္ဌသောတာပန် ဖြစ်ရပုံ

၎င်းကို **ဥာဏာစာရ ဘဏ်တိုက်ကြီးကျမ်း** (၁၉၄)နံ၊ ၈-ကြောင်း၌ ရူဋ္ဌသောတာပန္န ဂဏ္ဌိတွင် (၆၄)ပုဒ် သာဓကထုတ်၍ ပြခဲ့ပြီး ဖြစ်တော့သည်။

### ၁၇၇။ ဝိပဿနာကြောင့် နိယတဂတိက ဖြစ်ရပုံ

၎င်းကို မူကား **ဥာဏာစာရ ဘဏ်တိုက်** ကြီးကျမ်း ၂၁၀-နံ၊ ၁၂-ကြောင်း၌ နိယတဂတိက ဖြစ်ရပုံ သာဓက ၉၆-မျိုးဖြင့် အကျယ်ချဲ့၍ ပြပြီး ဖြစ်ပါသည်။

### ၁၇၈။ ဝိပဿနာကြောင့် အပါယ်တံခါးပိတ်ရပုံ

၎င်းကိုတော့ **ဝိပဿနာတက္ကသိုလ်ကြီးကျမ်း** ၃၂၄-နံ ၁-င်း၌ ဝိပဿနာကြောင့် အပါယ်တံခါး ပိတ်ရပုံကို ၃၉၆-နံ၊ ၁၁-င်း အဆုံးထား၍ တရားကျော် သာဓက ထုတ်၍ ပြခဲ့ပါပြီ၊ ကျမ်းညွှန်း အတိုင်းသာ ကြည့်ကြ ပါကုန်။

### ၁၇၉။ ဝိပဿနာဟာ ရူဋ္ဌမဂ် မဇ္ဈိမမဂ်ပါဘဲ

၎င်းကိုလည်း **ငါမဂ်ရပြီလား**ကျမ်းပထမနှင့် ဒုတိယ၌ သာဓက တရားကျော်ဖြင့် ရေးသားခဲ့ပါပြီ။ အညွှန်း အတိုင်းသာ ကြည့်ကြပါကုန်။

### ၁၈၀။ ဘယ်အခါမှ အပါယ်မကျရ လေးဌာန

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| ဘုရားပညတ် | တရားပညတ် | သံဃာဂုဏ်း | သိက္ခာဂုဏ်း |
| ရုပ်နာမ်ပရမတ် | ရုပ်နာမ်ပရမတ် | ရုပ်နာမ်ဂုဏ်း | ရုပ်နာမ်ဂုဏ်း |

မဟာနာမ်မင်းအား လေးဌာန ဗျာဒိတ်ထားခဲ့ပုံမှာ—

စတူဟိခေါ မဟာနာမ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော နိဗ္ဗာနနိန္နော ဟောတိ၊ နိဗ္ဗာန ပေါဏော၊ နိဗ္ဗာနပဗ္ဘာရော။ ကတမေဟိ စတူဟိ၊ ဣဓ မဟာနာမ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတော ဟောတိ၊ ဓမ္မေ အဝေစ္စ ပသာဒေန သမန္နာဂတော ဟောတိ၊ သံဃေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊ အရိယ ကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ။

မဟာနာမသုတ်တော်။

မဟာနာမ၊ မဟာနာမ်မင်းကြီး။ ခေါ၊စင်စစ်။စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ အကြောင်းတရား တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ ဘုရားသခင်၏ တပည့်သားသည်။ နိဗ္ဗာနနိန္နော၊ နိဗ္ဗာန်သို့သာ ညွတ်တော့သည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနပေါဏော၊ နိဗ္ဗာန်သို့သာ ကိုင်းသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနပဗ္ဘာရော၊နိဗ္ဗာန်သို့သာ ရှိုင်းသည်။ဟောတိ၊ဖြစ်၏။ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးတို့နည်း ဟူမူကား။ မဟာနာမ၊ မဟာနာမ်မင်း။ ဣဓ၊ ဤသာသနာတော်ကြီး၌။ အရိယသာဝကော၊ ဘုရားသခင်၏ တပည့်သားသည်။ ဗုဒ္ဓေ၊ ပညတ်ဘုရား၊ ပရမတ်ဘုရား၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ဟောတိ၊ဖြစ်၏။ဓမ္မေ၊ပညတ်တရား ပရမတ်တရားတော်၌။အဝေစ္စပသာဒေန၊မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်းနှင့်။သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ ပညတ်သံဃာ ပရမတ်သံဃာတော်၌။ အဝေစ္စပသာဒေန၊မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်။သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။ အရိယကန္တေဟိ၊ အရိယာတို့သည် နှစ်သက်အပ်ကုန်သော။ သီလေဟိ၊ ငါးပါးသီလတို့နှင့်။သမန္နာဂတော၊ပြည့်စုံသည်။ဟောတိ၊ ဖြစ်၏။

ဤမဟာနာမသုတ်တော်၌ ဘုရား ခေါ်တဲ့အမည်သည် ဝေါဟာရပညတ်တည်း။ ဘုရားခန္ဓာမှာရှိတဲ့ ရုပ် နာမ်

၂-ပါးသည်သာလျှင် ပရမတ်ဘုရားတည်း။ တရားဆိုတဲ့ အမည်သည် ဝေါဟာရပညတ်တည်း။ရုပ်နာမ် ၂-ပါးသာ ပရမတ် တရားတည်း။ သံဃာ ဆိုတဲ့ အမည်သည် ဝေါဟာရပညတ်တည်း။ သံဃာတော်၏ ခန္ဓာ၌ရှိသော ရုပ် နာမ် ၂-ပါးသာလျှင် ပရမတ် သံဃာတော်တည်း။ သီလသိက္ခာဆိုတဲ့အမည်သည် ဝေါဟာရပညတ်တည်း။ သိက္ခာ၌ ရုပ် နာမ်သာလျှင် ပရမတ်သိက္ခာတည်း။

တနည်း........ သမူဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမ၊ မလွတ်သေးသော အရာဝတ္ထု အားလုံး သည် ပညတ်တည်း။ **သဏ္ဌာနရေဟိတာ** ဆိုတဲ့ ပါဠိအရ သဏ္ဌာန်ကင်းသော သဘောမျှ၊ သဘာဝတ္တမျှ၊ ကြိယာမျှ၊ အမူအရာမျှ သည်သာလျှင် ပရမတ်တည်း။

ဤပုံ တွေ့လဲထား၊သိလဲသိမှ၊ နိဗ္ဗာနနိန္န၊နိဗ္ဗာနပေါဏ၊ နိဗ္ဗာန ပဗ္ဘာရ ဖြစ်၍ နိဗ္ဗာန်သို့ ညွတ်မည်၊ ကိုင်းမည်၊ ရှိုင်းမည် ဖြစ်ပါသည်၊ဆဲသည်တော့ကမှ မုချ အပါယ်က လွတ်မည်။ အကြောင်းကား မှားခြင်းဒိဋ္ဌိ ကွာသွားလို့ ယုံမှားခြင်း ဝိစိကိစ္ဆာ ချုပ်သွားလို့ပါဘဲ။

ဝက္ကလိထေရ်ဟာ ဘုရား ကြီးကို ဖူးမျှော် နေတာ တောင်မှ ဟဲ့ဝက္ကလိ သင်ဟာ ငါဘုရားကို မတွေ့ရသေး ဘူး၊ မမြင်ရသေးဘူး။တရားကိုတွေ့မှ ဘုရားကို တွေ့တာ၊ မြင်တာတဲ့။

ယော စမ္မံ ပဿတိ၊ သော မံ ပဿတိ။ ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။

ဝက္ကလိထေရသုတ်တော်တည်း။

၁၇၁။ စာတလုံး ဘုရားတဆူ (ဂဏ္ဌိ)

(၁) သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဟူသော ဓမ္မပဒ ပါဠိတော်အရ ကမ္ဘာပေါ်တွင် ရှိရှိသမျှ အလှူတို့တွင် ဓမ္မဒါနအလှူသည် အမြတ်ဆုံးဖြစ်၍ နေပေ၏။ အလှူခံရော အလှူပေးသူ၌ရော တသံသရာလုံး ငွေကြေးတို့ အေးကြေတို့ ရွှေအိုးကြီးမြှုပ်ပြီးသား ဖြစ်တော့၏။

(၂) အမတံ ဒဒေါစ သော ဟောတိ ယောဓမ္မံ အနုသာသတိ ဟူသော သံယုတ်ပါဠိတော်နှင့်အညီ သူတပါး အား သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး၏ အရာဖြစ်သော အသိဉာဏ်နှင့် သဒ္ဓါစေတနာကို ဖြစ်စေရန် ဟောပြော ဆုံးမ၍ ပေးငြားအံ့။ စာအုပ်စာတမ်းဖြင့် အသိဉာဏ် စေတနာတို့ကို ပွားစေငြားအံ့။ ထိုသူအား အမြိုက်နိဗ္ဗာန်ကို လက်ရောက်ပေးသည်မည်၏။ မိမိမှာလည်း အမြိုက်နိဗ္ဗာန် ကို အမွေရသည် မည်ပေ၏။

(၃) အရှင်အဿဇိ သည် အရှင်သာရိပုတ္တရာ အရှင် မောဂ္ဂလာန်တို့အား ယေဓမ္မာဟေတုပ္ပဘဝါ တဂါထာ မျှဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ပေးပုံကြည့်ကြတော့။

(၄) တရားလိမ္မာ၊ ပညဝါတို့၊ အကျွရာဂါကျ၊ တပုဒ် မျှလျှင်၊ ဗုဒ္ဓတဆူ၊ နှလုံးမူဖြင့် ဟူ၍ မဟာဇနကနိဂုံးလက်ာ

မင်းဘူးဆရာတော် အရှင်ဦးဩဘာသ ရေးသည့် စာနှင့် အညီ အက္ခရာတလုံး ဘုရားတဆူဖြင့် စာကြည့် သူတို့၏ ခန္ဓာကိုယ်၌ ဘုရားတွေထည့်၍ ဌာပနာသည်နှင့် တူပေ ရကား မိမိရော သူတပါးရော ခတ်တော်များ ကိန်း ပြီးသား စေတီများဖြစ်အောင် ပြုလုပ်ပေးသည်နှင့် တူ၏။

**၃။ ဗုဒ္ဓဂုဏံ၊ ဓမ္မဂုဏံ၊ သံဃဂုဏံ၊ အဇ္ဈာဝုဋ္ဌေသ သရီ ရမှိ၊ စေတိယ ဃရမိဝ ပူဇာရဟံ ဟောတိ။**

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ သူတပါးတို့၏ ခန္ဓာကိုယ်ထဲသို့ ဘုရား ဂုဏ်တော် ထည့်၍ပေး၊ တရား ဂုဏ်တော် ထည့်၍ပေး၊ သံဃာ ဂုဏ်တော် ထည့်၍ပေး သဖြင့် စေတီထဲသို့ ဓာတ်တော်များ ဌာပနာထားသကဲ့သို့ ပြုလုပ်ပေးတာနှင့်တူရကား မိမိရော သူတပါးရော စေတီ အိမ်ကဲ့သို့ တသံသရာလုံးပူဇော်ခြင်းကို ခံယူထိုက်လေပြီ။

**၄။ ယောခေါ အာနန္ဒ မယာ ဓမ္မောစ ဒေသိတော၊ ဝိန ယော စ ပညတ္တော၊ သော ဝေါ မမစ္စယေန တုမှာကံ သတ္ထာ။**

ဟူသော ပါရာဇိကာဏ် အဋ္ဌကထာနှင့် အညီ ချစ်သား အာနန္ဒာ သုတ်နှင့် အဘိဓမ္မာကို ငါဘုရား ဟောခဲ့ပြီ၊ ဝိနည်း ကိုလည်း ငါဘုရားပညတ်ခဲ့ပြီ၊ အဲဒီ ဝိနည်းကတ်သုံးပုံဟာ ငါဘုရား မရှိတဲ့နောက်၌ သင်တို့၏ ဘုရားတွေ ဖြစ်ရစ် လတ့်ံဟူ၍ မိန့်တော် မူခဲ့၏၊ ယခုလည်း ၎င်းတရားထဲက အဆီအနှစ်ကို ထုတ်နုတ်၍ စာအုပ်များ ရိုက်နှိပ်ပြီး သူတ ပါးတို့၏ ခန္ဓာကိုယ်ထဲသို့ ထည့်ပေးရာ၊ ဘုရားတွေကိန်း

အောင်း နေတဲ့ ခန္ဓာကိုယ် ဖြစ်အောင် ပြုလုပ် ပေးခြင်း၊ သာသနာ ပြုပေးသည့်အလားတူ အကျိုးကို နာရီမစဲ-မိနစ် မစဲ၊ အမြဲတမ်း ရ၍ နေပေ၏။

**၇။ စတုရာသီတိ ဓမ္မက္ခန္ဓာ သဟဿာနိ စတုရာသီတိ ဗုဒ္ဓသဟဿာနိ၊ ဘဝိဿန္တိ။**

ဟူသော သံယုတ် ဋီကာနှင့် အညီ ဓမ္မက္ခန္ဓာ ပေါင်း (၈၄၀၀၀) သည် ဘုရားပေါင်း. (၈၄၀၀၀)ဖြစ်လတံ့ဟု ဆိုထားရာ မိမိနှင့် သူတပါးတို့၌ ဓမ္မက္ခန္ဓာ ဘုရား ပေါင်း အကန္တရာနှင့် အမျှထည့်၍ပေးရာ ရောက်နေပြန်တော့၏။

**၈။ အက္ခရံ ဧကမေကဉ္စ၊ ဗုဒ္ဓရူပသမံ သိယာ။**

ဟူသော ပါဠိနှင့် အညီ စာတလုံး ဘုရား တဆူ ထိုက် တန်ပေရာ မိမိ၌ရင်း သူတပါး၌ရင်း ဘုရားတွေ ထည့် ပေးပြီး ဘုရားများ ကဲ့သို့ အကျိုး ပေးအောင် သာသနာ ပြုရာ ရောက်ပြန်တော့၏။

**၉။ တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဍတိ။**

ဟူသော သံယုတ် ပါဠိတော်နှင့် အညီ ဓမ္မဒါန အလှူ သည် လူများ၏စိတ်ထဲ, ဉာဏ်ထဲမှာ အမြဲတမ်းနေအောင် ပြုလုပ်ပေးတဲ့ ဒါနမျိုးဖြစ်၍ ထာဝရ ကုသိုလ်ကြီး ပါဘဲ၊ ထာဝရကုသိုလ် ပြုလုပ်ထားသူတို့၌ နေ့ရော ညပါ အခါ မပြတ် တလစပ်ဖြင့် ကုသိုလ်ကံ အဟုန်ကြီးတို့ အမြဲ တိုးဝင်နေပါကြောင်း။ ။ဥပမာဆိုလျှင်-မဟာ သမုဒ္ဒရာ ကြီးထဲသို့ နေ့မစဲ, ညမစဲ တသဲသဲဖြင့် အမြဲတမ်း ရေများ

ဝင်၍နေသကဲ့သို့ ကုသိုလ်တွေ မပြတ် မစဲ အမြဲ တိုးဝင် လျက် နေပါကြောင်း။

**၁၀။ ယေသံ နိဗ္ဗာနပုညာနိ အတ္ထိ၊ တေသံ ဂတိ သောတာ ပန္န သဒိသော။**

ဟူသော နဝနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာနှင့် အညီ ယင်းသို့နေ့မစဲ,ညမစဲ အမြဲတမ်း ကုသိုလ် တိုးဝင်လျက် နေသော သူတော်ကောင်း, သူမြတ် လောင်း တို့သည် လားရာဂတိအားဖြင့် မဟာသောတာပန် အရိယာပုဂ္ဂိုလ် တို့၏ လားရာဂတိနှင့် တူလှ၍ အရိယာ ပုဂ္ဂိုလ် စာရင်း၌ ပါဝင်ပြီးသား ဖြစ်ပါကြောင်း။ ထို့ကြောင့် ဉာဏစာဂီ မဟာထေရ်သည် ရေးသားအပ်သော ကျမ်းစာလုပ်ငန်း ကြီးများ ဖြန့်နှံ့စေရန် ဘုရား တို့ဉာဏ် အမွေ ခံရန်ဟု ရည်သန် ထားသော ဓမ္မဒါန အလှူထဲသို့ နဲများမဆို ထည့်ဝင် သာသနာတော် ဖြန့်ပြူးကြပါမည့် အကြောင်း နှိုးဆော် အပ်ပါသည်။

**၁၁။ ယော ဟိ ပဿတိ သဒ္ဓမ္မံ။ သော မံ ပဿတိ ပဏ္ဍိတော။ အပဿမာနော သဒ္ဓမ္မံ။ မံ ပဿေပိ နပဿတိ။**

ဝက္ကလိ ထေရအပဒါန် ပါဠိတော်ကြီး။

သဒ္ဓမ္မ မည်သော ရုပ်နာမ် ပရမတ်ကို တွေ့မြင်သော သူမှသာ ဘုရားကို တွေ့မြင်သောသူ ပါဘဲတဲ့။ ပရမတ် ရုပ်နာမ်ကို မတွေ့သေး မမြင်ရသေးသောသူကား ဘုရား သခင်ကို မတွေ့ရသေး မမြင်ရသေးသောသူပင်တည်းတဲ့၊ နာစရာ ကောင်းလိုက်ထာ။

**၁၂။ ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။**

ဝက္ကလိ သံယုတ်ပါဠိတော်။

တရားကိုမြင်မှ ဘုရားကိုမြင်တာတဲ့၊ တရားကို မမြင်တော့ ဘုရားကိုလဲ မမြင်ရသေးဘူးတဲ့။

၁၃။ ရွှေမြင် မြို့တော်ကြီး၌ ဆရာတော် တပါးနှင့် ဒါယကာတဦးကို ၁၃၁၀-ခုနှစ် ကဆုန်လ လောက်က ကြားသိရဘူးသည်ကား-

ဆရာတော်သည် တရား ဟောပြတော့ တကာအား- အို......တကာကြီး-

ဘုရား......

ဒကာကြီးဟာ ဘာတရား များကို အားထုတ်၍ နေနေပါသလဲ။

တပည့်တော်ဟာဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုအားထုတ်၍ ပါတယ်ဘုရား။

ဘယ်ပုံများ အားထုတ်ပါသလဲ တကာ။

မျက်စိကို စုံမှိတ်ပြီးတော့ ဘုရားအာရုံကို တွေ့မြင်အောင် ရှုးစိုက်၍ နေပါတယ်။

ဆက်ပါအုံး-

ရှုးစိုက်၍ နေတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ကြွလာပါရော၊ အဲဒါကိုပင် နေ့စဉ် ရက်ဆက် ရှုပွါး၍ နေပါတယ်ဘုရား။

သာဓု, သာဓု, သာဓု၊ သို့သော် အကျိုးကို လိုလို့ ပြောပြလျှင် ဒကာကြီး စိတ်ဆိုးမှာလား။

မဆိုးတတ်ပါဘုရား။

ကောင်းပြီ ကောင်းပြီ၊ ဒကာ့ အကျိုးကို သယ်ပိုးတဲ့ စိတ်ထားနှင့် ပြောတော့မယ်နော်၊

မှန်ပါ အမိန့်ရှိတော်မူပါ။

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိ၍နေစဉ်က သာဝတ္ထိပြည်သားတွေ ရာဇဂြိုဟ်ပြည်သားတွေ စသော တိုင်းကြီး (၁၆)တိုင်းက ပြည်ကြီး (၁၆)ပြည်က လူတွေ ဟာရော နတ်ပြည်က နတ်တွေရော ဗြဟ္မာ့ပြည်က ဗြဟ္မာ တွေရော သက်တော် ထင်ရှား ရှိနေတဲ့ မြတ်စွာဘုရားကို မမြင်ကြဘူးလား မတွေ့ကြဘူးလား ဒကာ။

ဘုရားကို အားလုံးတွေ့ကြပါတယ် ဘုရား။

ဒါဖြင့် ယခု ဒကာကြီးတွေ့ထားတဲ့ ဘုရားနဲ့ ဟိုစဉ်က တွေ့မြင် အပ်သော ဘုရားနဲ့ ဘယ်ဘုရားက စစ်သလဲ၊ တန်ခိုးကြီးသလဲ။

နတ်ဗြဟ္မာတွေ မြင်တဲ့ ဘုရားကစစ်ပါတယ်၊ တန်ခိုးလဲ ကြီးပါတယ်ဘုရား။

ကောင်းပြီ ဟိုစဉ်က အစစ် ဘုရား, တန်ခိုး ကြီးတဲ့ ဘုရားကို တွေ့ရမြင်ရတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဘုရားကို ဖူးမြင်ရရုံမျှနှင့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရကြ ကုန်ပြီလား။

ဘုရားအစစ် အမှန်ကို မြင်ရရုံ မျှနှင့်တော့ မဂ်ဖိုလ် နိဗ္ဗာန်ကို မရကြပါ။

ဒါဖြင့် ဟိုတုံးက လူနတ် ဗြဟ္မာ သတ္တဝါတွေဟာ ဘုရားအစစ် ဘုရားအမှန်ကို မြင်ရ တာတောင်မှ မဂ်ဖိုလ် နိဗ္ဗာန်မရပါလျှင် ယခုဒကာကြီးမှာ ဘုရားအတု ဥဒ္ဒိဿ စေတီကို အမြဲဖူးတွေ့ကာ နေတော့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရမှာလား။

ဘုရားအစစ် ဘုရားအမှန်ကို ဖူးတွေ့နေရတဲ့ လူနတ် ဗြဟ္မာတွေတောင်မှ မဂ်ဖိုလ် နိဗ္ဗာန်ကို မရတော့ တပည့်တော်လို ဘုရားအတု ပုံတော် ဥဒ္ဒိဿ စေတီတော်ကို ဖူးကာနေပေမဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်ဘူး ဆိုတာ ထင်ရှားနေပါတယ် ဘုရား။

တာဖြင့် ဘုရားဖူးရုံမျှနှင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မရဘူး ဆိုလျှင် ဘာများလုပ်ရမှာလဲ ဒကာ။

ဝိပဿနာ တရားကို အားထုတ်ရမှာပါ ဘုရား။

ဇေ ဟုတ်ပြီ၊မှန်ပြီ၊ လမ်းတဲ့ပြီ။

ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ၊
ဝိပဿနာ၊ အယံ ဝုစ္စတိ အသင်္ခတဂါမိမဂ္ဂေါ။

အသင်္ခတ သံယုတ် ပါဠိတော်ကြီး။

နိဗ္ဗာန်ကို ဘယ်လမ်းဖြင့် သွားရမှာလဲတဲ့ မေးပုံ၊
နိဗ္ဗာန်ကို ဝိပဿနာ လမ်းဖြင့် သွားတဲ့ ဖြေပုံ၊
ရှင်းရှင်းကလေးပါဘဲ၊နဲနဲမှ မရှုပ်ဘူး။

အရှင်ဘုရားအားတပည့်တော်ဆရာပြု၍ကိုးကွယ်ပါ၏ အရှင်ဘုရား။

သာဓု, သာဓု, သာဓု, ဆဲဒါမှ ဗုဒ္ဓဘာသာ အစစ်ကွ၊ အမှန်ကွ "မှားအစဉ် ပြင်ခဏ"တဲ့ "ယောခမ္မံ ပဿတိ သောမံ ပဿတိ" ဆဲဒါကို အမြဲတန်း ဆောင်ထားပါ၊ တရားကိုမြင်မှ ဘုရားကို မြင်သည်၊ တရားကို မမြင်ရင် ဘုရားကိုလဲမမြင်ဘူး၊

ကောင်းလှပါပြီဘုရား ဟု ဆို၍ ဘုရား[illegible]ောင်း တော့သည်။

၁၈၂။ ငွေ "၁၀" ထဲနှင့် တသံသရာလုံး "၆၇" ဆင့်ရသွားမည်၊
ဝိပဿနာအားထုတ်လျှင် "၆၇" ဆင့်မြင့် မြင့်သွားမည်။

"အကြွရံ ကောမေကဥ္စ ဗုဒ္ဓရူပ သမံသိယာ" ဟူသော ဂါထာအရ စာတလုံး ဘုရားကဆု အက္ခရာတလုံး ဘုရား တဆုဖြစ်သောကြောင့်ရင်း "ယောခေါအာနန္ဒမယာဓမ္မော စဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" ဟူသော မဟာပရိနိဗ္ဗာန သုတ်ပါဠိတော် အရဖြင့် ရင်း၊ ဓမ္မက္ခန္ဓာ "၈၄၀၀၀" သည်ဘုရားပေါင်း '၈၄၀၀၀' ကိုးကွယ်ပြီးထားရတာမို "၁၀" ထဲနှင့် တသံသရာလုံး ငွေးရ ဖြေမည်။

ငွေ "၁၀" ထဲနှင့် တသံသရာလုံး "၆၇" ဆင့်ရသွားမည်မှာ

| | |
|---|---|
| အသင်ချေယျအနန္တ မကသော | သူဌေးကြီးဘဝများ၊ |
| ရင်း | သူကြွယ် ဘဝများ၊ |
| ရင်း | ပဒေသရာဇ်ဘဝများ၊ |

အသချေ်ယျ အနန္တမကသော ဧကရာဇ်ဘဝများ၊
ငင်း စကြာဝတေးဘဝများ၊
ငင်း မန္တာတ်မင်းဘဝများ၊
ငင်း စာတုမဟာရာဇ်ဘဝများ၊
ငင်း တာဝတိံသာဘဝများ၊
ငင်း ယာမာဘဝများ၊
ငင်း တုသိတာဘဝများ၊
ငင်း နိမ္မာနရတိဘဝများ၊
ငင်း ဝသဝတ္တီဘဝများ၊
ငင်း ဗြဟ္မပါရိသဇ္ဇာဘဝ၊
ငင်း ဗြဟ္မပုရောဟိတာဘဝ၊
ငင်း မဟာဗြဟ္မာဘဝ၊
ငင်း ပရိတ္တာဘာဘဝ၊
ငင်း အပ္ပမာဏာဘာဘဝ၊
ငင်း အာဘဿရာဘဝ၊
ငင်း ပရိတ္တာသုဘာဘဝ၊
ငင်း အပ္ပမာဏာသုဘာဘဝ၊
ငင်း သုဘကိဏှာဘဝ၊
ငင်း ဝေဟပ္ဖိုလ်ဘဝ၊
ငင်း အသညသတ်ဘဝ၊
ငင်း အဝိဟာဘဝ၊
ငင်း အတပ္ပါဘဝ၊
ငင်း သုဒဿာဘဝ၊

အသင်္ချေယျအနန္တမကသော သုဒဿီဘဝ၊
၎င်း အကနိဋ္ဌဘဝ၊
၎င်း အာကာသာနဉ္စာယတနဘဝ၊
၎င်း ဝိညာနဉ္စာယတနဘဝ၊
၎င်း အာကိဉ္စညာယတနဘဝ၊
၎င်း နေဝသညာနာသညာယတနဘဝ၊
၎င်း ဝိဇ္ဇာသုံးပါးရသောဘဝ၊
၎င်း အဘိညာဉ်ရသောဘဝ၊
၎င်း သမာပတ်ရသောဘဝ၊
၎င်း ဈာန်ကိုး ဈာန်ရသောဘဝ၊
၎င်း ပဋိသမ္ဘိဒါရသောဘဝ၊
၎င်း မဂ် ၄-ပါး ရသောဘဝ၊
၎င်း ဖိုလ်၄-ပါး ရသော ဘဝ၊
၎င်း နိဗ္ဗာန်ရသောဘဝ၊
၎င်း အပါယ်တံခါးပိတ်သောဘဝ၊
၎င်း ဆင်းရဲသံသရာ ပြတ်သောဘဝ၊
၎င်း ဘုံစဉ်စံရသောဘဝ၊
၎င်း သိဒ္ဓိ ၈-တန်ရသောဘဝ၊
၎င်း လှချင်တိုင်း လှသော ဘဝ၊
၎င်း ချောချင်တိုင်း ချောသောဘဝ၊
၎င်း ပေါချင်တိုင်း ပေါသော ဘဝ၊
၎င်း ဌေးချင်တိုင်း ဌေးသောဘဝ၊
၎င်း ဧချင်တိုင်း ဧသောဘဝ၊

အသင်္ချေယျအနန္တမကသော တိုးချင်တိုင်း တိုးသောဘဝ၊
၎င်း တက်ချင်တိုင်း တက်သောဘဝ၊
၎င်း မြင့်ချင်တိုင်း မြင့်သောဘဝ၊
၎င်း ကြွယ်ဝချင်တိုင်း ကြွယ်ဝသော ဘဝ၊
၎င်း ကမ္ဘာ့သခင်ဘဝ၊
၎င်း ကမ္ဘာ့ဘုရင်ဘဝ၊
၎င်း ကမ္ဘာ့အရှင်ဘဝ၊
၎င်း ထာဝစဉ် ရွှေမိုး ငွေမိုးရွာ ဘဝ၊
၎င်း ထာဝစဉ် ရွှေအိုးငွေအိုးပေါ် ဘဝ၊
၎င်း ထာဝစဉ် ရွှေတောင် ငွေတောင် ပေါက်ဘဝ၊
၎င်း ထာဝစဉ် ရွှေပဒေသာငွေပဒေသာ ရောက်၊
၎င်း ထာဝစဉ် အစိန္တေယျအကျိုး၊
၎င်း ၎င်း အပ္ပမေယျ အကျိုး၊
၎င်း ၎င်း အသင်္ချေယျအကျိုး၊
၎င်း ၎င်း အနန္တ အကျိုး၊
၎င်း ၎င်း အပရိမာဏအကျိုး၊
၎င်း ၎င်း အပရိစ္ဆိန္နအကျိုး၊
၎င်း မဟာအာနုဘာဝ အကျိုး၊

ဤအကျိုးပြ သာဓက တို့ကို ၃၃ ဆင့် ဒုတိယတွဲ ဆုံးကာနီး၌၎င်း၊ ဤကျမ်းတွင် တနေရာ၌၎င်း၊ သာဓက

ပြ၍ ထားပါသည်။ ဤနေရာနှင့် ယှဉ်တွဲ ကြည့်ကြပါကုန်။

**၁၀၃။ ဝိပဿနာက ပြာချခြင်းခံရသော ဝဋ် ၃-ပါး**

| ကိလေသဝဋ် | ကမ္မဝဋ် | ဝိပါကဝဋ် | ဘုံနယ် |
|---|---|---|---|
| ဒိဋ္ဌိဝိစိ ၂-ပါး | ဒုစရိုက် ၁၀-ပါး | ခန္ဓာငါးပါး | အပါယ်ဘုံ |
| ကာမတဏှာ | ဒါန,သီလ,သမထ, | ခန္ဓာငါးပါး | လူ့ဘုံ,နတ်ဘုံ |
| ရူပ အရူပတဏှာ | သမာပတ် ၈-ပါး | ခန္ဓာ ၅-၄-ပါး | ဗြဟ္မာ-၂၀ |

အပါယ်ဘုံသားတို့၏ ကိလေသဝဋ်ကား သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ၂-ပါးတည်း။ ကမ္မဝဋ်ကား ဒုစရိုက်ဆယ်ပါး ပင်တည်း။ဝိပါကဝဋ်ကား အပါယ်ခန္ဓာ ၅-ပါး ပင်တည်း။ ၎င်း ဝဋ် ၃-ပါးကို ဝိပဿနာ ဓာတ်တရားဖြင့် ပထမဦးစွာ သတ်သည်၊ ပြာချသည်။ အဲဒါ-ပထမအောင်ပွဲကြီး ရခြင်းပင်တည်း။

ကာမသုဂတိ လူနတ်တို့၏ ကိလေသဝဋ်ကား ကာမတဏှာတည်း။ကမ္မဝဋ်ကား ဒါန,သီလ,သမထ ပင်တည်း။ ဝိပါကဝဋ်ကား လူနတ်တို့၏ ခန္ဓာငါးပါးတည်း။ ၎င်း ဝဋ်သုံးပါးကို ဝိပဿနာဖြင့် ဒုတိယ သတ်ဖြတ်သည်။ အောင်ပွဲရသည်။

ရူပ အရူပဘုံ ဆိုင်ရာ ဗြဟ္မာတို့၏ ကိလေသဝဋ်ကား ရူပတဏှာ၊ အရူပတဏှာတည်း။ ကမ္မဝဋ်ကား သမာပတ် ၈ပါးတည်း။ ဝိပါကဝဋ်ကား ရူပအရူပ ခန္ဓာပင်တည်း။ ၎င်း ဝဋ် ၃-ပါးကို ဝိပဿနာဖြင့် သတ်ဖြတ်သည်၊ပြာချသည်၊ အောင်ပွဲကြီး ရသည်။

### ၁၇၄။ သံသရာသုံးသွယ် ဝဋ် ၃-ပါးကို ဝိပဿနာက ပြာချ၏

| | | | |
|---|---|---|---|
| အောက်သံသရာ | ဒိဋ္ဌိ၊ ဝိစိ၊ သီလဗ္ဗတ၊ | ဒုစရိုက် | ခန္ဓာ |
| အလယ်သံသရာ | ၎င်း ၃-ပါး | ဒါ၊ သီ၊ ထ၊ | ခန္ဓာ |
| အထက်သံသရာ | ၎င်း ၃-ပါး | သမာပတ် ၈-ပါး | ခန္ဓာ |
| သံသရာသုံးသွယ် | ကိလေသဝဋ် | ကမ္မဝဋ် | ဝိပါကဝဋ် |

အောက်သံသရာ၌ ကိလေသ ဝဋ်ကား ဒိဋ္ဌိ၊ ဝိစိ၊ သီလဗ္ဗတပရာမာသ ၃-ပါး တည်း။ ကမ္မဝဋ်ကား ဒုစရိုက် ၁၀-ပါးတည်း။ ဝိပါကဝဋ်ကား အပါယ်ခန္ဓာ တည်း။

အလယ်သံသရာ၏ ကိလေသဝဋ်ကား ဒိဋ္ဌိ၊ ဝိစိ၊ သီလဗ္ဗတပရာမာသ ၃-ပါးတည်း။ ကမ္မဝဋ်ကား ဒါန၊ သီလ၊ သမထ တည်း။ ဝိပါကဝဋ်ကား လူ့ခန္ဓာ၊ နတ်ခန္ဓာတည်း။

အထက် သံသရာ၏ ကိလေသ ဝဋ်ကား ဒိဋ္ဌိ၊ ဝိစိ သီလဗ္ဗတ ပရာမာသ တည်း။ ကမ္မဝဋ်ကား သမာပတ် ၈-ပါးတည်း။ ဝိပါကဝဋ်ကား ဗြဟ္မာ့ခန္ဓာတည်း။

၎င်းဝဋ် ၃-ပါး သံသရာသုံးသွယ်ကို ဝိပဿနာကသာ သတ်နိုင် ဖြတ်နိုင် ပြာချနိုင်ပေသည်။ ထို့ကြောင့် ဝဋ္ဋမူလံ ဗုဒ္ဓုပ္ပါဒေါ ဟု အဋ္ဌကထာ၌ ဖွင့်ခဲ့လေသည်။

### ၁၇၅။ ပပဉ္စတရား ၃-ပါးနှင့် သံသရာ ၃-သွယ်ကို ပြာချပုံ

| | | | |
|---|---|---|---|
| အောက်သံသရာ | ဏှာ-မာ-ဒိ ၃ | ဒုစရိုက် | ခန္ဓာ |
| အလယ်သံသရာ | ဏှာ-မာ-ဒိ ၃ | ဒါ၊ သီ၊ ထ | ခန္ဓာ |

| | | | |
|---|---|---|---|
| အထက်သံသရာ | ဏှာ-မာ-ဒိ ၃ | သမာပတ် | ခန္ဓာ |
| သံသရာနယ် | ကိလေသဝဋ္ဋ | ကမ္မဝဋ္ဋ | ဝိပါကဝဋ္ဋ |

အောက်သံသရာ၏ ကိလေသဝဋ္ဋကား-တဏှာ,မာန, ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားသုံးပါးတည်း။ကမ္မဝဋ္ဋကား-ဒုစရိုက် ၁၀-ပါးတည်း။ ဝိပါကဝဋ္ဋကား အပါယ် ခန္ဓာတည်း။

အလယ်သံသရာ၏ ကိလေသဝဋ္ဋကား တဏှာ,မာန, ဒိဋ္ဌိ ပပဉ္စ ၃-ပါးတည်း။ ကမ္မဝဋ္ဋကား ဒါန, သီလ, သမထတည်း။ ဝိပါက ဝဋ္ဋကား-အပါယ် ခန္ဓာတည်း။

အထက်သံသရာ၏ ကိလေသဝဋ္ဋကား တဏှာ,မာန, ဒိဋ္ဌိ ပပဉ္စ ၃-ပါး တည်း။ကမ္မဝဋ္ဋကား-သမာပတ် ၈-ပါး တည်း။ဝိပါကဝဋ္ဋကား ဗြဟ္မာ့ခန္ဓာတည်း။

ဤသို့သော သံသရာသုံးသွယ်၊ ပပဉ္စတရား၃-ပါး၊ဝဋ် ၃-ပါးကို ဝိပဿနာဖြင့်သာလျှင် သတ်နိုင်၊ဖြတ်နိုင်၊ ပြာချ နိုင်ပါသည်။ နိဗ္ဗာန်တို့,ဖိုလ်တို့, မဂ်တို့ဟာ ဝိပဿနာ ကြောင့်သာ ဖြစ်ပေါ်လာရပါသည်။

### ၁၈၆။ ထွက်မြောက်ခြင်းနေကွမကြီး ငါးပါး

ပဗ္ဗဇ္ဇံ ပဌမဇ္ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမန္တိ ပဝုစ္စရေ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ၁၂၃-နံ၊ ၂၉-ငေး၊ ဇံ-မူ။

ပဗ္ဗဇ္ဇံ၊ အကုသိုလ်ယုတ် နှင်ကာထုတ်တတ်သော ရှင် ရဟန်းတို့၏ အလုပ်ကိစ္စနှင့် ရှင်ရဟန်း ပြုခြင်းဝုင်း။ ပဌ မဇ္ဈာနံ၊ ကာမဂုဏ် ငါးပါးမှ ဝိက္ခမ္ဘနပဟာန်ဖြင့် ထွက်

မြောက်နေသော ပထမစျာန်ဂုဏ်။ နိဗ္ဗာနဥ္စ၊ သုံးဆဲ့တဘုံမှ လွတ်မြောက်ခြင်း လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်ဂုဏ်။ ဝိပဿနာ၊ ပညတ်နယ်, ဗိဋ္ဌိဝိစိ နယ်မှ ပထမဦးစွာလွတ်မြောက်စေတတ်သော ဝိပဿနာ တရားဂုဏ်။ သဗ္ဗေဝိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကုသ လာ ဓမ္မာ၊ ကုသိုယ် တရားတို့ဂုဏ်။ ဣမေပဥ္စ၊ ဤငါးပါး တို့ကို။ နေက္ခမန္တိ၊ ထွက်မြောက်စေတတ်သော တရားတို့ ဟူ၍။ ပဝုစ္စရေ၊ မိန့်ဆိုအပ်ကုန်၏။

ထွက်မြောက် စေတတ်သော တရား များကား- ရှင် ရဟန်းပြုခြင်း၊ ပဌမစျာန်၊နိဗ္ဗာန်၊ ဝိပဿနာ၊ ကုသိုလ်၊ အားလုံး ဤငါးပါးတို့ကည်း။

### ၁၇၇။ ဝိပဿနာဖြင့်သာ သင်္ခတ လက္ခဏာကို တွေ့နိုင်သည်

တိဏ်ိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခ ဏာနိ၊ ကတမာနိ တိဏ်ိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာ ယတိ၊ ဣမာနိ ခေါ ဘိက္ခဝေ တိဏ်ိ သင်္ခတဿ သင်္ခတ လက္ခဏာနိ။

တိက အင်္ဂုတ္တိုရ်ပါဠိတော်၊ ၁၂၃-နံ။

ဥပါဒ်,ဌီ, ဘင်ဆိုတဲ့ခဏငယ် ၃-ချက်တည်း၊ ၂-ပါး တွေ့ရ၏။

## ၁၀၀။ ဝိပဿနာ ဖြင့်သာ အသင်္ခတ လက္ခဏာကို တွေ့နိုင်သည်

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတ လက္ခဏာနိ။ ကတမာနိ တီဏိ၊ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတ လက္ခဏာနိ။

တိက အင်္ဂုတ္တိုရ်ပါဠိတော်၊ ၁၂၃-နံ။

မဖြစ်ခြင်း, မတည်ခြင်း, မပျက်ခြင်း သင်္ခတသဘော ၃-ပါးမှ ကင်းခြင်းကို အသင်္ခတ ခေါ်ပါသည်။ နိဗ္ဗာန်ဟာ ဖြစ်ခြင်းမရှိ၊ ပျက်ခြင်းမရှိပါ။

**ရေးနေလျှင် ဗုဒ္ဓဗျာဒိတ်တော် ဆုံးအံ့မထင်ပါ။**

# ဝိပဿနာအကျိုး ထိပ်ကမိုး

## နှလုံးဘော့် ဂမုန်းဆေး

၁၇၉။

| | | | |
|---|---|---|---|
| ကာမာဝစရ ကုသိုလ် | ရူပါဝစရ ကုသိုလ် | အရူပါဝစရ ကုသိုလ် | ဝိပဿနာ လောကုတ္တရာ ကုသိုလ် |
| လဟုကံ ပညတ်နယ် | မဟာဂရုကံ ပညတ်နယ် | မဟာဂရုကံ ပညတ်နယ် | အတိမဟာ ဂရုကံ ပရမတ်နယ် |
| ကာမ ကုသိုလ် | မဟဂ္ဂုတ် ကုသိုလ် | မဟဂ္ဂုတ် ကုသိုလ် | လောကုတ္တရာ ကုသိုလ် |

ဂရုကံဆိုတာ ဘယ်ကံကမှ ဝင်ပြီး မတားနိုင်၊အကျိုး မပေးနိုင်၊မိမိကသာ မုချအကျိုးပေးသည်။

ဂရုကန္တိ မဟာသာဝဇ္ဇံ၊ မဟာနုဘာဝဇ္ဇ၊အညေန
ကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျကမ္မံ။

ဋီကာကျော် ဘုံပိုင်း ၁၂၉-နံ့၊ ၃-ငေး၊ ဇံ-မူ။

ဂရုကန္တိ၊ ဂရုကံမျိုး၊ မဟာဂရုကံမျိုး၊ အတိမဟာ ဂရုကံမျိုး မည်သည်ကား။ မဟာသာဝဇ္ဇ၊ ပဉ္စာနန္တရိယ ကံ ၅-ပါး၊ နိယတ မိစ္ဆာ ဒိဋ္ဌိ ကဲ့သို့ အပြစ် ကြီးလေး လှသော အကုသိုလ်ကံမျိုးတည်း။ (စ) ထိုမှတပါး မဟာ နုဘာဝံ၊ မဟဂ္ဂုတ်ကံ လောကုတ္တရာကံကဲ့သို့ အာနုဘော် ရှိလှသော ကံမျိုးတည်း။ အညေနကမ္မေန၊ တပါးသော ကံသည်။ ပဋိဗာဟိတုံ၊ ဝင်ရောက် တားမြစ် ခြင်းငှါ။ အသက္ကုဏေယျကမ္မံ၊ မတတ်နိုင်သော ကံမျိုးတည်း။ ။

(ဤကားအနက်။)

**အဓိပ္ပါယ်ကား**-အကုသိုလ်ဘက်က ဆိုလျှင် ပဥ္စာနန္တရိယကံကြီးငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိကံကြီး ၁-ပါးကို ဂရုကံဟုဆိုသည်။ ကုသိုလ် ဘက်ကတော့ ရူပမဟဂ္ဂုတ်ကံ ၅-ပါး၊ အရူပ မဟဂ္ဂုတ်ကံ ၄-ပါး၊ လောကုတ္တရာ ကံ ၁၆-ပါးကို ဂရုကံဟု ဆိုပါသည်။

၎င်း ဂရုကံများ ရှိ၍နေပါလျှင် အဘယ် ကံမျိုး ကမှ ဝင်ရောက်၍ အကျိုး ပေးခွင့်မရပါ၊ သူကသာ ပဋိသန္ဓေ အကျိုးကို ပေး၍ ခေါင်းဆောင်ပြု၍ သွားပါ လိမ့်မည်။ ယခု ပွဲများကြဲသော ယောဂီ များမှာ ပရမတ်နယ် ဝိပဿနာနယ်က အတိမဟာ ဂရုကကံကြီး အမြင့်ဆုံးကို ရရှိနေဒါမှ သေတာနှင့် တချက်ထဲ နတ်ပြည် ရောက်ဘို့၊ မဂ်ရဘို့ ဖိုလ်ရဘို့၊ နိဗ္ဗာန် မျက်မှောက် ပြုဘို့ရန် သေချာ၍ နေပါတော့သည်။

စတုက အင်္ဂုတ္တိုရ်ပါဠိတော် ၄၂၂-နံ၊ ၃-ငံး၊ ဟံမှု၌ ဘုရားရှင်ကြီး ဟောပြောလျက် ဗျာဒိတ်တော် ပေးခဲ့သော တသတတ္တ သုခိနော ဓမ္မဒါနိ ပလဝ ဏ္ဏ ဒန္တောဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါသောသတ္တော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ၊ ပါဠိနှင့် လုံးဝ ကိုက်ညီလှပေသတည်း။

ဂရုကံ မဟာဂရုကံ အတိမဟာဂရုကံတို့ကား ဒုတိယ ဘဝ၌ မုချအကျိုးပေးနိုင်ပုံကို ဖွင့်ပြခဲ့သည်ကား-

ဂရုကာ ဂရုကေသု ယံဂရုကံ မာတု ဃာတကာဒိ
ကမ္မံဝါ မဟဂ္ဂတကမ္မံဝါ တဒေဝ ပဌမံ ဝိပစ္စတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-ဒု၊ ၂၀၈-နံ၊ ၁-ငံး၊ သု-မှု။

ဂရုကာဂရုကေသု၊ ဂရုကံ လဟုကံတို့တွင်။ ယံဂရုကံ၊ အကြင် ဂရုကံသည်။ အတ္ထိ၊ ရှိ၏။ မာတုဃာတကာဒိ ကမ္မံဝါ၊ အမိ သတ်ခြင်း အစရှိသော ပဉ္စာနန္တရိယ ကံသည်၎င်း။မဟဂ္ဂတကမ္မံဝါ၊ရူပအရူပစသောမဟဂ္ဂုတ် လောကုတ္တရာကံသည်၎င်း။ တဒေဝ၊ထိုဂရုကကံ ၃–မျိုး သည်သာလျှင်။ ပဌမံ၊ လက်မွန် ရှေးဦးစွာ။ ဝိပစ္စတိ၊ အကျိုးပေးတော့၏။

ဤ ပြခဲ့သော ပါဠိ ၃–ပုဒ်နှင့် ဉာဏစာဂီတာဏ်တိုက် ကြီးတွင် ပြထားသော ပါဠိ သာဂေ သက်သေပေါင်း (၁၅၇) ပုဒ်တို့ကို မြင်သိ၍ ယောဂီများ အားထုတ်သော ဝိပဿနာကား (ဝိပဿနာအကျိုး ထိပ်ကမိုး)သာ ဖြစ်၍ သေတာနှင့် နတ်ပြည်ကေန် မင်္ဂကေန် ဖိုလ်ကေန် နိဗ္ဗာန် ကေန် ရရှိတော့မည့် အရေးကို တွေးမိတိုင်း စိတ်ဇေ လက်ဇေ ဟာဒယ၌ ရွှင်ဆေးကြီး အဖြစ်ဖြင့်၎င်း နှလုံး ကြေအောင် ဂမုံးဆေး အဖြစ်ဖြင့်၎င်း လေးလေး စားစား အတွေး များများနှင့် ရေးသားနိုးဆော်ကြော်ငြာ ရပေ သတည်း။ စာသားနှင့် ဆက်၍ ကြည့်ကြပါဦး။

### ၁၉၀–ကမ္ဘာမှာ အဆင့် အတန်းကြီး ၅၆–တန်း၌ လူးလူ့လူ ၃–စားရွေးချယ်၍ နေကြပါရန်

၁။ ငရဲ(၈)ထပ် (၁၂၈)ထပ်တို့ဟာ လူးနေတန်းပါဘဲ၊

၂။ တိရစ္ဆာန်၊ကုန်း–ဇ–ကုဋ္ဌေ၊ရေ–ဆယ်ကုဋ္ဌေ၊လူးနေ တန်းပါဘဲ၊

၃။ ပြိတ္တာ ၂၂-မျိုးတို့လဲ လူးနေတုန်ပါးဘဲ၊
၄။ အသူရကာယ် တွေ့ဟာလဲ လူးနေတုန်းပါဘဲ၊
၁။ ဒါန သက်သက် လူ့ကြွတုန်း မလူနိုင်သေးပါ၊
၂။ သီလ သက်သက် လူ့ကြွတုန်း မလူနိုင်သေးပါ၊
၃။ သမထ သက်သက် လူ့ကြွတုန်း မလူနိုင်သေးပါ၊
၄။ သုစရိုက် သက်သက် ။ ။
၅။ ပုညကြိယာ ။ ။ ။
၆။ ရသေ့ပြု ။ ။ ။
၇။ ရှင်ပြု ။ ။ ။
၈။ ရဟန်းပြု ။ ။ ။
၉။ ရူတင်ဆောင် ။ ။ ။
၁၀။ ပိဋကတ်ဆောင် ။ ။ ။
၁၁။ စာပေပို့ချ ။ ။ ။
၁၂။ ဝိဇ္ဇာရသက်သက် လူ့ကြွဘုန်းပါ မလူနိုင်၊
၁၃။ အဘိညာဉ်ရ ။ ။ ။
၁၄။ သမာပတ်ရ ။ ။ ။
၁၅။ ပထမဈာန်ရ ။ ။ ။
၁၆။ ဒုတိယဈာန်ရ ။ ။ ။
၁၇။ တတိယဈာန်ရ ။ ။ ။
၁၈။ စတုတ္ထဈာန်ရ ။ ။ ။
၁၉။ ပဉ္စမဈာန်ရ ။ ။ ။
၂၀။ အာကာသာဈာန်ရ ။ ။ ။
၂၁။ ဝိညာဏာဈာန်ရ ။ ။ ။

၂၂။ အာကိဉ္စညာစျာန်ရ ။ ။ ။
၂၃။ နေဝသညာစျာန်ရ ။ ။ ။
၂၄။ ပါရမီတွေရ သက်သက် လူ့ကြွတုန်းပါ မလူနိုင်၊
၂၅။ စရိယာတွေရ ။ ။ ။
၂၆။ ဝွန့်ခြင်းကြီးရ ။ ။ ။
၂၇။ ၇-သန္တာန် ကျင့်ခဲ့ရ ။ ။ ။
၂၈။ ၉-သန္တာန် ကျင့်ခဲ့ရ ။ ။ ။
၂၉။ ၄-သန္တာန် ကျင့်ခဲ့ရ ။ ။ ။
၃၀။ ကမ္ဘာ့တသိန်း ကျင့်ခဲ့ရ ။ ။
၃၁။ ဗျာဒိတ်ရ ။ ။ ။
၃၂။ မေတ္တာစျာန်ရ ။ ။ ။
၃၃။ ကရုဏာစျာန်ရ ။ ။ ။
၃၄။ မုဒိတာစျန်ရ ။ ။ ။
၃၅။ ဥပေက္ခာစျာန်ရ သက်သက် လူ့ကြွတုန်း မလူနိုင်၊
ပညတ်နယ် ၃၉-ဆင့် လူးနှင့်လူ့အတန်းပြီး၏။

## လူဖြစ်၍ လူနိုင်ပုံမှာ

၁။ နာမရူပပရိစ္ဆေဒဉာဏ်ရလူ၍သွားနိုင်ပြီနိဗ္ဗာန်အထိ
၂။ ပစ္စယပရိဂ္ဂဟဉာဏ်ရ ။ ။ ။
၃။ သမ္မသနဉာဏ်ရ ။ ။ ။
၄။ ဥဒယဗ္ဗယဉာဏ်ရ ။ ။ ။
၅။ ဘင်ဉာဏ်ရ ။ ။ ။
၆။ ဘယဉာဏ်ရ ။ ။ ။

| | | | |
|---|---|---|---|
| ၇။ အာဒိနဝဉာဏ်ရ | လူ၍ သွားနိုင်ပြီ | နိဗ္ဗာန်အထိ | |
| ၈။ နိဗ္ဗိန္ဒ ဉာဏ်ရ | ။ | ။ | ။ |
| ၉။ မုစ္စိတုကမျတာဉာဏ်ရ | ။ | ။ | ။ |
| ၁၀။ ပဋိသင်္ခါဉာဏ်ရ | ။ | ။ | ။ |
| ၁၁။ သင်္ခါရုပေက္ခာဉာဏ်ရ | ။ | ။ | ။ |
| ၁၂။ အနုလောမဉာဏ်ရ | ။ | ။ | ။ |
| ၁၃။ ဂေါတြဘူဉာဏ်ရ | ။ | ။ | ။ |
| ၁၄။ မဂ် ဉာဏ်ရ | ။ | ။ | ။ |
| ၁၅။ ဖိုလ် ဉာဏ်ရ | ။ | ။ | ။ |
| ၁၆။ ပစ္စဝေက္ခဏာ ဉာဏ်ရ | ။ | ။ | ။ |

၁၇။ အသင်္ခတ နိဗ္ဗန်ရ လူ၍ သွားနိုင်ပါပြီ၊နိဗ္ဗာန်ထိရပြီ။

ဘုရားကြီးကလဲ သာသနာငါးထောင်ထားခဲ့ပါတယ်၊ သင်တို့လဲ သာသနာနှင့်ကြုံ၍ နေပါပြီ။ဒါတောင်မှ လူးထဲမှာဘဲ နေကြတော့မှာလား။လူ့နှင့်ချည်း ကမ္ဘာတွေဖြုန်းကြတော့မှာလား။ လူနှင့်သွားရန် သင့်ကို ဘယ်သူက ညွှန်ကြားနေသလဲ၊ လူနှင့် မသွားပါနှင့်ဟု ဘယ်သူက တားဆီးနေပါသလဲ။ {**သတိ**}

၁၉၁။

(က) သီလက္ခန့်ပါဠိတော် ၅၇-နံ၊ ၃၀-ငါး၊ဧ-မှု၌။ (၁) အရိယသီလ။ (၂) ၎င်း ဣန္ဒြိယ။ (၃) ၎င်း သတိ။ (၄) ၎င်း ပညာ။ (၅) သန္တုဋ္ဌိ။ (၆) ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ဟူ၍ တက်စဉ်ကိုပြခဲ့ပါသည်။ဝိပဿနာကား အထက်တန်း၌ နေပုံတည်း။

(ခ) သိလက္ခန်ပါဠိတော် ၁၆၀-နံ၊ ၂၆-ငံး၊ ဖံ-မှု၌ အရိယာသီလ၊အရိယာသမာဓိ၊ အရိယာပညာ ဟု ဝိပဿနာကို အထက်တန်း၌ ထားခဲ့ပါသည်။ တက်ကြပါ။

(ဂ) သိလက္ခန်ပါဠိတော် ၁၆၁-နံ၊ ၁၉-ငံး၊ဖံ-မှု၌။ အရိယာသီလ၊ ဣန္ဒြိယ၊ သန္တုဋ္ဌိ ဟု ဝိပဿနာကိုပင် အမြင့်ဆုံး၌ တင်ထားခဲ့ပါသည်။ တက်ကြပါတော့။

(ဃ) သိလက္ခန်ပါဠိတော် ၁၆၃-နံ၊ ၂၉-ငံး၊ဖံ-မှု၌ သီလ၊ဣန္ဒြိယ၊သတိ၊ သန္တုဋ္ဌိ ဟု ဝိပဿနာကို ထိပ်ဆုံး၌ တင်ခဲ့ပါ၍ ဘုရားသား မှန်လျှင် တက်ကြပါ။

(င) သိလက္ခန်ပါဠိတော် ၁၆၄-နံ၊ ၃-ငံး၊ ဖံ-မှု၌။ အရိယာသမာဓိ၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ဝိပဿနာဟု အမြင့်ဆုံး၌ ထားပြပါသည်။ ငါတို့မှ မတက်လျှင် ဘယ်သူလာ၍ တက်ကြတော့မှာလဲ။

**သေသေချာချာကြည့်စမ်းပါ၊အဆင့်ဆင့်နေပုံမှာ**

| | |
|---|---|
| ၁။ သီလကြီး ၄-ပါး | ၆။ ဈာန်ကိုးဈာန် အဆင့်ဆင့် |
| ၂။ ဣန္ဒြိယ သံဝရ ၆-ပါး | ၇။ အဘိညာဉ် ကံငါးဆင့် |
| ၃။ သတိသမ္ပဇဉ်များ | ၈။ သမာပတ်ရှစ်ဆင့် |
| ၄။ သန္တုဋ္ဌိများ | ၉။ ဝိပဿနာ ၁၆ |
| ၅။ သမာဓိအစားစား | အမြင့်ဆုံးက ပါဘဲ။ |

အဲဒါလို ဘုရားက အဆင့်ဆင့်ထားခဲ့တာများ သင့်ကို အောက်ဆုံးက နေစေချင်လို့လား။ အောက်အဆင့်တွင် ကျေနပ်၍နေသူများကို အသိဉာဏ်ပေးပြီး အထက်တန်းသို့ အပါယ် တံခါးပိတ်ပြီး ဆင်းရဲပြတ်၍ ရောက်စေဖို့ဘဲ မဟုတ်ပါလား။

## ၁၉၂။ မဟာဝေဠာမ ပုဏ္ဏားကြီး ဒါနမျိုး

နဝနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဝေလာမသုတ်၊ ၁၇၃-နံ၊ ၉-ငါး၊ ဟံ-မှု၌။

၁။ ဝေလာမ ပုဏ္ဏားကြီး၏ မဟာဒါနကြီး အလှူကော်ကြီး။

၂။ ၎င်းထက် သောတာပန် တပါးကို ဆွမ်းကျွေးတာက သာလွန်၏။

၃။ သောတာပန်တရာထက် သကဒါဂါမိ တဦးကို ကျွေးတာက သာလွန်၏။

၄။ သကဒါဂါမိ တရာထက် အနာဂါမိ တဦးကို ကျွေးမွေးတာက သာလွန်၏။

၅။ အနာဂါမိတရာထက်ရဟန္တာတပါးကိုကျွေးမွေးတာက သာလွန်၏။

၆။ ရဟန္တာတရာထက် ပစ္စေကဗုဒ္ဓါတဆူကို ကျွေးမွေးရတာက သာလွန်၏။

၇။ ပစ္စေကဗုဒ္ဓါတရာထက် ဘုရားတဆူကို ကျွေးမွေးရတာက သာလွန်၏။

၈။ ၎င်းထက် ဘုရား အမှူးရှိသော သံဃာကို ကျွေးမွေး ရတာက သာလွန်၏။

၉။ ၎င်းထက် စတုဒိသာသံဃာ့ဘို့ကျောင်းဆောက်လှူတာက သာလွန်၏။

၁၀။ ၎င်းထက် သရဏဂုံ ဆောက်တည် ရတာက သာလွန်၏။

၁၁။ ၎င်းထက် ငါးပါးသီလ ဆောက်တည်ရတာက သာလွန်၏။

၁၂။ ၎င်းထက် နံ့သာတလိမ်းမျှ မေတ္တာဈာန်နှင့် နေခြင်းက သာလွန်၏။

၁၃။ ၎င်းထက်လက်ဖျစ်တတွက်ခန့်မျှအနိစ္စဝိပဿနာကို ပွားများရတာက သာလွန်တော့၏။

ဤနေရာ၌ (၁၂) နံပါတ်နှင့် (၁၃)နံပါတ်ကို ရှင်း၍ပြဦးအံ့။

ယောစအန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တာစိတ္တံ
ဘာဝေယျ ယောစ အစ္ဆရာ သံဃာတမတ္တမ္ပိ
အနိစ္စသညံ့ဘာဝေယျ ဣဒံတတော မဟပ္ဖလတရံ။

နဝ အင်္ဂုတ္တိုရ်ပါဠိတော်။မဟာဝေဠာမသုတ်။၁၇၄-နံ၊၁၂-ငံး၊ဟံ-မူ။

ယောစ၊ အကြင်သူသည်ကား။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နံ့သာတလိမ်းမျှလည်း။ မေတ္တာစိတ္တံ၊ မေတ္တာပွားများခြင်းကို။ ဘာဝေယျ၊ ပွားများရာ၏။ ယောစ၊အကြင်သူသည်ကား။ အစ္ဆရာသံဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက်ခန့်မျှ။ အနိစ္စသညံ့၊ မမြဲဘူးဟူသော အမှတ်ကို။ ဘာဝေယျ၊ ပွါးများရာ၏။ ဣဒံ၊ ဤလက်ဖျစ်တတွက်မျှ အနိစ္စဘာဝနာပွါးခြင်းသည်။ တတော၊ ထိုမေတ္တာပွါးများရသည်ထက်။မဟပ္ဖလတရံ၊ ကြီးကျယ်သော အကျိုးရှိလှပေသတည်း။

ဤပါဠိတော်၌ မေတ္တာ ပွါးများ နေသူထက် အနိစ္စပွါးများနေသူက အကျိုးကြီးကျယ်ကြောင်းကိုဟောပြရာ

မေတ္တာသည် သူ့လိုငါ့လို ကာမာဝစရ ကုသိုလ်ကံ လောက် ပို့သော မေတ္တာလော၊ သို့မဟုတ် ဈာန်ရပြီးမှ ပို့သော မေတ္တာပင်လော ဟု တွေးတောနေစရာရှိသဖြင့် မတွေးရအောင်ဟာ အင်္ဂုတ္တိုရ်အဋ္ဌကထာဆရာက—

> မေတ္တာစိတ္တေန သဗ္ဗသတ္တာနံ ဟိတာနုဖရဏစိတ္တံ။
> တမ္ပန အပ္ပနာဝသေနေဝ ဂဟိတံ။

နဝနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဝေလာမသုတ်။ ၂၃၂-နံ၊ ၂၈-င်း၊ ဇုံ့မှု။

မေတ္တာစိတ္တေန၊ ဟူသည်ကား။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့အား။ ဟိတာနုဖရဏစိတ္တံ၊ အစီးအပွါး ဖြစ်စေရန် ဖြန့်နှံ့သောစိတ်ပင်တည်း။ တံပန၊ ထိုမေတ္တာစိတ်သည်ကား။ အပ္ပနာဝသေနေဝ၊ ဈာန်အပ္ပနာ၏အစွမ်းအားဖြင့်သာလျှင်။ ဂဟိတံ၊ ယူအပ်၏။ ဈာန်နှင့်ယှဉ်သော မေတ္တာဘာဝနာကို ပွားများလျက် နေသောသူထက် အနိစ္စသညာဝိပဿနာကို အားထုတ်သောသူကအကျိုးပေးကြီးကျယ်ပုံကို မြတ်စွာဘုရားဟောခဲ့ပါသည်။ (၁) ကစ၍ (၁၂) အထိ မဟာကုသိုလ်ကြီးတို့ကား လဟုကံဘဲဖြစ်ဖြစ်၊ ဂရုကံဘဲဖြစ်ဖြစ်၊ ပညတ် နယ်ကဖြစ်၍နေတာမို့ အပါယ်တံခါးလဲ မပိတ်သေးပါ။ဆင်းရဲသံသရာလဲ မပြတ်သေးပါ။ဘုံစဉ်စံဘဝကိုလဲမရသေးပါ။ ဝိပဿနာတရားမှုကား ပရမတ် နယ်ကမို့ အပါယ်တံခါးလဲပိတ်၏။ ဆင်းရဲသံသရာလဲ ပြတ်၏။ ဘုံစဉ်စံဘဝကို ယူလျှင်လဲ ရနိုင်ပါ၏။ ဒါကြောင့် ယခုလူများ

နိဗ္ဗာန်အထိ ဖြေမြဲမြဲ ရွှင်ရွှင်ပြုံးပြုံးနှင့် ဘုံစဉ်စံဘဝရအောင် ဟာ ရေးသားသတိပေးရပါသတည်း။

၁၉၃။ ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာ ဝိဘင်
သုတ်တော်၊ ၂၇၇-နံ့။ ၂၁-ခင်း၊ -ဟံမှ။

**အလှူခံတကျိပ် လေးယောက်**

(၁) မြတ်စွာဘုရားအား ပေးလှူခြင်း။ (၂) ပစ္စေကဗုဒ္ဓါအား ပေးလှူခြင်း။ (၃) ရဟန္တာအား ပေးလှူခြင်း၊ (၄) အရဟတ္တဖလ သစ္ဆိကိရိယာယ ပဋိပန္န ပုဂ္ဂိုလ်အား ပေးလှူခြင်း။ (၅) အနာဂါမ်အား လှူခြင်း။ (၆) အနာဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္န ပုဂ္ဂိုလ်အား လှူခြင်း။ (၇) သကဒါဂါမ်အား လှူခြင်း။ (၈) သကဒါဂါမိဖလ သစ္ဆိကိရိယာယ ပဋိပန္န ပုဂ္ဂိုလ်အား လှူခြင်း။ (၉) သောတာပန်အားလှူခြင်း။ (၁၀) သောတာပန္နဖလ သစ္ဆိကိရိယာယ ပဋိပန္န ပုဂ္ဂိုလ်အား လှူခြင်း။ (၁၁) ဈာန်ရ ရသေ့အား လှူခြင်း။ (၁၂) ပုထုဇဉ် သီလဝန္တအား လှူခြင်း။ (၁၃) ပုထုဇဉ် ဒုဿီလအား လှူခြင်း။ (၁၄) တိရစ္ဆာန်တို့အား လှူခြင်း။

ဘုရား, ပစ္စေကာ၊ ဖိုလ်လေးဖြာ၊ ပဋိပန္နာလေး။
ဒု,သု, နှစ်တန်၊ တိရစ္ဆာန်၊ ဈာန်ပျံရသေ့ဧ။
ကျမ်းမြတ်သုတ္တန်၊ ခွဲဝေဘန်၊ လှူခံတကျိပ်လေး။
ဥပရိပဏ်၊ ဒက္ခိဏာံ၊ အမှန်ဟောခဲ့သေး။

၁။ တိရစ္ဆာန် များအား လှူမှု-တပါး လျှင်, အကျိုး တရာစီရ၏။

၂။ ပုထုဇဉ် ဒုဿီလအား လှူမှု, အကျိုး တထောင်
စီ ရ၏။

၃။ ပုထုဇဉ် သီလဝန္တအား လှူမှု, အကျိုး တသိန်း
စီရ၏။

၄။ ဈာန်ရ ရသေ့အား လှူမှု,ကုဋေတသိန်းစီ ရ၏။

၅။ သောတာပတ္တိသန္တိ ကိရိယအားလှူမှု,အသင်္ချေရ။

၆။ သောတာပန်အားလှူမှု,အသင်္ချေ တရာမက ရ၏။

၇။ သကဒါဂါမိ သန္တိ ကိရိယအား လှူမှု, အသင်္ချေ
တထောင်မက ရ၏။

၈။ သကဒါဂါမ်အားလှူမှု အသင်္ချေ တသောင်းမက
ရ၏။

၉။ အနာဂါမိဖလ သန္တိ ကိရိယအားလှူမှု, အသင်္ချေ
တသိန်းမက ရ၏။

၁၀။ အနာဂါမ်အားလှူမှု,အသင်္ချေ တသန်းမက ရ၏။

၁၁။ အရဟတ္တ ဖလသန္တိ ကိရိယအားလှူမှု, အသင်္ချေ
တကုဋေမက ရ၏။

၁၂။ ရဟန္တာအားလှူမှု, အသင်္ချေ ပကောဋိမက ရ၏။

၁၃။ ပစ္စေကဗုဒ္ဓါအားလှူမှု,အသင်္ချေ ကောဋိပ္ပကောဋိ
မက ရ၏။

၁၄။ မြတ်စွာဘုရားအားလှူမှု,အသင်္ချေပေါင်းအသင်္ချေ
မက ရ၏။

ဂုဏ်းထက် ဗုဒ္ဓ ပမုခသံဃာအား လှူခြင်း၊ ဂုဏ်းထက်
စတုဒ္ဒိသာ သံဃာဝိဟာရ ဆောက်၍ လှူခြင်း၊ ဂုဏ်းထက်

သရဏဂုံ ဆောက်တည်ခြင်း၊ ၎င်းထက် ပဉ္စသီလ ဂရုမြဲအဖြစ်မြဲခြင်း၊ ၎င်းထက် ဈာန်နှင့်ယှဉ်၍ မေတ္တာဘာဝနာ ပွါးများခြင်း၊ ၎င်းထက် အနိစ္စသညာ ဝိပဿနာကို ပွါးများခြင်း၊ ဤသို့လည်း ဝိပဿနာ တရသာလျှင် ဖြစ်ခဲ့ပြီးသော အကျိုးတို့ထက် ဖွံ့ဖြိုး၍ ထိပ်က မိုးလျက်သာ နေတော့၏။

၁-ကစ၍ မေတ္တာဈာန်အထိ ကုသိုလ်များကား လဟုကံနှင့် ဂရုကံများ ပဉ္စမတ်နယ်က ကံတို့တည်း။ ဝိပဿနာမူကား-မဟာ့ မဟာ ဂရုကကံကြီးတည်း ပရမတ်နယ်က ကံကြီးသာတည်း။ ဘုရား သာသနာတော်ကြီးနှင့် တွေ့ကြုံတုန်းမှာ ပရမတ်အထိတက်၍ ဝိပဿနာအထိ တန်းယူ၍၊ တသံသရာလုံး အပါယ် တံခါး ပိတ်ပြီး ဆင်းရဲ သံသရာ ပြတ်ပြီး ဘုံစဉ်စံ ဘဝရပြီးတော့ ဖြေမြဲမြဲ ရွှင်ရွှင်ပြုံပြုံ ဘဝင်ကျ၍ ပီတိ သောမနဿနှင့် သဘောကျ ခံစားပြီး သတ္တဝါတို့ကို ကယ်ဆယ်၍ နိဗ္ဗာန်အထိ တက်ရောက်နိုင်ကြပါရန် ကျမ်းဂန်မှထုတ်၍ မေတ္တာလက်ဆောင်ပေးအပ်ရပါတော့သတည်း။

၁၃၄။ (က) ဒါန၊ သီလ၊ သမထ၊ သုစရိုက်၊ ပုညကြိယာ၊ ရသေ့ပြု၊ ရှင်ပြု၊ ရဟန်းပြု၊ ရုတင်ဆောင်၊ ပိဋကတ်ဆောင်၊ စာပေပို့ချ၊ ပါရမီ၊ စရိယာ၊ စွန့်ခြင်းကြီး၊ ၇-သချေ်ကျင့်၊ ၉-သချေ်ကျင့်၊ ၄-သချေ်ကျင့်၊ ကမ္ဘာတသိန်းကျင့်၊ ဗျာဒိတ်ရ ဤ (၁၉) က ကမ္မဿကတ သမ္မာဒိဋ္ဌိ အောက်တန်းတည်း။

(ခ) ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသဈာန်၊ ဝိညာဏဈာန်၊ အာကိဉ္စ ညာဈာန်၊ နေဝသညာဈာန်၊ ဝိဇ္ဇာရ အဘိညဉ်ရ သမာပတ်ရ၊ သမထ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ (၁၅) ပါးတို့ကား ဈာနသမ္မာဒိဋ္ဌိတည်း။

(ဂ) နာမရူပ ပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ၊ သမ္မသန၊ ဥဒယဗ္ဗယ၊ဘင်၊ ဘယ၊အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ၊ဂေါတြဘူ၊ ၁၃-ပါးတို့ကား-ဝိပဿနာ သမ္မာဒိဋ္ဌိတည်း။

(ဃ) သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ၄-ပါးတို့ကား မဂ္ဂသမ္မာဒိဋ္ဌိပင်တည်း။

(င) သောတာပတ္တိဖိုလ်၊သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် နိဗ္ဗာန်ပါ ထည့်လျှင် ၅-ပါးကား ဖလသမ္မာဒိဋ္ဌိ ပင်တည်း။

ဤသမ္မာဒိဋ္ဌိငါးဆင့်ငါးတန်တို့တွင် သင်တို့ရောက်ခဲ့ရခဲ့ပြီးသောအဆင့်အတန်းကား အလွန်ဆုံး သတ္တိအကောင်းဆုံးမှာပင် (က) နှင့် (ခ) လောက်သာ တန်းရခဲ့ပါသည်။ သင်တို့ ဘယ်အခါမှ မရောက်ခဲ့ဘူးသေးသော အဆင့်အတန်းကား (ဂ) (ဃ) (င) အတန်းတို့သာတည်း၊ ယခုဘုရား သာသနာ တော်ကြီးနှင့် ကြုံနေတုန်းကမှ(ဂ) (ဃ) (င) အတန်းကို မရခဲ့ပါလျှင် အပါယ် လေးဘုံကား-သင်တို့အိမ်ပိုင်ပင် ဖြစ်ချေတော့မည်ကို ဝေးဝေးက စာဖြင့် သတိပေးရပါ သတည်း။

၁၉၅။
နဝ အင်္ဂုတ္တိုရ် ပါဠိတော်၊ ၁၇၀-နှာ၊ ၂၂-ဝင်း၊ ဟံ-မှ၌။

## ကျက်ထားရန်လင်္ကာ

ထကြွတမျိုး၊ ရှိခိုးတထွေ၊ နေရာကိုပေး၊ လှူရေးတခြား၊ တရားကိုနာ၊ နားပိုက်ကာနှင့်၊ နှုတ်မှာ ဆောင်ထား၊ စဉ်းစားကျင့်ကြံ၊ ဤကိုးတန်လိုက်ရန်အတုတည်း။

### နတ်ပြည်၌ နတ်အစုကိုးပါး အဆင့်ဆင့်ရှိနေပုံ

| | | |
|---|---|---|
| ၁။ | ထကြွတမျိုး | ၁–တန်ခိုး အရောင်အဝါ ပါ အောက်တန်းကျတဲ့ နတ်တစု။ |
| ၂။ | ရှိခိုးတထွေ၊ | ၂-ဆသာသောနတ်တစု။ |
| ၃။ | နေရာကိုပေး၊ | ၃-ဆသာသောနတ်တစု။ |
| ၄။ | လှူရေးတခြား၊ | ၄-ဆသာသောနတ်တစု။ |
| ၅။ | တရားကိုနာ၊ | ၅-ဆသာသောနတ်တစု။ |
| ၆။ | နားပိုက်ကာနှင့်၊ | ၆-ဆသာသောနတ်တစု။ |
| ၇။ | နှုတ်မှာဆောင်ထား | ၇-ဆသာသောနတ်တစု။ |
| ၈။ | စဉ်းစား၊ | ၈-ဆသာသောနတ်တစု။ |
| ၉။ | ကျင့်ကြံ၊ | ၉-ဆသာသောနတ်တစု။ |

ဤကိုးတန် လိုက်ရန်အတုတည်း။ အကျိုးပေးပုံအဆင့်ဆင့် ၉-နံပါတ် နတ်သားတစုသို့ကား ဝိပဿနာ အထိ ကျင့်ကြံသောကြောင့် ၁–၂-၃–၄–၅–၆-၇-၈၊ နတ်အစု စုတို့ထက် သာလွန်ပေသည်။

**အဓိပ္ပါယ်ယူပုံမှာ**—ပထမတစုက ရဟန်းတို့လာသော အခါ ထကြွ၍ ရှိသေ့ရုံတခုဘဲ ပြုသည်။ ဒုတိယ နတ်သား တို့ကား ထကြွပေးခြင်းရှိခိုးခြင်း ၂-စုပြု၍ ၂-ဆင့်ရသည်။ ၃-မှာ ၃-မျိုးပြု၍ ၄-မှာ ၄-မျိုးပြု၍ ၅-မှာ ၅-မျိုးပြု၍ ၆-မှာ ၆-မျိုးပြု၍ ၇-မှာ ၇-မျိုးပြု၍ ၈-မှာ ၈-မျိုးပြု၍ ၈-ဆသာ လွန်ရပါသည်။ ၉-မှာ ၉-မျိုးစလုံး ပြု၍ ၉-ဆ သာလွန်ရပါသည်။ သတိပြုကြပါကုန်။

၁၉၆။

မြတ်စွာဘုရားတိုင် း၅ ၅၀-ဇာတ်ကိုဟောတော့ ဇာတ် ကွက်အစအဆုံးကား ဓမ္မတည်း ပညတ်တည်း။ အဆုံး၌ သစ္စာပြု၍ ဟောခြင်းကား သဒ္ဓမ္မတည်း ပရမတ်တည်း။ နမူနာကြည့်ပါဦးတော့။

သစ္စာ ရှမံ ဓမ္မဒေသနံ အာဟရိတွာ သစ္စာနိ ပကာသေတွာ ဇာတကံ သမောဓာနေသိ၊ သစ္စ ပရိယောသာနေ ကောဓနော ဘိက္ခု အနာဂါမိ ဖလေ ပတိဋ္ဌဟိ။

စတုက္ကနိပါတ် ဒဓိရဇာတ် အဋ္ဌကထာ၊ ၁၆-နံ၊ ၂၇-ငံ၊ အစိုးရမူ။

| | |
|---|---|
| ဇာတ်ကိုဟောခြင်းသည် | အဆုံး၌ သစ္စာပြုခြင်းသည် |
| ဓမ္မသာတည်း၊ | သဒ္ဓမ္မသာတည်း။ |
| ပညတ်မျှသာတည်း၊ | ပရမတ်သာတည်း။ |

ဝိပဿနာ တက္ကသိုလ်ကျမ်း၌ အကိုးအကား ၃၈-နှင့် ပြခဲ့ပြီ။ စင်စစ်မှာမူ ၅ ၅၀-ဇာတ်တိုင်း ဟောတာမို့ ၅ ၅၀ အကြိမ် ဤပုံ အတိုင်း ဟောပုံသိပါ။

ဗမာပြည်၌ ဆရာတော်များ ဟောပုံ မျက်မြင် တွေ့ကြရလေပြီ။

(က) ဒါန တရားဟော၍ ပြီးတော့ အဘိဓမ္မာသတ်တရားချကြပါသည်။

(ခ) သီလ တရားဟော၍ ပြီးတော့ အဘိဓမ္မာသတ်တရားချကြပါသည်။

(ဂ) သမထ တရားဟော၍ ပြီးတော့ အဘိဓမ္မာသတ်တရားချကြပါသည်။

နာမ ရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ
ကိဉ္စိ ဥတ္တရိကရဏီယန္တိ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ရုပ်နာမ်ကို တွေ့လျှင် ရုပ်နာမ်ကို နိဗ္ဗာန်အထိ ရှု၍ သွားဖို့တပါး အခြားသော ပြုဘွယ်ကိစ္စမရှိတော့ပြီတဲ့၊ ရုပ်နာမ်ဟာ အမြင့်ဆုံးတရား အဆုံးတရားမို့ ထိပ်တန်းကဆွဲ၍ရှုပွါးကြပါကုန်။ ပြီး၏။

## ၁၉၇။ ဒါန, သီလ, သမထ, ဝိပဿနာ ၄-ဆင့်တွင် ထိပ်ကပင် မိုး၍ နေသည်

၁၉၈။

ကာမဘုံသို့ ရူပဘုံသို့ အရူပဘုံသို့ လောကုတ္တရာ မဂ်ဖိုလ်သို့
၁-ကာမဘုံမှ၊ ၂-ကာမဘုံမှ၊ ၃-ကာမဘုံမှ၊ ၄-ကာမဘုံမှ။

၁-မှာကာမဘုံမှ ကာမဘုံသို့ ဒါသီနှင့်တက်ပါသည်။ ၂-မှာကာမဘုံမှ ရူပဘုံသို့ ရူပသမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ်စျာန်နှင့် တက်ပါသည်။ ၃-မှာကာမဘုံမှ အရူပဘုံသို့ အရူပစျာန် သမထ ဝိဇ္ဇာအဘိညာဉ် သမာပတ်နှင့်

တက်ပါသည်။ ၄-မှာ ကာမဘုံမှ လောကုတ္တရာ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပရမတ် ဝိပဿနာဖြင့် တက်ကြပါသည်။ ဤလို အသီး အသီး တက်ကြရာ၌ ဝိပဿနာတက်နည်း သာလျှင် ထိတ်ကမိုး၍ အကျိုးပေးပါသည်။

၁၉၉။

ပရိယတ္တိသာသနာ-စာပေသင်ကြားမှုချခြင်း။
ပဋိပတ္တိသာသနာ-ဝိပဿနာ အားထုတ်၍နေခြင်း။
ပဋိဝေဓသာသနာ- ရုပ်နာမ်နှင့် မဂ်ဖိုလ် နိဗ္ဗာန်ရရှိခြင်း။
ဝိပဿနာကား-အလယ်နှင့် အထက်ကမိုးထားပြန်ပါသည်။

၂၀၀။

| တိ-န-ဒ-မ | ပရိကံ | ဥပစာ | အနုလုံ | ဂေါတြဘူ | မဂ်ဖိုလ်ဖိုလ် |
|---|---|---|---|---|---|
| ကုသိုလ် | ၁ | ၂ | ၃ | ၄ | မဂ်ဖိုလ်နိဗ္ဗာန် |
| ၃၅-ပါး | ဝိပဿနာကုသိုလ်လေးပါး၊ | | | ၃-ပါး | |

ဤ၌လည်း ဝိပဿနာကသာလျှင် ၃၅-ပါးအထက်ကမိုး၍ နေပါသည်။

၂၀၁။

ဒါန၊ သီလ၊ နေက္ခမ၊ ဝီရိ၊ သစ္စာ၊ ခန္တီ၊ အဓိ၊ မေ၊ ဥပေ၊ ပညာပါရမီ၊ ၁၀-ပါး၌။ ဝိပဿနာ ပညာ ပါရမီကား အမြင့်ဆုံးကတည်း။ တက်ကြပါလော့။

၂၀၂။

| | | |
|---|---|---|
| ပညတ်အာရုံ | ရုပ်နာမ်အာရုံ | နိဗ္ဗာန်အာရုံ |
| ကိလေသာစိတ် | ဝိပဿနာစိတ် | မဂ်စိတ်ဖိုလ်စိတ် |

ကိလေသာစိတ်ကပညတ်ကိုအာရုံပြုပါသည်ဝိပဿနာ စိတ်က ရုပ်နာမ် ပရမတ်ကို အာရုံပြုပါသည်။ မဂ်စိတ်

ဖိုလ်စိတ်က နိဗ္ဗာန် ပရမတ်ကို အာရုံပြုရာ ဝိပဿနာကား အလယ်နှင့် အထက်၌ ရောက်၍ နေပါသည်။

၂၀၃။

၁၉/၂၀ ပုံစံ၌ ဒါန၊ သီလ၊ သမထ၊ ပုညကြိယာဝတ္ထုစရိုက်၊ ရသေ့ပြု၊ ရှင်ပြု၊ ရဟန်းပြု၊ ရတင်၊ စာသင်၊ စာချ၊ ဝိဇ္ဇာရေ၊ အဘိညာဉ်ရ၊ သမာပတ်ရ၊ ဈာန်ရ၊ ဈာဒိတ်ရ၊ ပါရမီ၊စရိယာ၊ စွန့်ခြင်းကြီးဟူသော ၁၉-ဆင့်၌ သာလျှင် လူနတ်ပြဗ္ဗာတွေ သောင်တင်၍ နေကြသည်။ ရှေ့သို့ တဆင့်တိုး၍၊ မတက်နိုင်ကြကုန်။ ပုံစံအတိုင်း ၂၀-ကား ဝိပဿနာနယ်က ပရမတ်နယ်က အရိယာ့နယ်က နာမရူပ ပရိစ္ဆေဒဉာဏ်ပင်တည်း။ (၂၁) ပစ္စယပရိဂ္ဂဟ၊ (၂၂) သမ္မသန၊ (၂၃)ဥဒယဗ္ဗယ၊ (၂၄)ဘင်၊ (၂၅)ဘယ၊ (၂၆) အာဒီနဝ၊ (၂၇)နိဗ္ဗိန္ဒ၊ (၂၈) မုဉ္စိတုကမျတာ၊ (၂၉)ပဋိသင်္ခါ၊ (၃၀)သင်္ခါရုပေက္ခာ၊ (၃၁) အနုလောမ၊ (၃၂) ဂေါတြဘူ၊ (၃၃)မဂ်၊ (၃၄) ဖိုလ်၊ (၃၅) ပစ္စဝေက္ခဏာ ဉာဏ်အထိမရောက်ကြသေးပါ။ ဝိပဿနာမှုကား (၁၉) အထက်၌ အကျိုးနှင့် တန်ခိုးနှင့် မိုး၍ နေပါသည်။

၂၀၄။

၃၆/၃၅ ပုံစံ၌ သတိဖြင့်ကြည့်ပါ၊ ၃၅-ဆင့်ကို မြင်ရပေလိမ့်မည်၊ (၃၅)ဆင့်ကား သူတောင်းစားဘဝ တဆင့်၊

ဆင်းရဲသား ဘဝဘဆင့်၊ထို့အဘူ ကုန်သည်၊ သူကြွယ်၊ သူဌေး၊ ပဒေသရာဇ် ၊ဧကရာဇ်၊ စကြဝတေး၊ မန္ဓာတ်၊ စာတု မဟာရာဇ်၊ နတ်မင်း၊ သိကြားမင်း၊ သုယာမာမင်း၊ သန္တုသိတမင်း၊ သုနိမ္မာမင်း၊ ဂသဝတ္တိမင်း၊ ဖြဟ္မာ ၂၀ က ဖြဟ္မာ မင်းကြီးများဟူ၍ (၃၅)ဆင့် တွေ့ရ ပါသည်၊ ၎င်းတို့သည် ပညတ်တရား ပညတ်အာရုံမှ အပါယ်တံခါး မပိတ်ရသေးပါ။ ဆင်းရဲသံသရာကြီး မဖြတ်ရကြသေးပါ။ ဘုံစဉ်စံဘဝ မရကြသေးပါ၊ ဝိပဿနာ (၁၆) ဆင့်ထည့်သော် ၃၆-က ( ၅၁) အထိ တက်ဘို့ရန် အဆင့်ရှိပါသည် ၃၆-ဆင့်ကစ၍ ၅၁-ဆင့်အထိ ဝိပဿနာ ယောဂီတို့ကား အပါယ် တံခါး ပိတ်ပြီး၊ ဆင်းရဲ သံသရာဖြတ်ပြီး၊ ဘုံစဉ်စံ ဘဝရပြီးမှ (၆၇)ဆင့် စည်းစိမ်တင့်၍ ထိပ်ကပင် မိုးလျက်နေပါသည်။

၂၀၅။

$\frac{၁၂၁}{၁၂၀}$ ပုံစံကို ကြည့်ပါ (၁၂၀) သော အဆင့်ဆိုတာဟာ ဒါနက (၁၄)ဆင့်၊ သီလက (၄၀) ဆင့်၊ သမထက (၄၀) ဆင့်၊ ဝိဇ္ဇာက (၃)ဆင့်၊ အဘိညာဉ်က ၆-ဆင့်၊ သမာပတ်က (၈) ဆင့်၊ ဈာန်တရားက (၉)ဆင့် အားဖြင့် ၁၂၀-သောအဆင့်အတန်းကို တွေ့ခဲ့ရပါသည်။ လူနတ် ဖြဟ္မာတွေဟာ ၎င်းအဆင့်ပေါင်း(၁၂၀) ၌သာ သောင်တင် ကမ်းတင်၍ နေကြရပါသည်။ ပညတ်မှ ဒိဋ္ဌိ မကွာသေးလို့ အပါယ်တံခါးလဲမပိတ်ရသေးပါ။ဆင်းရဲသံ

သာရာလဲ မဖြတ်ရသေးပါ၊ ဘုံစဉ်စံဘဝလဲ မရကြသေးပါ နစ်နာ ဆုံးရှုံးလှပေ၏။ ဝိပဿနာမှုကား (၁၂၁) မှစ၍ (၁၃၆) အထိ ထိပ်ကမိုး၍ နေပါတော့သည်၊ ဝိပဿနာ (၁၆)ဆင့်ကားပရမတ်မို့၊အရိယာတို့ အာရုံမို့၊ဝိပဿနာမို့ ထိပ်ကမိုး၍သာ နေပါတော့သည်၊ အပါယ်တံခါးလဲ ပိတ်သွားပါပြီ၊ ဘုံစဉ်လဲ စံသွားစပြုပါပြီ၊ ဆင်းရဲ သံသရာကြီးလဲ ပြတ်စ ပြုသွားပါပြီ၊ ၆၇-ဆင့်ဖြင့် ကြီးမြင့်တိုးပွါး၍ နိဗ္ဗာန်အထိ ဆန်တက်ကာ သွား၍ နေပါတော့သည်။

ဝိပဿနာ အကျိုး ထိပ်ကမိုး ပြီး၏။

# ရန်ကုန်မြို့ ဓမ္မဒါနအဖွဲ့သို့ ရန်ပုံငွေ လှူထားသူများ

အလှူရှင်များ၏ စာရင်းသည် များပြားလာသည် ဖြစ်ပါ၍ အစမှ ပြန်လည်ထည့်ပေးရန် ခဲယဉ်းလာပါသဖြင့် ''ဝိပဿနာ တန်ခိုးပြကျမ်း'' တွင် ပါရှိပြီးသော အလှူရှင်များ စာရင်း၏ နောက်ဆုံးအမှတ်စဉ် ၇၇၁- နောက်မှအလှူ ပါဝင်ကြသော အလှူရှင်များ၏စာရင်းကိုသာ ထည့်သွင်းနိုင်ပါသည်၊ မိမိတို့၏ အမှတ်စဉ်ကိုသာ မှတ်သားထား စေလိုပါသည်။

| | | | | |
|---|---|---|---|---|
| ၇၇၂။ | ရွှေဖြူခိုင် | မင်းဂွရွာ သူကြီးမ | စစ်တွေ | ၁၀ |
| ၇၇၃။ | ဒေါ်သာပုံ | ။ | ။ | ၁၀ |
| ၇၇၄။ | ဒေါ်အိမ်စိမ်ဖြူ | ရှပရွာ | ။ | ၁၀ |
| ၇၇၅။ | မကြီး-မအေးညွန့် | | ဟင်္သာတ | ၁၀ |
| ၇၇၆။ | ကိုညို- | ဘန်းကုန်းရွာ | သရက် | ၁၀ |
| ၇၇၇။ | ဒေါ်အေးခင်၏ မိခင် | | စစ်တွေ | ၁၀ |
| ၇၇၈။ | ဒေါ်မြရင် | | ဝါးဘလောက်သောက် | ၁၀ |
| ၇၇၉။ | မဝန်း-ဆရာမ | | စမ်းချောင်း | ၁၀ |
| ၇၈၀။ | ဦးလုံ-ဒေါ်နန်းတစ် | | ကျိုင်းတုံ | ၁၀ |
| ၇၈၁။ | ဦးဆံ-ဒေါ်ကောင်ခမ်း | | ။ | ၁၀ |
| ၇၈၂။ | ဦးဝင်နန်းစံဖဲ | | ။ | ၂၀ |
| ၇၈၃။ | ဦးဆံ-ဒေါ်နန်းဖူ | | ။ | ၁၀ |
| ၇၈၄။ | ဒေါ်နန်းယုံ | | ။ | ၁၀ |
| ၇၈၅။ | ဗိုလ်ကြီးဘသော်-ဇနီး-မခင်လှိုင် | | တောင်ငူ | ၁၀ |
| ၇၈၆။ | ဦးရွှင်-ဒေါ်နန်းသာ | | ကလော | ၁၀ |
| ၇၈၇။ | ဦးဆံဆပ်-အတွင်းဝန် | | တောင်ကြီး | ၁၅ |
| ၇၈၈။ | ဦးတင်-ဒေါ်လှတင် လမ်းဝန်ထောက် | | ။ | ၁၀ |
| ၇၈၉။ | ဒေါ်တင်ဖြူ မင်းကတော် | | ။ | ၁၀ |
| ၇၉၀။ | ဦးဆံဇင်း | | ။ | ၁၀ |
| ၇၉၁။ | ဆရာမ-မလှကြည် | | ။ | ၁၀ |
| ၇၉၂။ | ဦးညွန့်-မစောစိန် လမ်းမင်းကြီး | | ။ | ၁၀ |
| ၇၉၃။ | ဆရာကြီး ဦးစံရွှေ | ရွှေဂူဒိပ်သာ | လပွတ္တာ | ၁၀ |
| ၇၉၄။ | ဒေါ်ရီ ယောဂီ | ရုံးပွဲလမ်း | ကြို့ပင်ကောက် | ၁၀ |

# ပုံနှိပ်ပြီး ကျမ်းစာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ဝိပဿနာ ကမ္မဋ္ဌာန်းအကျဉ်းချုပ် | ၃-ကြိမ် | ၆၆၀၀ |
| ၂။ | သဘာဝဓမ္မ မှန်ပြ | ၄ ။ | ၁၇၀၀၀ |
| ၃။ | စက္ကဝတ္တိ ဒါယာဒ | ၃ ။ | ၆၀၀၀ |
| ၄။ | ငါအရိယာ ဖြစ်ပြီလား | ၅ ။ | ၉၀၀၀ |
| ၅။ | ဝိပဿနာ စာတွေ့-ငါတွေ့ ညှိပြ | ၂ ။ | ၈၆၀၀ |
| ၆။ | နိဗ္ဗာန်ခရီး လမ်းမကြီး | ၁ ။ | ၄၀၀၀ |
| ၇။ | သောတာပန် ဖြစ်ခန်း | ၂ ။ | ၃၀၀၀ |
| ၈။ | ငါ မဂ်ရပြီလား | ၁ ။ | ၄၀၀၀ |
| ၉။ | ကိုယ်တွေ့ နိဗ္ဗာန်ရှာပုံ | ၂ ။ | ၅၀၀၀ |
| ၁၀။ | တဏှာသတ်ခါးခေတ်ကမ္မဋ္ဌာန်း | ၁ ။ | ၂၀၀၀ |
| ၁၁။ | ဝိပဿနာ အနုမြူဗုံး | ၂ ။ | ၆၀၀၀ |
| ၁၂။ | ဝိပဿနာ ၃၃-ဆင့် (ပဌမတွဲ) | ၁ ။ | ၂၀၀၀ |
| ၁၃။ | ဝိပဿနာ ၃၃-ဆင့် (ဒုတိယတွဲ) | ၁ ။ | ၃၀၀၀ |
| ၁၄။ | ဒိဋ္ဌိသတ်-တဏှာသတ် | ၁ ။ | ၃၀၀၀ |
| ၁၅။ | ကုဋ္ဌေတသိန်း တွေ့ရပုံ | ၁ ။ | ၄၀၀၀ |
| ၁၆။ | မဂ်၏ ရှေ့တော်ပြေး | ၁ ။ | ၃၀၀၀ |
| ၁၇။ | ပရမတ်နိုင်ငံ ထူထောင်ရန် | ၁ ။ | ၅၀၀၀ |
| ၁၈။ | ဒိဋ္ဌိတိုင်းပြည် လူစီစီ | ၁ ။ | ၃၀၀၀ |
| ၁၉။ | ဒိဋ္ဌိကပ် ခွါ ဒေသနာ | ၁ ။ | ၃၀၀၀ |
| ၂၀။ | အရိယာ အတွေ့ | ၁ ။ | ၅၀၀၀ |
| ၂၁။ | ဈာန်သမာပတ်-ရှင်ဇွဲသန ရကြပြီ | ၁ ။ | ၇၀၀၀ |
| ၂၂။ | ဗုဒ္ဓ ဗျာဒိတ်တော်ကျမ်း | ၁ ။ | ၃၀၀၀ |
| | | | ၁၁၁၂၀၀ |

သာသနာတော်သက္ကရာဇ်-၂၅၀၀

ဉာဏစာရီ မဟာထေရ်၏တပည့်များ

**ဓမ္မဒါနအဖွဲ့**

ဟံသာဝတီကွက်သစ်-ရန်ကုန်မြို့။

ဩဃဝတီ-မဟာထေရ်၏တပည့်များ-စာအုပ်ပုံနှိပ်
စီရံတိဋ္ဌတု
သဒ္ဓမ္မော
၁၃၀၄-ခုနှစ်
ရန်ကုန်မြို့

ဉာဏစာရီမဟာထေရ်

# ဓမ္မဒါနအဖွဲ့

ဟံသာဝတီကွက်သစ်၊ ရန်ကုန်မြို့။